# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၃၀၉)


# မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းပေါင်းစည်းမှုတည်ဆောက်ရေးလုပ်ငန်းတွေမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးထင်ကျော်မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် နှစ် (၅၀) ပြည့် ရွှေရတုနှစ်ပတ်လည်အာဆီယံနေ့အတွက် ပေးပို့သည့်သဝဏ်လွှာ**



လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-

ဒီကနေ့ဟာ အာဆီယံအဖွဲ့ကြီးစတင်တည်ထောင်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ပြည့် မြောက်တဲ့ ရွှေရတုနှစ်ပတ်လည်နေ့ ဖြစ်ပြီးတော့ အာဆီယံအတွက် သမိုင်းမှတ်တိုင် တစ်ခုပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ငါးစုအတွင်းမှာ အာဆီယံနိုင်ငံများအနေနဲ့ ကျေနပ်ဂုဏ်ယူဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှုတွေရှိခဲ့ပါတယ်။ ယနေ့ အာဆီယံ ဆယ်နိုင်ငံရဲ့ စီးပွားရေးပေါင်းစည်းမှုဟာ ကမ္ဘာ့အဆင့် (၇)နေရာမှာ ရောက်ရှိနေပြီး ဒီအောင်မြင်မှုဟာ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခဲ့တဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ မှတ်ကျောက်ပဲဖြစ်ပါတယ်။

ဒီနှစ်ဟာ မြန်မာနိုင်ငံအတွက်လည်း ထူးခြားတဲ့ နှစ်ပတ်လည်နေ့ အခါသမယ ဖြစ်နေပါတယ်။ မြန်မာနိုင်ငံအတွက် လွန်ခဲ့တဲ့ နှစ်(၂၀)က အာဆီယံမိသားစုထဲကို ဝင်ရောက်ခဲ့တဲ့ သမိုင်းဝင်နေ့လည်းဖြစ်ပါတယ်။

ဒီနှစ်ပတ်လည်နေ့အခါသမယနှစ်ခုကို ဂုဏ်ပြုကြိုဆိုရင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံးကိုလည်း ကျန်းမာချမ်းသာ ကြပါစေကြောင်း

*စာမျက်နှာ ၄ ကော်လံ ၁* ❋

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း

## ရွာတစ်ရွာမှာ ရင်ဆိုင်နေရတဲ့ပြဿနာတွေကို သုံးသပ်ခြင်းအားဖြင့်၊ ဒီပြဿနာတွေရဲ့အဖြေကို ရှာခြင်းအားဖြင့် တစ်နိုင်ငံလုံးကနေပြီးတော့ ရင်ဆိုင်နေရတဲ့ပြဿနာတွေကိုလည်း ဘယ်လိုဖြေရှင်းမလဲဆိုတာကို အဖြေရနိုင်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပစဉ်** (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မြေတိုင်ကန်ကျေးရွာ သီဟာရာမဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာ၌

"ကျွန်မဒီရွာကို လာရတဲ့အကြောင်းရင်းကတော့ ကိစ္စနှစ်ခုကို ဆွေးနွေးချင်လို့ပါ။ တစ်ခုက ငြိမ်းချမ်းရေးဖြစ်ပါတယ်၊ နောက် တစ်ခုက လျှပ်စစ်မီးရရှိရေးပါ။ ဘာဖြစ်လို့ ဒီရွာကိုရွေးရလဲဆိုတော့ မကြာခင်ကာလတုန်းက လျှပ်စစ်မီးကို ဒီရွာမှာသွယ်လိုက်ပါ တယ်။ ဒီလိုလျှပ်စစ်မီးသွယ်လိုက်ခြင်းအားဖြင့် ဒီရွာသူရွာသားတွေရဲ့ဘဝတွေ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာလည်း ကျွန်မ တို့သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တစ်နိုင်ငံလုံးမှာ

*စာမျက်နှာ ၄ ကော်လံ ၁* ❁




မြန်မာ့အလင်း

# အာဆီယံ ရွှေရတုနှင့် တိုးတက်အောင်မြင်မှုများ

အာဆီယံကို အရှေ့တောင်အာရှဒေသရှိ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံစသည့် ငါးနိုင်ငံဖြင့် ထူထောင်ခဲ့ရာ ယခု ၁၀ နိုင်ငံအထိ ရှိလာခဲ့ပြီဖြစ်သည်။ အာဆီယံကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့က စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ယခုနှစ် ၅၀ ပြည့် ရွှေရတုကာလသို့ ရောက်ရှိလာခဲ့ပါသည်။

ထိုသို့ ၁၉၆၇ ခုနှစ်တွင် စတင်လာခဲ့သော အာဆီယံသို့ ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံပါဝင်လာခဲ့ပြီး ဗီယက်နမ်သည် ၁၉၉၅ ခုနှစ်တွင် ပါဝင်လာသည်။ မြန်မာနှင့် လာအိုသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြပြီး နောက်ဆုံး ၁၀ နိုင်ငံမြောက်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

အာဆီယံကို စတင်ထူထောင်စဉ်က ရည်ရွယ်ချက်မှာ ဒေသတွင်း ငြိမ်းချမ်းရေး၊ ချမ်းသာကြွယ်ဝရေးနှင့် သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးတို့ပင် ဖြစ်သည်။ နှစ် ၅၀ ကြာကာလအတွင်း အာဆီယံသည် ဖြည်းဖြည်းမှန်မှန် ဖွံ့ဖြိုးတိုးတက်လာပြီး ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်ခဲ့သည့်အတွက် အောင်မြင်သော ဒေသတွင်းနိုင်ငံအစုအဖွဲ့အဖြစ် ကမ္ဘာကအသိအမှတ်ပြုလာရပြီး အရှေ့တောင်အာရှ၏ တက်ကြွလှုပ်ရှားမှုရှိသော အစုအဖွဲ့တစ်ခုဖြစ်လာခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ကွာလာလမ်ပူ၌ ကျင်းပသော (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာမူကြမ်းကို ချမှတ်ခဲ့ပြီး ၎င်းတွင် ၂၀၂၅ ခုနှစ်အထိ မျှော်မှန်းချက်များ ပါဝင်ပါသည်။ ၎င်းမှာ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အာဆီယံနိုင်ငံများအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းလမ်းညွှန်ပင်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်ခြင်းမှာ အာဆီယံ၏ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်အတွက် စမ်းသပ်မှုတစ်ခုပင်ဖြစ်သည်။ ဒေသတွင်း ပြီးပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းမှုများကို အလျင်အမြန်ဆုံးပြုလုပ်သင့်ပြီး ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းသွားအောင် ဆက်လက်လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ဖြစ်စဉ်များအရ ၁၉၉၂ ခုနှစ်တွင် အာဆီယံခြောက်နိုင်ငံအကြား လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်မတိုင်မီ ၁၉၈၅ ခုနှစ်ကတည်းကလည်း ဂျပန်၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အာဆီယံက ရရှိခဲ့ပြီးဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် အာဆီယံ+၃ (ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်) ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အရှေ့အာရှထိပ်သီးအစည်းအဝေးကို အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်တို့ ပါဝင်၍ ကျင်းပနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ရုရှားပါ ပါဝင်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် AEC ခေါ် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ထူထောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးမှုကိုကြည့်လျှင် မူရင်းတည်ထောင်သူ ငါးနိုင်ငံက အမြင့်ဆုံးဖြစ်သည်ကို တွေ့ရသည်။ ၎င်းငါးနိုင်ငံ၏ GDP အပေါ်မူတည်၍တွက်သော တစ်ဦးချင်းဝင်ငွေသည် ၁၉၆၇ ခုနှစ်က ၁၂၂ ဒေါ်လာသာရှိရာမှ ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၄၇၆၀ အထိ ရှိလာခဲ့သည်။ အဆအားဖြင့် ၃၉ ဆ မြင့်တက်လာသည်။ ၎င်းငါးနိုင်ငံ၏ အမျိုးသားထုတ်ကုန် စုစုပေါင်း တန်ဖိုးမှာ ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံအထိရှိလာပြီး ကမ္ဘာ့စီးပွားရေး၏ ၃ ရာခိုင်နှုန်းရှိလာသည်။ လူဦးရေအရ ပြောလျှင် အာဆီယံသည် ၁၉၈၀ ပြည့်နှစ်က သန်း ၂၈၀ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၆၄၇ ဒသမ ၅ သန်းအထိရှိလာမည်ဖြစ်သည်။ အင်တာနက်အသုံးပြုမှုသည် ၁၉၉၀ ပြည့်နှစ်က လုံးဝမရှိခဲ့ရာမှ ယခု ၃၄ ဒသမ ၂ ရာခိုင်နှုန်း ရှိလာသည်။ လျှပ်စစ်မီးသုံးစွဲမှုတွင် ၁၉၉၀ ပြည့်နှစ်က ၆၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၉၁ ဒသမ ၆ ရာခိုင်နှုန်းရှိလာသည်။ မိုဘိုင်းဖုန်း သုံးစွဲမှုတွင် ၁၉၉၀ ပြည့်နှစ်က ၁ ဒသမ ၁ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၁၂၆ ဒသမ ၆ ရာခိုင်နှုန်းအထိ ရောက်ရှိလာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင်လည်း ၂၀၀၁ ခုနှစ်က ဒေါ်လာ ၂၂ ဒသမ ၁ ဘီလီယံသာရှိရာမှ ၂၀၁၅ ခုနှစ်တွင် ဒေါ်လာ ၁၃၀ ဘီလီယံအထိ ရရှိလာခဲ့သည်ကို တွေ့ရပေသည်။ အလားတူ ကာကွယ်ရေးအသုံးစရိတ်တွင်လည်း ၁၉၇၀ ပြည့်နှစ်က ၄ ဒသမ ၄ ဘီလီယံသာရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၃၇ ဒသမ ၈ ဘီလီယံအထိ သုံးစွဲလာရသည်ကို တွေ့ရပါသည်။

အာဆီယံသည် နှစ်ပေါင်း ၅၀ အတွင်း ဖြည်းဖြည်းမှန်မှန် တိုးတက်လျက်ရှိနေပါသည်။ အာဆီယံအတွက် လောလောဆယ် အရေးကြီး စိန်ခေါ်မှုမှာ ဒေသတွင်းပျံ့နှံ့လာလျက်ရှိသော အစွန်းရောက်အစွလာမ္မစ်ဝါဒပင်ဖြစ်သည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ရှန်ဂရီလာထိပ်သီးအစည်းအဝေးတွင် ထိုကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ပြောဆိုမှုများ ရှိခဲ့ပါသည်။ ဖွံ့ဖြိုးမှုအရပြောလျှင် အာဆီယံတွင် အင်အားကြီးငါးနိုင်ငံ၏ စွမ်းဆောင်မှုက အဓိကဖြစ်ပြီး မြန်မာအပါအဝင် ကျန်နိုင်ငံများမှာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားရန် များစွာလိုအပ်နေပါကြောင်း တင်ပြရပါသည်။ ။

## ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ကျင်းပ



**ရန်ကုန် ဩဂုတ် ၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) ဖြစ်သည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် ဝါခေါင်လပြည့် နေ့ (မေတ္တာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှ စတင်၍ ညှော်ခံတန်ဆောင်း၌ ဆွမ်းတော်ကြီးတင်လှူပူဇော်ကြပြီး နံနက် ၆ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မေတ္တာအခါတော်နေ့ မေတ္တာပို့အောင်ပွဲကို ကျင်းပသည်။

ထို့နောက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပြုလုပ်ပူဇော်ထားသည့် ပန်းစေတီများဖြင့် ရွှေတိဂုံ စေတီတော်မြတ်ကြီးကို လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကာ **(အပေါ်ပုံ)** အရှေ့ဘက်အာရုံခံရှိ ကကုသန္ဓဘုရား၊ တောင်ဘက်အာရုံခံရှိ ကောဏာဂမနဘုရား၊ အနောက်ဘက်အာရုံခံရှိ ကဿပဘုရား၊ မြောက်ဘက်အာရုံခံရှိ ဂေါတမဘုရားနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားတို့တွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းသားအသင်းသူများက ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် ဝါတွင်းသီလခံယူပွဲကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဆက်လက်ကျင်းပပြီး နံနက် ၁၀ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီများ၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)တွင် ရဟန်းရှင်လူပြည်သူများသည် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာတရားများ ပွားများကြခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြခြင်း၊ စတုဒိသာ ကျွေးမွေးကြခြင်းစသည့် ကောင်းမှုကုသိုလ် ပြုကြသူများဖြင့် စည်ကား များပြားလျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီသန့်၊ ဓာတ်ပုံ-ရဲထွဋ်**

## မောင်တောမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မောင်တော ဩဂုတ် ၇**

မောင်တောမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သာသနာ့ဗိမာန်တော်ကြီးရှေ့မှ စတင်ထွက်ခွာပြီး မောင်တောမြို့မဈေးကြီးကို တစ်ပတ်ပတ်ကာ သာသနာ့ဗိမာန်တော်ကြီးတွင် ပြန်လည်အဆုံးသတ်ခဲ့သည်။

"ဝါတွင်းကာလ လပြည့်လကွယ်နေ့တိုင်း မြို့နယ်သံဃနာယက ဆရာတော်ငါးပါး အပါအဝင် မြို့ပေါ်ကျောင်း ကိုးကျောင်းနဲ့ နယ်ကျောင်းနှစ်ကျောင်း စုစုပေါင်း ၁၁ ကျောင်းမှ ဆရာတော်သံဃာတော် ၇၇ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အစဉ်အလာအတိုင်း ကျင်းပတာဖြစ်ပါတယ်" ဟု မောင်တောမြို့နယ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်သိန်းက ပြောကြားသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မောင်တောမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်နှင့် အခြားလှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း**



**မောင်တောမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူနေမှုကို တွေ့ရစဉ်**
ဓာတ်ပုံ-အောင်ကျော်စိန် (ခရိုင် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၇-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၅ ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၁ ·၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၄၀ |
| တရုတ် | တစ်ယွမ် | ၂၀၂ ·၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၁၁ |

မြန်မာ့အလင်း
၁၂၇၂ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ၂၀၁၇-၂၀၁၈ တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၄၈၄ ရွာကို ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၇

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ ဖွံ့ဖြိုးရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြေတိုင်ကန်ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာအား ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးစိုးမင်းထွန်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ လျှပ်စစ်မီးအသုံးပြုမှုနှင့် လျှပ်စစ်ဓာတ်အားဖြင့် ဆောင်ရွက်နေသည့် အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

မြေတိုင်ကန်ကျေးရွာ၌ အိမ်ထောင်စုပေါင်း ၂၈၁ စု၊ လူဦးရေ ၁၂၄၂ ဦး နေထိုင်ကြပြီး အများစုမှာ ရက်ကန်းလုပ်ငန်းနှင့် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ဝါနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည်။ ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် မြေတိုင်ကန်ကျေးရွာအတွက် လျှပ်စစ်ဓာတ်အားကို စတင်သွယ်တန်းပေးခဲ့သည်။ လျှပ်စစ်ဓာတ်အား မရရှိမီကာလတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဖြစ်သည့် ရက်ကန်းစက်လုပ်ငန်းတစ်ခုအတွက် တစ်လလျှင် ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်သည့် ကုန်ကျစရိတ်မှာ ငွေကျပ် တစ်သိန်းခွဲခန့်ရှိခဲ့ပြီး လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သည့်အတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ငါးသောင်းအောက်သာ ရှိသည့်အတွက် ဝင်ငွေတိုးတက်ရရှိလာကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် မြေတိုင်ကန်ကျေးရွာ ရပ်မိရပ်ဖများ၏ ကျေးလက်စကားဝိုင်းသို့ ရောက်ရှိသည်။

ယင်းနောက် အသက် ၇၀ ကျော် အဘိုးအဘွားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးကိစ္စရပ်များကို မေးမြန်း ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ကျေးရွာအတွင်း လျှပ်စစ်မီးဖြင့် ဆောင်ရွက်နေသည့် အသေးစား စက်မှုလုပ်ငန်း ရက်ကန်းရုံများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

မြေတိုင်ကန်ကျေးရွာအနေဖြင့် ယခု ၂၀၁၇ နှစ် မတ်လကုန်မှ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့ကြောင်း၊ စက်ရက်ကန်းရုံ ၁၀ ရုံ၌ရှိသော ရက်ကန်းစင်ပေါင်း ၅၉ စင်၊ ချည်ချစင် သုံးစင်၊ တွင်ခုံ တစ်ခုကို လျှပ်စစ်ဓာတ်အားအသုံးပြု၍ လုပ်ငန်းဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း၊ အဝီစိတွင်းပေါင်း ၇၀ ကိုလည်း လျှပ်စစ်ဓာတ်အားအသုံးပြု၍ သောက်သုံးရေရယူနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် မြေတိုင်ကန်ကျေးရွာရှိ ဆန်စက်လေးလုံးနှင့် ဆီစက် တစ်လုံးသည်လည်း လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်နိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

၎င်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြေတိုင်ကန်ကျေးရွာမှ ရွာသူ ရွာသားများနှင့်အတူ ငြိမ်းချမ်းရေး စကားဝိုင်း (Peace Talk) အစီအစဉ်ကို ကျင်းပသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြေတိုင်ကန် ကျေးရွာရှိ သီဟာရာမဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဦးကောသလ္လနှင့် ဦးသံဝရသာမိတို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

မြန်မာနိုင်ငံ၌ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇ သန်းရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ်ဓာတ်အားရရှိပြီး ၂၀၁၇ ခုနှစ် ဇွန်လတွင် အိမ်ထောင်စုပေါင်း ၄ ဒသမ ၁၉ သန်းထိ လျှပ်စစ်ဓာတ်အား ရရှိခဲ့ကြောင်း၊ တစ်နှစ်ခွဲအတွင်း အိမ်ထောင်စုပေါင်း ငါးသိန်းခန့်၊ လူဦးရေအားဖြင့် ၂ ဒသမ ၅ သန်းခန့် လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း ၆၃၈၅၉ ရွာရှိသည့်အနက် ၂၀၁၇ ခုနှစ် မေလကုန် အထိ ကျေးရွာပေါင်း ၃၁၈၀၄ ရွာကို လျှပ်စစ်မီးပေးနိုင်ခဲ့ကြောင်း။

ကျေးရွာများမီးလင်းရေးကို နိုင်ငံ့ဘဏ္ဍာငွေ၊ နိုင်ငံတကာအကူအညီ၊ ချေးငွေများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်ကို ရေးဆွဲထားပြီး ငါးနှစ်အတွင်းအိမ်ထောင်စုပေါင်း ၁ ဒသမ ၅ သန်းခန့်ကို ဓာတ်အားစနစ်မှ တိုးချဲ့ပေးနိုင်ရန်နှင့် ၀ ဒသမ ၁၂ သန်းကို ဓာတ်အားစနစ် ပြင်ပအခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် လျာထားကြောင်း။

ထို့ပြင် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပထမအဆင့်အဖြစ် ဓာတ်အားလိုင်းရောက်ရှိပြီးသော နေရာမှ နှစ်မိုင်အကွာ၌ရှိသော ကျေးရွာ ၅၀၈၀၊ အိမ်ထောင်စုပေါင်း ၆ ဒသမ ၃ သိန်းခန့်ကို လျှပ်စစ်ဖြန့်ဖြူးပေးမည် ဖြစ်ကြောင်း၊ ဒုတိယအဆင့်အဖြစ် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပြီး အိမ်ထောင်စုပေါင်း ၇ ဒသမ ၅ သိန်းခန့်ကို လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန် လျာထားကြောင်း။

ဂျာမနီနိုင်ငံ၏ချေးငွေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ကြီး၊ လွိုင်လင်နှင့် လင်းခေးခရိုင်များရှိ ကျေးရွာ ၄၁၆ ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၄၈၄ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာမှ အသက် ၇၀ ကျော် အဘိုးအဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြေတိုင်ကန်ကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာအား ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)

# ကယားပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတားလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဩဂုတ် ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ပြီးခဲ့သည့် ဩဂုတ် ၄ ရက်ကပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့-ယင်းမှီအပိုင်း)နှင့် ပင်လောင်း-မိုးဗြဲ -လွိုင်ကော်လမ်းတစ်လျှောက် လမ်းပြင်ဆင်ထိန်းသိမ်းသည့် လုပ်ငန်းများအား လည်းကောင်း၊ လွိုင်ကော်မြို့ခရိုင်ကျန်းမာရေးဦးစီးမှူးရုံး တည်ဆောက်ပြီးစီးမှုအား လည်းကောင်း၊ ဘီလူးချောင်းတံတား(ဒေါ်နိုကူး) တည်ဆောက်မည့် မြေနေရာအား လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဩဂုတ် ၅ ရက်တွင် လွိုင်ကော်-ဒီမော့ဆို- ဖားဆောင်းလမ်းတစ်လျှောက်နှင့် သံလွင်တံတား(ဖားဆောင်း)ကြံ့ခိုင်မှုအခြေအနေနှင့် ဖားဆောင်းဘက်ကမ်းတွင် မြစ်ကမ်းထိန်းနံရံတည်ဆောက်ထားမှု အခြေအနေများအား လည်းကောင်း၊ ထိုင်း -မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ (၁၃)လမ်းအားလည်းကောင်း၊ ဖားဆောင်းမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောက်လုပ်မည့် လုပ်ငန်းများအား လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဩဂုတ် ၆ ရက်တွင် လွိုင်ကော် -ပွန်ချောင်း -ရှားတော-တာတမော့လမ်းအားလည်းကောင်း၊ သံလွင်တံတား(တာတမော့) တည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှုအား လည်းကောင်း၊ ရှားတောမြို့တွင်း လမ်းအခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသတွင်းပေါင်းစည်းမှုအင်အားပိုမိုကောင်းမွန်အောင် ပြည်သူပူးပေါင်းမှုနဲ့ ကြိုးပမ်းဖော်ဆောင်

✻ ရှေ့ဖုံးမှ

နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ အာဆီယံခေါင်းဆောင်ကြီးများဟာ အရှေ့တောင်အာရှဒေသအတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူများအားလုံးအတွက် အရှေ့တောင်အာရှဒေသကို အေးချမ်း တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒေသကြီးဖြစ်လာစေဖို့ မျှော်မှန်းပြီး အာဆီယံအဖွဲ့ကြီး ကို ထည့်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသကို ရှင်သန်ထက်မြက် တဲ့၊ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့၊ ပေါင်းစည်းညီညွတ်တဲ့ စီးပွားရေးအင်အားစု ဖြစ်လာစေဖို့၊ ဘုံအမှတ်သရုပ်လက္ခဏာနဲ့ စည်းလုံးညီညွတ်မှုအပေါ် အခြေခံတဲ့ အသိုက်အဝန်းတစ်ခုအဖြစ် ဖန်တီးနိုင်ဖို့ ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ အဆိုပါရည်မှန်းချက်တွေကို စိန်ခေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများကိုလည်း ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းတစ်လျှောက်မှာ တွေ့ကြုံရင်ဆိုင်ခဲ့ရပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ကြီးအနေနဲ့ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တူညီဆန္ဒအလေးထားမှုစတဲ့ “မှု”တွေပေါ်မှာ အခိုင်အမာရပ်တည်ပြီး မိမိတို့ရဲ့ရည်မှန်းချက်၊ ဦးတည်ချက်ကို အပျောက်မခံဘဲ လျှောက်လှမ်းခဲ့ကြတာဖြစ်ပါတယ်။ မိမိတို့ရဲ့ ထူးခြားတဲ့ “အာဆီယံနည်း အာဆီယံဟန်”နဲ့ တိုးတက်အောင်မြင်မှုတွေကို ဖော်ဆောင်နိုင်ခဲ့ကြပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့တိုးတက်အောင်မြင်မှုကို ဘက်စုံထောင့်စုံကနေ တိုင်းတာကြည့်နိုင်ပါတယ်။ ဒီကနေ့ အရှေ့တောင်အာရှဒေသဟာ အေးချမ်းတည်ငြိမ်တဲ့ ဒေသတစ်ခုဖြစ်နေပါပြီ။ နှစ်ပေါင်း ၅၀ အတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ပြဿနာရပ်အရပ်ရပ်ကို အသိုက်အဝန်းတစ်ခုရဲ့ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ အတူတကွ ပူးပေါင်းဖြေရှင်းခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေရဲ့စီးပွားရေးအခြေအနေဟာလည်း သိသိသာသာ တိုးတက်မှုရှိခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ (၂.၅၅)ထရီလီယံရှိနေပြီး အကြီးမားဆုံးသော ကမ္ဘာ့စီးပွားရေးအုပ်စုတစ်ခု ဖြစ်လာခဲ့ပါပြီ။ ကမ္ဘာပေါ်မှာ စီးပွားရေးတိုးတက်မှုနှုန်းအလျင်မြန်ဆုံးနိုင်ငံတွေထဲမှာ ဒီအရှေ့တောင်အာရှဒေသက နိုင်ငံတွေ ပါဝင်နေပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ အာဆီယံရဲ့စီးပွားရေးတိုးတက်မှုနှုန်းဟာ(၄.၇) ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝှမ်း အခက်အခဲအကျပ်အတည်းတွေနဲ့ စိန်ခေါ်မှုတွေ ရှိနေချိန်မှာ ယခုလို စီးပွားရေးတိုးတက်မှုနှုန်း ရရှိနေတာဟာ ချီးကျူးထိုက်တဲ့ အခြေအနေပဲဖြစ်ပါတယ်။

အာဆီယံတစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ယဉ်ကျေးမှုဆက်နွှယ်ဖလှယ်မှုတွေလည်း အများအပြားရှိနေကြပါတယ်။ မြန်မာနိုင်ငံဟာလည်း ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများနဲ့ ရှင်သန်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် အခြား(၉)နိုင်ငံပါဝင်တဲ့ အာဆီယံအဖွဲ့ထဲကို မြန်မာနိုင်ငံ ဝင်ရောက်လာတဲ့အခါမှာ အာဆီယံရဲ့ယဉ်ကျေးမှုအနုပညာကားချပ်ကို ပိုမိုပြီးတော့ အရောင်အသွေးစုံလင်ပြည့်စုံစေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

လာမယ့်အနာဂတ် အနှစ် ၅၀ ကို မျှော်ကြည့်လိုက်ရင် အာဆီယံနိုင်ငံတွေရဲ့ ဆက်ဆံရေးဟာ လက်ရှိအခြေအနေထက် ပိုမိုပြီးတော့ နက်ရှိုင်းလာဖို့ရှိပါတယ်။ မိမိတို့ရဲ့အခြေခံမှုတွေပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ထားခြင်းအားဖြင့် အရှိန်အဟုန်နဲ့ လျင်လျင်မြန်မြန်ပြောင်းလဲနေတဲ့ ကမ္ဘာ့အခြေအနေတွေကြားမှာ ရှင်သန်တက်ကြွနေတဲ့ အဖွဲ့အစည်းအဖြစ် အောင်မြင်စွာ ရပ်တည်သွားနိုင်မှာ ဖြစ်ပါတယ်။ ရှေ့ကိုဆက်ပြီး ဆတက်ထမ်းပိုးကြိုးပမ်းအားထုတ်ခြင်းအားဖြင့်လည်း အာဆီယံဒေသကို နိုင်ငံရေးအရ စုစည်းမှုခိုင်မာတဲ့၊ စီးပွားရေးအရ ပေါင်းစည်းညီညွတ်တဲ့၊ လူမှုရေးအရ တာဝန်သိတာဝန်ကျေပွန်တဲ့၊ ပြည်သူလူထုဗဟိုပြုတဲ့ ဒေသကြီးအဖြစ် ရပ်တည်သွားနိုင်စေမှာ ဖြစ်ပါတယ်။

ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေမယ့်အနာဂတ်ကို ဖန်တီးနိုင်ဖို့အတွက် အာဆီယံခေါင်းဆောင်တွေဟာ ကုလသမဂ္ဂရဲ့ “၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အစီအစဉ်”နဲ့အညီ “အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅”ကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီမံထားရှိပြီး ဖြစ်ပါတယ်။

လာမယ့် အနာဂတ်ကာလမှာ နိုင်ငံတကာအသိုက်အဝန်းနဲ့ ထိတွေ့ဆက်ဆံရေးကို မြှင့်တင်ပြီး အာဆီယံအသိုက်အဝန်းရဲ့တိုးတက်မှုကို ဆက်လက်တည်ဆောက်သွားကြဖို့ စီမံထားပါတယ်။ ဒီကနေ့ ဒီအချိန်မှာ အာဆီယံအဖွဲ့ကြီးဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံ(၈၇)နိုင်ငံနဲ့ လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုနဲ့လည်းကောင်း သံအမတ်ကြီးအဆင့် သံတမန်အဆက်အသွယ် ထားရှိနိုင်ပြီဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှာလည်း အာဆီယံကော်မတီ (၅၂)ခုကို ဖွဲ့စည်းတည်ထောင်ဆက်သွယ်ထားရှိနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ကြီးအနေနဲ့ နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံမှုကို ဆက်လက်မြှင့်တင်ပြီး အာဆီယံဒေသကြီးနဲ့ အာဆီယံပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ ရည်မှန်းချက်ဟာ ယခုနှစ်နှစ်ကုန်ပိုင်းမှာ အပြီးသတ်နိုင်ဖို့ မျှော်မှန်းထားတဲ့ “ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးမိတ်ဖက်အစီအစဉ်”ကို အကောင်အထည်ဖော်လာနိုင်တာနဲ့အမျှ ပိုမိုနက်ရှိုင်းတဲ့အောင်မြင်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။ ဒီအစီအစဉ် စတင်အကောင်အထည်ဖော်နိုင်ပြီဆိုရင် ကမ္ဘာ့လူဦးရေ ထက်ဝက်ကို လွှမ်းခြုံနိုင်တဲ့ အကြီးမားဆုံးဈေးကွက်ကြီးတစ်ခု ဖြစ်လာမှာဖြစ်ပြီး ကမ္ဘာ့ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းရှိတဲ့ ကုန်သွယ်ရေးဒေသကြီးတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ် နှစ်ပတ်လည်နေ့ကို “ပြောင်းလဲဖို့ရာပေါင်းစည်းပါ၊ ကမ္ဘာ့နီးဝေး၊ ထိတွေ့ပေး”ဟူသောဆောင်ပုဒ်နဲ့အညီ ဂုဏ်ပြု ကြိုဆိုကြခြင်းပဲ ဖြစ်ပါတယ်။

အာဆီယံအနေနဲ့ ဒီရည်မှန်းချက်တွေကို ကြိုးပမ်းအားထုတ် ဖော်ဆောင်နိုင်ရုံနဲ့ ကျေနပ်နေကြမှာ မဟုတ်ပါဘူး။ တစ်ဖက်မှာလည်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒေသအတွင်းနဲ့ ကမ္ဘာတစ်ဝှမ်းမှာ လူဦးရေတိုးပွားမှုနှုန်းတစ်နေ့တခြား မြင့်မားလာနေတာတွေ၊ ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်လာကြတာတွေ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ အကြမ်းဖက်အစွန်းရောက်ဝါဒီတွေ၊ လူမှုစီးပွားရေးမတည်ငြိမ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနေရဦးမှာ ဖြစ်ပါတယ်။

ဒါတွေကို ရင်ဆိုင်လာနိုင်အောင် ဒေသတွင်းပေါင်းစည်းမှုအင်အား ပိုမိုကောင်းမွန်အောင် ပြည်သူလူထုပူးပေါင်းပါဝင်မှုနဲ့ ဆတက်ထမ်းပိုး ကြိုးပမ်းဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးနဲ့ လူငယ်များရဲ့ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ပိုမိုစုစည်းညီညွတ်တဲ့ အာဆီယံအဖွဲ့ကြီးဖြစ်လာအောင် နောက်တစ်ဆင့်တက်လှမ်းနိုင်ခြင်းအားဖြင့် ပိုမိုပွင့်လင်းတဲ့၊ ပိုမိုငြိမ်းချမ်းတဲ့၊ အားလုံးပါဝင်မှု ပိုပြီးမြင့်မားတဲ့၊ ကြံ့ကြံ့ခံနိုင်စွမ်းပိုမိုမြင့်မားတဲ့၊ ပိုမိုသာယာဝပြောတဲ့ ဒေသကြီးဖြစ်လာမှာ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ဒီရည်မှန်းချက်တွေ အောင်မြင်အောင် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေနဲ့ တက်ကြွတဲ့ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်း ပေါင်းစည်းမှုတည်ဆောက်ရေးလုပ်ငန်းတွေမှာ ဆက်လက်ပြီးတော့ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တာဝန်သိတာဝန်ကျေပွန်တဲ့ အာဆီယံနိုင်ငံ၊ အာဆီယံအဖွဲ့ရဲ့ မိသားစုဝင်ဖြစ်ရခြင်းကို ဂုဏ်ယူတတ်တဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီရပ်တည်ချက်ဟာ မြန်မာနိုင်ငံသူ နိုင်ငံသားတစ်ဦးချင်းစီမှာ ထင်ဟပ်နေရမှာဖြစ်ပါတယ်။

အာဆီယံပြည်သူတွေဟာ အာဆီယံရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလသုံးပါးအောင်မြင်မှုအတွက် အသက်သွေးကြောပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုလို ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ ရွှေရတုနှစ်ပတ်လည်အခါသမယမှာ အာဆီယံအဖွဲ့ကြီးအနေနဲ့ အနာဂတ်ကို အတူတကွ လျှောက်လှမ်းကြရာမှာ တိုးတက်အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ပိုမိုစုစည်းညီညွတ်တဲ့ အာဆီယံအဖွဲ့ကြီးဖြစ်လာအောင် နောက်တစ်ဆင့်တက်လှမ်းနိုင်ခြင်းအားဖြင့် ပိုမိုပွင့်လင်းတဲ့၊ ပိုမိုငြိမ်းချမ်းတဲ့၊ အားလုံးပါဝင်မှု ပိုပြီးမြင့်မားတဲ့၊ ကြံ့ကြံ့ခံနိုင်စွမ်းပိုမိုမြင့်မားတဲ့၊ ပိုမိုသာယာဝပြောတဲ့ ဒေသကြီးဖြစ်လာမှာ ဖြစ်ပါတယ်**

---

❀ ရှေ့ဖုံးမှ

လျှပ်စစ်မီးရဖို့က အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက်ဆိုရင် လျှပ်စစ်မီးရဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ ဒါပေမယ့် တစ်နည်းအားဖြင့် ပြောရရင် ဒါနဲ့တန်းတူ အရေးကြီးတာကတော့ ပိုပြီးတော့ အရေးမကြီးရင်တောင်မှ တန်းတူအရေးကြီးတာဆိုတာကတော့ ငြိမ်းချမ်းရေးပါပဲ။

“ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ မိတ္ထီလာမြို့နယ်ဘက်က သိပ်ပြီးတော့ ထိထိရောက်ရောက်သိချင်မှ သိကြမယ်။ မန္တလေးတိုင်းဒေသကြီးဘက်ကနေပြီးတော့ သိပ်ပြီးတော့ သိချင်မှ သိကြမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘက်ကငြိမ်းချမ်းရေးရတာကြာပြီဆိုတော့ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ အန္တရာယ်ရုံတွေကို သိပ်ပြီးတော့မသိကြဘူး။ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးဟာ ကျွန်မတို့ထပ်တလဲလဲပြောပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ လူတစ်ယောက်ရဲ့ကိုယ်ခန္ဓာလို တစ်နေရာမှာနာနေရင် တခြားနေရာတွေကိုလည်း ထိတယ်။ ဥပမာဆိုရင် ကိုယ်ခန္ဓာမှာ လက်နာလို့ရှိရင် လက်ကနာနေတာပဲ။ တခြားအစိတ်အပိုင်းတွေက ဘယ်လိုပဲကောင်းနေကောင်းနေ လက်နာတာကနာတာပဲ။ အဲဒီတော့ လက်နာတယ်ဆိုရင် မသက်သာဘူး။ တခြားနှလုံးကလည်း ကောင်းပါတယ်၊ အသည်းကလည်းကောင်းပါတယ်၊ ခေါင်းကလည်းကောင်းပါတယ်၊ ဒူးလည်းကောင်းနေတယ်၊ လက်ကနာနေတယ်ဆိုရင် မသက်မသာဖြစ်တာပဲ” ဟု ပြောသည်။

ဆက်လက်၍ “ဒီအတိုင်းပဲ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးငြိမ်းချမ်းမှ ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးဟာ ကျန်းမာတဲ့ပုဂ္ဂိုလ်တစ်ယောက်လို အားလုံးကောင်းတယ်လို့ ပြောလို့ရပါလိမ့်မယ်။ အခုတော့ ငြိမ်းချမ်းရေးဆိုတာ လက်နာရုံတင်မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးမရှိတဲ့နိုင်ငံဟာ နှလုံးရောဂါရှိတဲ့နိုင်ငံလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးဆိုတာ တကယ်တော့ နှလုံးသားနဲ့သက်ဆိုင်ပါတယ်။ ကျွန်မတို့ရဲ့တိုင်းရင်းသားအချင်းချင်း၊ ကျွန်မတို့ ပြည်သူ ပြည်သားအချင်းချင်း ပဋိပက္ခတွေ ဖြစ်ထားကြတဲ့အတွက်ကြောင့်၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုမရှိတာကြောင့်၊ တစ်ဦးအပေါ်မှာတစ်ဦး မေတ္တာမထားနိုင်တာကြောင့် ငြိမ်းချမ်းရေးမရှိတာပါ။ နှလုံးရောဂါလို့တောင် ပြောလို့ရပါတယ်။

အားလုံးသိတဲ့အတိုင်းပဲ လူတစ်ယောက်ဟာ နှလုံးရောဂါရှိပြီဆိုရင် ဒီလူရဲ့ ကျန်းမာရေးဟာ ဘယ်လိုမှ ကောင်းတယ်လို့ မပြောနိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိသရွေ့တခြားဘယ်ဘက်ကပဲကောင်းကောင်း ကျွန်မတို့ နိုင်ငံဟာ တကယ်တော့ အခြေအနေကောင်းသွားပြီလို့ ပြောလို့မရပါဘူး။ ဒါတွေကို ကျွန်မ ဆွေးနွေးချင်တာပါ။ ဒီလိုငြိမ်းချမ်းရေးမရတဲ့ဒေသတွေပေါ့။ ကျွန်မတို့အတွက် အချင်းချင်းကြားမှာ ပဋိပက္ခဖြစ်နေတဲ့ ဒေသတွေနဲ့ဝေးနေတဲ့ ဒီလိုရွာတစ်ရွာမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဘယ်လိုအတွေးအခေါ်တွေရှိလဲ။ ရှိရောရှိကြရဲ့လား။ စဉ်းရော စဉ်းစားကြရဲ့လားဆိုတာ ကျွန်မအနေနဲ့ ဒါကိုသိချင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်လ၊ သုံးလတုန်းက ကျွန်မ လူငယ်တချို့နဲ့ စကားပြောတဲ့အခါ မန္တလေးတိုင်းဘက်က လူငယ်တစ်ယောက်ကတော့ မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း ပြောတယ်။ သူတို့က ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ သိပ်မစဉ်းစားဘူး။ တစ်သက်လုံး ငြိမ်းချမ်းရေးရှိတဲ့နေရာမှာ ကြီးလာတဲ့အခါကျတော့ ငြိမ်းချမ်းရေးမရှိခြင်းရဲ့ ပြဿနာတွေ၊ ပဋိပက္ခတွေဖြစ်နေခြင်းရဲ့ ပြဿနာတွေကို သူ့ခေါင်းထဲမှာ တစ်ခါမှမရှိခဲ့ဘူးဆိုပြီး ရိုးရိုးသားသားပဲဝန်ခံပါတယ်။ ဒီနိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ အားလုံးနဲ့ဆိုင်တယ်ဆိုတာကို ကျွန်မတို့ပြည်သူပြည်သားတွေ နှလုံးသွင်းစေချင်တယ်။ အဲ့ဒီလို အားလုံးဝိုင်းလုပ်မှ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းမယ်။ ငြိမ်းချမ်းမှ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ အခုနက ပြောသလို လူတစ်ယောက်ဟာ နှလုံးရောဂါရနေရင် သွားလာလှုပ်ရှားနိုင်ပေမယ့်လည်း ဘယ်တော့ ဒီရောဂါဖောက်ပြန်ပြီးတော့ ကိုယ့်ရဲ့သွားလာလှုပ်ရှားမှု နိစ္စဓူဝအလုပ်တွေကို ထိခိုက်မယ်ဆိုတာ ပြောလို့မရဘူး။ ဒါကြောင့် ကျွန်မတို့အခု ကိစ္စနှစ်ခုကို ဆွေးနွေးချင်ပါတယ်” ဟု ပြောသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ ငြိမ်းချမ်းရေးအပေါ်မှာ ဘယ်လိုစိတ်ထားကြလဲ။ တစ်ခါမှ မစဉ်းစားဖူးဘူးဆိုရင်လည်း အခုလောလောဆယ် ဒီနေ့ဒီအခါမှာ စဉ်းစားရင်နဲ့ ဘယ်လိုအတွေးတွေပေါ်လာတယ်။ နောက်တစ်ခုက လျှပ်စစ်မီး။ လျှပ်စစ်မီးက ဒီရွာကို သုံးလပိုင်းက ရောက်လာတယ်လို့ ကျွန်မ နားလည်ပါတယ်။ သုံးလပိုင်းက ရောက်လာတယ်ဆိုတော့ အခု လေးလလောက်ရှိပြီ။ အဲ့ဒီအတွင်းမှာ ဘယ်လိုအခြေအနေတွေ ပြောင်းသွားလဲ၊ ကိုယ့်ရွာရဲ့အခြေအနေ ဘယ်လိုပြောင်းသွားလဲ၊ ကိုယ့်မိသားစုရဲ့အခြေအနေဘယ်လိုပြောင်းသွားလဲ၊ ကိုယ့်တစ်ဦးချင်းရဲ့ အခြေအနေ ဘယ်လိုပြောင်းသွားလဲ၊ လျှပ်စစ်မီးမရခင်နဲ့ ရပြီးတဲ့အချိန်က ဘာကွာခြားသလဲဆိုတာ အဲ့ဒါကို ကျွန်မတို့သိချင်ပါတယ်။

“သိချင်ပါတယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ငြိမ်းချမ်းရေးရဖို့ အရေးကြီးသလို လျှပ်စစ်မီးရဖို့ကလည်း အရေးကြီးတယ်။ ဘာကြောင့်အရေးကြီးတာလဲဆိုတာကို အများနားလည်စေချင်တယ်။ အားလုံးကဝိုင်းပြီးတော့ ကျွန်မတို့ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိဖို့အတွက် လုပ်စေချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ကျွန်မ နားလည်သလောက်ကတော့ ၃၈ ဒသမ ၅ ရာခိုင်နှုန်းကပဲ လျှပ်စစ်မီးရပါတယ်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်ပြည်သူများ၊ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်

*စာမျက်နှာ ၄ မှ*

ဒါဟာနည်းပါတယ်။ ဒါဟာ တစ်ဝက်တောင်မဟုတ်သေးဘူး။ လူနည်းစုကပဲ လျှပ်စစ်ရဲ့ အကျိုးကိုခံစားနေရတယ်။ ကျွန်မတို့ရဲ့ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံးဟာ ၂၀၃၀ မှာ လျှပ်စစ်မီးရအောင် ၂၀၃၀ ဆိုတော့ အခုတွက်လို့ရှိရင် အချိန်ကကျန်သေးတယ်။ ၁၃ နှစ်တောင် ကျန်သေးတယ်လို့ ပြောပါလို့မ်မယ်။ ဟုတ်ပါတယ် ကြာပါတယ်။ ကျွန်မတို့က တကယ်တော့ ၁၃ ရက်တည်းနဲ့ ရအောင်လုပ်လို့ရရင် ရတယ်ဆိုရင် လုပ်ချင်တာပေါ့။ ၁၃ နာရီနဲ့ ရအောင်လုပ်လို့ရရင်လည်း ပိုပြီးတော့ကောင်းပါတယ်။ ဒါပေမယ့် ကျွန်မတို့က လက်တွေ့ကျကျစဉ်းစားရတယ်။ စဉ်းစားတဲ့အခါမှာ ကျွန်မတို့ တစ်နိုင်ငံလုံး လျှပ်စစ်မီးရဖို့အတွက်ဆိုရင် ၂၀၃၀ လောက်ထိ သေသေချာချာ စီမံကိန်းချပြီးတော့ လုပ်ယူရမယ်လို့ ပညာရှင်တွေရော၊ သက်ဆိုင်ရာအစိုးရဌာနတွေပါ ဒီအဖြေထွက်လာပါတယ်။ အဲ့ဒီဟာကို ဦးတည်ပြီးလုပ်သွားပါမယ်။ ဒီကြားထဲမှာလည်း တတ်နိုင်သလောက် အမြန်ဆုံးဖြစ်အောင်လုပ်ပါမယ်။

"လျှပ်စစ်မီးရရှိရေးဆိုတာ နည်းအမျိုးမျိုးရှိပါတယ်။ ဒီနည်းအမျိုးမျိုးတော့ ကျွန်မ မဆွေးနွေးတော့ပါဘူး။ ကျွန်မတို့စကားဝိုင်းမှာပါတဲ့ ကျွန်မတို့ရွာသူရွာသားများကလည်း ပါဝင်ပြီးဆွေးနွေးစေချင်ပါတယ်။ ကျွန်မတို့ ဒီဆွေးနွေးပွဲမှာ ပထမဦးဆုံး လျှပ်စစ်မီးနဲ့ ပတ်သက်လို့လည်း ဆွေးနွေးစေချင်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့၊ တခြားကိစ္စတွေနဲ့ပတ်သက်လို့လည်း ဆွေးနွေးလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာတစ်ရွာရဲ့ အခြေအနေဆိုတာဟာ ကျွန်မတို့တစ်နိုင်ငံလုံးရဲ့အခြေအနေကိုလည်း အတိုင်းအတာ တစ်ခုထိ ရောင်ပြန်ဟပ်ပါတယ်။ ရွာတစ်ရွာမှာ ဒီရွာလေးပဲ၊ ဒီရွာကနေပဲ ပြဿနာတွေက အရေးမကြီးဘူးလို့ ကျွန်မတို့စိတ်ထဲမှာ ထားလို့မရပါဘူး။ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာတစ်ရွာမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို သုံးသပ်ခြင်းအားဖြင့်၊ ဒီပြဿနာတွေရဲ့အဖြေကို ရှာခြင်းအားဖြင့် တစ်နိုင်ငံလုံးကနေ ပြီးတော့ ရင်ဆိုင်နေရတဲ့ပြဿနာတွေကိုလည်း ဘယ်လိုဖြေရှင်းမလဲဆိုတာကို အဖြေရနိုင်ပါတယ်။

**ထူးခြားတဲ့အချက် နှစ်ချက်ရှိ**

"ကျွန်မတို့မသိတာတွေလည်း ဒီရွာမှာလာပြီးတော့ ဆွေးနွေးခြင်းအားဖြင့်လည်း သိနိုင်ပါတယ်။ ဒီရွာနဲ့ပတ်သက်လို့ကတော့ ကျွန်မလာနေတုန်းမှာပဲ ကျွန်မကိုပြောတယ်။ ဒီရွာက ထူးခြားတဲ့အချက် နှစ်ချက်ရှိတယ်။ အဲ့ဒါနဲ့ ကျွန်မစိတ်ဝင်စားတယ်။ တစ်ခုကဘာလဲဆိုတော့ အရက်ဆိုင်မရှိဘူးတဲ့။ အရက်ဆိုင်မရှိတဲ့ရွာဆိုတော့ ထူးခြားတယ်။ ကျွန်မစဉ်းစားတယ်။ ဒီလိုဆိုရင် အဓိပ္ပာယ်က ကျွန်မတို့နိုင်ငံမှာ အရက်ဆိုင်ရှိတဲ့ ရွာတွေက များတယ်ပေါ့။ ဒီရွာမှာအရက်ဆိုင်မရှိခြင်းရဲ့အကြောင်းရင်းက ဘာလဲဆိုတာ ကျွန်မစိတ်ဝင်စားတယ်။ နောက်တစ်ခု ပိုပြီးစိတ်ဝင်စားတာက ဘာလဲဆိုတော့ ဒီရွာကလူငယ်တွေက ရွာကိုစွန့်ပြီး တခြားမှာသွားပြီး စီးပွားရေးလုပ်တာ မရှိဘူးတဲ့။ ဒါဟာ အင်မတန်မှ ထူးခြားပါတယ်။ ဒီရွာကတော့ ဒါကို သာမန်လို့များထင်မလားတော့ မသိဘူး။ ကျွန်မတို့နိုင်ငံ အနှံ့အပြားမှာ လူငယ်လူရွယ်တွေ မရှိတော့တဲ့ ရွာတွေ အများကြီးရှိပါတယ်။ လူငယ်လူရွယ်တွေက မိမိတို့ရဲ့ စီးပွားရေးအတွက်၊ ဘဝရပ်တည်ရေးအတွက်ဆိုပြီး ရွာကိုစွန့်ပြီး တခြားကိုသွားတယ်။ အဲ့ဒီလိုတခြားကို ထွက်သွားတယ်ဆိုတာ ရွာကိုအများကြီးထိခိုက်ပါတယ်။ လူမှုရေးအရဆိုရင် မိသားစုဘဝကိုလည်း ထိခိုက်တယ်။ စီးပွားရေးအရဆိုရင်လည်း ရွာမှာ အလုပ်မရှိလို့ဆိုပြီး ထွက်သွားလို့ကို ရွာကနေပြီးတော့ အလုပ်ရှိနိုင်တဲ့အခြေအနေ ဖန်တီးနိုင်တဲ့ အားတွေလျော့သွားပါတယ်။ အဲ့ဒါလည်း ကျွန်မစိတ်ဝင်စားတယ်။ ဘာဖြစ်လို့ ကျွန်မတို့တွေ ဒီရွာက လူငယ်လူရွယ်တွေက ရွာကိုစွန့်ပြီးတော့ စီးပွားရှာရတဲ့အလေ့အထမရှိသလဲ။ ကိုယ့်ဘဝ၊ ကိုယ့်ရွာလေးမှာ ကိုယ့်ဘဝနဲ့ကို ရပ်တည်ပြီးတော့ ဘဝတိုးတက်ထွန်းကားအောင်လို့ လုပ်ဖို့ရာ ကျွန်မတို့အနေနဲ့ ဒီရွာကနေပြီးတော့ ဘာတွေ သင်ယူနိုင်သလဲဆိုတာလည်း သိချင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီဆွေးနွေးပွဲစကားဝိုင်းမှာ အားလုံးပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးစေချင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် မြေတိုင်ကန်ကျေးရွာမှ ကျေးလက်ပြည်သူ ရှစ်ဦးက ပြည်တွင်းငြိမ်းချမ်းရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ မတူကွဲပြားမှုမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကျောင်းဆရာ ဦးထွန်းဝင်းက "မြေတိုင်ကန်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ကျောင်းသား ကျောင်းသူ KG တန်းကနေ ပဥ္စမတန်းအထိ ၆၉ ယောက်ရှိပါတယ်။ ဆရာ ဆရာမဝန်ထမ်း ခြောက်ယောက်ပါ။ ကျောင်းဆောင် နှစ်ဆောင်ရှိပါတယ်။ ကျောင်းဆောင်တစ်ဆောင်ဟာဆိုလို့ရှိရင် ၁၉၅၃ ခုနှစ်က ကျောင်းဆောင်အဟောင်းကို ပြန်ပြင်ပြီးဆောက်လုပ်ထားတဲ့အတွက် ဟောင်းနွမ်းပျက်စီးနေတာကြောင့် ၂၀၁၅ - ၂၀၁၆ နဲ့ ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်တွေမှာ အန္တရာယ်ကျောင်းဆောင်အဖြစ် ရန်ပုံငွေတင်ပြတောင်းခံခဲ့တဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါပေမယ့် ရန်ပုံငွေရရှိခဲ့ခြင်းမရှိသေးပါဘူး။

"ကျွန်တော်တို့ရွာမှာ လျှပ်စစ်မီးရလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အသေးစားစက်မှုလုပ်ငန်းတွေ လုပ်နိုင်ကြပါတယ်။ ရက်ကန်းစင်တွေ ထောင်လာနိုင်တယ်။ ချည်ချခုံတွေ၊ ရက်ပေါက်ခုံတွေ အဲ့ဒီလုပ်ငန်း လုပ်လာနိုင်တဲ့အခါကျတော့ အရင်တုန်းကဆိုရင် ဝမ်းတွင်းကိုသွားပြီးတော့ အလုပ်လုပ်ကြရတာ။ သူများလက်ခစားနဲ့အလုပ်လုပ်ကြရတာ။ အခုကျတော့ ကိုယ့်ရွာမှာကို လုပ်နိုင်တဲ့အခါကျတော့ ဘာပဲပြောပြော ပိုပြီးဝင်ငွေလည်းရတာပေါ့။ ကျွန်တော်တို့ရွာ စီးပွားရေးကောင်းလာလို့ရှိရင် ပညာရေးလည်း ကောင်းလာမှာသေချာပါတယ်" ဟု ဆွေးနွေးသည်။

ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ခင်ဆွေက "သမီးကို ပညာတတ်တစ်ယောက်ဖြစ်စေချင်ပေမယ့် သူကပညာတတ်တစ်ယောက်မဖြစ်ခဲ့ဘူး။ စက်ချုပ်သင်ပေးမယ်လို့ ရည်မှန်းထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘာမှမသိထားပါဘူး" ဟု ပြောသည်။

ကုန်ကားပိုင်ရှင် ဦးရဲစိန်က "ကားတစ်စီးဝယ်ထားပါတယ်။ ကျွန်တော်တို့ဟာ နှစ်နှစ်စာချုပ်နဲ့ ဝယ်ထားပေမယ့် ခြောက်လတစ်ဖြတ်ကို ငွေကျပ် သိန်း လေးငါးဆယ်နှုန်း သွင်းနေရပါတယ်။ ဒါပေမယ့် ခြောက်လအတွင်းမှာ အလုပ်အကိုင်က ကုမ္ပဏီနဲ့ အဆက်အသွယ်သိပ်မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီနားလေးမှာပဲ ခေါက်တိုပြေးဆွဲနေရတဲ့အတွက် ခက်ခဲမှုရှိပါတယ်။ သိန်းလေးငါးဆယ်လောက်က ခြောက်လအတွင်းကို တကယ်တမ်းကျတော့ မဖြစ်နိုင်ပါဘူး။ ကုမ္ပဏီက အတိုး ၃၀ ရာခိုင်နှုန်း ယူတာမို့ အတိုးအလွန်များနေပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ နှစ်ထပ်တိုးပေးဖို့ရာ ပြောချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် ကျွန်တော် လေးတန်းအောင်ပြီးခါတုန်းကဆိုရင် ပညာရေးကဘယ်တော့မှ ရှေ့ဆက်တက်လို့မရပါဘူး။ ကျွန်တော်တို့ငယ်ငယ်က စက်ဘီးတောင်မဝယ်နိုင်တဲ့ အဆင့်ပါ။ အခုဆိုရင် တဖြည်းဖြည်းနဲ့ တိုးတက်မှုကြောင့် အခုခေတ်ကလေးတွေ ကံကောင်းပါတယ်။ ပညာရေးကို ဆက်လက်သင်နိုင်ပါတယ် " ဟု ဆွေးနွေးသည်။

သီးနှံပွဲစား ဒေါ်ပိုးတီက "ကျွန်မတို့ရွာမှာက တင်းနဲ့ဝယ်ပြီးတော့ ပိဿာချိန်နဲ့ ရောင်းပါတယ်။ ကုန်ကိုတော့ မလှောင်နိုင်သေးဘူး။ ကျွန်မက အထိုင်ပွဲစား မဟုတ်ဘူး။ အရောင်းအဝယ်ပွဲစားပါ။ သီးနှံထွက်တာ အကုန်ဝယ်ပါတယ်။ ကုန်မလှောင်နိုင်ဘူး။ မတ်တတ်ရောင်းပြီး မတ်တတ်ဝယ်ပါတယ်" ဟု ဆွေးနွေးသည်။

ဆန်စက်ပိုင်ရှင် ဦးကျော်ဖုန်းက "အသေးစားလုပ်ငန်းရှင်တွေ အလုပ်နားနေရတာ အများကြီးရှိပါတယ်။ ဈေးကွက်ကို မထိုးဖောက်နိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အခက်အခဲ ကိုယ်စီရှိကြပါတယ်။ ကျွန်တော်ဆိုရင် အရင်းအနှီးမရှိလို့ တစ်နိုင်တစ်ပိုင်ပဲ လုပ်နေရပါတယ်။ လျှပ်စစ်မီးရတဲ့အတွက်ကြောင့် တိုးချဲ့လုပ်ကိုင်ချင်တယ်။ အရင်းအနှီးမရှိတဲ့အတွက် တိုးချဲ့မလုပ်ကိုင်နိုင်ပါဘူး "ဟု ဆွေးနွေးသည်။

ရက်ကန်းရုံပိုင်ရှင် ဦးဝင်းဇော်က "ကျွန်တော်တို့ဆီမှာ လုပ်ငန်းမကောင်းပါဘူး။ အရှုံးနဲ့ပဲရင်ဆိုင်နေရပါတယ်။ ကုန်ကြမ်းဈေးနှုန်းက အင်မတန်ကိုဈေးကြီးပါတယ်။ ပြည်တွင်းဖြစ်က မထုတ်လုပ်နိုင်တဲ့အတွက်ပါ။ ပြည်ပမှတင်သွင်းလာတဲ့ ကုန်ကြမ်းကို အဆင့်ဆင့်နဲ့ဝယ်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီရောက်ရင် ဈေးကြီးသွားပါတယ်။ တကယ်လို့ ပြည်တွင်းကသာထုတ်ပေးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ ဒီထက် ဖွံ့ဖြိုးတိုးတက်လိမ့်မယ်လို့ထင်ပါတယ် "ဟု ဆွေးနွေးသည်။

တောင်သူ ဦးအောင်တင့်က "လျှပ်စစ်မီးနဲ့ပတ်သက်လို့ အခုလို ထမင်းချက်၊ ဟင်းချက်လုပ်ရတဲ့အတွက် တောထဲမှာ ထင်းစိုက်ခင်းလောင်စာထင်းများဟာ မလိုတော့ပါဘူး လျှပ်စစ်မီးရခဲ့ရင် အဲဒီမြေတွေဟာ လယ်ယာမြေအတွက် ပြုပြင်ပြောင်းလဲလို့ရပါတယ်။ ဒါကြောင့် လျှပ်စစ်မီးရရှိဖို့ရယ်၊ တောင်သူတွေဖွံ့ဖြိုးဖို့ ပံ့ပိုးပေးဖို့ တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးရှိမှ တိုင်းပြည်သာယာအေးချမ်းမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကိုလိုလားပါတယ်။ ကျွန်တော်တို့ဒေသတွေမှာ ငြိမ်းချမ်းခဲ့ပေမယ့်လည်း ကျွန်တော့်သားတစ်ယောက်၊ ချွေးမတစ်ယောက် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မှာ တိုင်းရင်းဆေး ဦးစီးအရာရှိအနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ ကွတ်ခိုင်ဒေသမှာ တိုက်ပွဲတွေဖြစ်ကြတော့ ကျွန်တော်စိတ်ပူမိပါတယ်။ ကိုယ့်သားသမီးတစ်ယောက်တည်းအတွက်မဟုတ်ပါဘူး၊ တစ်တိုင်းပြည်လုံးအတွက် စိတ်ပူမိတာဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုလည်း လိုလားပါတယ်၊ တစ်တိုင်းပြည်လုံးငြိမ်းချမ်းမှ တိုင်းပြည်ကြီးဟာ သာယာအေးချမ်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကြီး ငြိမ်းချမ်းရေးရပြီးတော့ မြန်မာပြည်ကြီး အေးချမ်းသာယာတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ နိုင်ငံဖြစ်အောင် ဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်" ဟု ဆွေးနွေးသည်။

MBA ကျောင်းသူ ဒေါ်ထက်ထက်အောင်က "ရိုးရိုးဘွဲ့ရထားသူတွေက ဘွဲ့ရပြီးသွားရင် အလုပ်မရှိဘူးဆိုတာတွေ ဖြစ်လာတယ်။ တကယ်လက်တွေ့လည်း မလုပ်ရတဲ့အခါကျတော့ ကျွမ်းကျင်မှုမရှိဘူး။ ဘွဲ့ရရုံနဲ့ အပြင်လုပ်ငန်းမှာ အဆင်မပြေဘူးဖြစ်နေပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် (၂၁) ရာစု ပင်လုံညီလာခံမှာ တစ်နိုင်ငံလုံးအေးချမ်းပြီး တိုင်းရင်းသားညီညွတ်မှု အားလုံးရရှိဖို့အတွက် စိတ်ရောကိုယ်ပါ လုပ်ဆောင်နေတာကိုလည်း တွေ့ရတဲ့အတွက် သမီးတို့ဘက်က ထောက်ခံပါတယ်။ သမီးတို့ဆိုရင် အခုငြိမ်းချမ်းတဲ့ဒေသမှာ နေရတဲ့အတွက် သမီးတို့ပညာသင်ကြားချင်သလို သင်ကြားလို့ရတယ်။ အဲဒါကြောင့် မငြိမ်းချမ်းတဲ့ ဒေသတွေမှာလည်း အမြန်ဆုံး ငြိမ်းချမ်းရေးရရှိစေချင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိပြီးတော့ တစ်နိုင်ငံလုံး စားဝတ်နေရေးတွေ အဆင်ပြေဖို့အတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ မေတ္တာရပ်ခံပါတယ်" ဟု ဆွေးနွေးသည်။

**ငြိမ်းချမ်းရေးမရှိခြင်းဟာ နိုင်ငံကိုထိခိုက်**

မြေတိုင်ကန်ကျေးရွာ ကျေးလက်ပြည်သူများ၏ ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးမှုနှေးကွေးရတဲ့ အကြောင်းရင်းတစ်ခုက ငြိမ်းချမ်းရေးမရှိလို့၊ ငြိမ်းချမ်းရေးမရှိခြင်းဟာ နိုင်ငံကိုထိခိုက်တယ်။ နိုင်ငံ့စီးပွားရေးကို ထိခိုက်တယ်။ နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို ထိခိုက်တယ်။ ဥပမာ- နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာဆိုရင် မတည်ငြိမ်တဲ့ မငြိမ်းချမ်းတဲ့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုမလုပ်ချင်ဘူး။ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ရှိစေချင်တယ်။

"ငြိမ်းချမ်းရေး တစ်နေရာမှာမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံအနှံ့အပြားမှာ အကျိုးသက်ရောက်မှုရှိတယ်။ ငြိမ်းချမ်းရေးရဖို့ တတ်နိုင်တဲ့ဘက်က စိတ်ပါဝင်စားစွာ ကူညီစေချင်တယ်။ ပထမစိတ်ဓာတ်နဲ့စရမှာပဲ။ ကျွန်မခဏခဏပြောပါတယ်၊ အောင်မြင်ခြင်းတရားလေးပါးဟာ ဆန္ဒနဲ့စရပါတယ်။ ကျွန်မတို့ ရွာသူရွာသားတွေ အားလုံးဟာ ငါတို့ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နည်းတစ်ဖုံတော့ ဆန္ဒရှိဖို့လိုတယ်။ ဆန္ဒအရ ဝီရိယ စိုက်ထုတ်ရမယ်၊ မှန်ကန်တဲ့စိတ်ဓာတ်မွေးမြူရမယ်။ ပညာရှိရမယ်။

"ငြိမ်းချမ်းရေးရတာဟာ အမှောင်ခွင်းပြီးတော့ အလင်းထဲရောက်လာသလိုပဲ၊ အခုမှ လျှပ်စစ်မီးရတဲ့ ရွာသူရွာသားတွေ နားလည်မှာပါ။ အရင်တုန်းကဆိုရင် နေဝင်သွားပြီး ခြောက်နာရီကျော်ရင် ရွာက အမှောင်ကျသွားတယ်။ အခုကျတော့ နေဝင်သွားရင် လျှပ်စစ်မီးနဲ့ မီးရအောင်လုပ်နိုင်တယ်။

"ဒီလိုပဲ ငြိမ်းချမ်းရေးမရတဲ့ ပြည်သူပြည်သားတွေဟာ ကိုယ့်ဘဝကို ကိုယ်မပိုင်ဘူး။ ဘယ်တော့တိုက်ပွဲတွေဖြစ်မလဲ၊ ဘယ်တော့ပြေးရလွှားရမလဲ၊ ဘယ်တော့ ဆန္ဒပြမလဲ။ သူတို့ရဲ့ပစ္စည်းတွေ ဘယ်တော့ မီးလောင်မလဲ အမြဲပဲစိတ်ပူနေရတယ်။ ဒါကြောင့် ပြည်သူ ပြည်သားတွေ ကိုယ့်ဘဝကိုပိုင်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးအတွက် ဝိုင်းပြီးတော့ကူညီစေချင်တယ်လို့ပြောတာပါ" ဟု ပြောကြားသည်။

ထို့ပြင် "ကျွန်မတို့နိုင်ငံမှာဆိုရင် အသက်မွေးဝမ်းကျောင်းပညာကို အများကြီး အားပေးဖို့လိုပါတယ်။ ကမ္ဘာမှာ ပညာရေးအရအအောင်မြင်ဆုံး၊ စီးပွားရေးအရ အအောင်မြင်ဆုံးနိုင်ငံတွေမှာ အခု ပြဿနာတစ်ခု ဘာတက်နေလဲဆိုတော့ ဘွဲ့ရပြီးတော့ အလုပ်မရှိတဲ့ ပြဿနာ၊ အလုပ်မရနိုင်တဲ့ပြဿနာ။ အဲဒီဟာက အင်မတန်မှ ပညာရေးစနစ်တွေမှာ စနစ်တွေကောင်းပါတယ်ဆိုတဲ့နိုင်ငံတွေမှာလည်း ဒီပြဿနာဖြစ်နေတယ်။ အဲဒါကြောင့် အသက်မွေးဝမ်းကျောင်းပညာကိုအားပေးဖို့ဆိုတာ လိုအပ်တယ်ဆိုတာ သဘောပေါက်မှာပါ။

"ကိုယ့်နိုင်ငံအတွက် လိုအပ်ချက်အရ ကိုယ့်ရဲ့သားသမီးတွေကို အသက်မွေးဝမ်းကျောင်းပညာ သင်ချင်ဖို့ အားပေးစေချင်တယ်။ ဘွဲ့ရပြီးတော့ တကယ်အလုပ်ရနိုင်မယ်ဆိုရင် ကောင်းပါတယ်။ အသက်မွေးဝမ်းကျောင်းပညာသင်ကြားထားတဲ့ ပြည်သူပြည်သားများဟာ အသက်မွေးဝမ်းကျောင်းပညာကျောင်းပြီးတာနဲ့ တန်းပြီးတော့ အလုပ်ရဖို့ အလားအလာအင်မတန်မှကောင်းပါတယ်။

ပြည်ထောင်စုအတွင်းထဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိတယ်။ မတူတဲ့ယုံကြည်ချက်တွေ၊ မတူတဲ့မျိုးရိုးတွေ၊ မတူတဲ့ဘာသာစကားတွေအမျိုးမျိုးရှိတယ်။ ဒီဟာတွေ မတူကွဲပြားချက်တွေအပေါ်မှာ မူတည်ပြီးတော့ အင်အားဖြစ်အောင်လုပ်နိုင်တယ်ဆိုတာကို အမြော်အမြင်ကြီးတဲ့သူတွေဟာ အများကြီးနားလည်နိုင်ပါတယ်။ ပညာသင်ပေးတယ်ဆိုတာ လူတွေရဲ့စိတ်ဓာတ်ကို ပိုပြီးတော့ ကျယ်ပြန့်လာအောင်လို့၊ ပွင့်လင်းသွားအောင်လို့၊ အလင်းဖြစ်ပါတယ်။

"လျှပ်စစ်အလင်း၊ ငြိမ်းချမ်းရေးအလင်း၊ ပညာအလင်း အားလုံးဟာ အလင်းရောင်ပဲ။ အမှောင်ကိုခွင်းနိုင်တဲ့ အဓိကကျတဲ့ အင်အားတွေ၊ ဒါကြောင့် ကလေးတွေကို ပညာသင်ပေးရမယ်။ ကလေးတွေကို ပညာသင်ပေးတဲ့အခါကျတော့ ပညာကနေပြီးတော့ ငြိမ်းချမ်းရေးအလင်းရောင်ရအောင်၊ လျှပ်စစ်အလင်းရောင်ကိုပေးနိုင်တဲ့ စီးပွားရေးတိုးတက်မှုရအောင် လုပ်ပေးနိုင်တဲ့အခွင့်အရေးတွေအများကြီးရမှာပါ။ ကလေးတွေကို ပညာသင်ပေးတယ်ဆိုတာ သဘောထားကြီးအောင်၊ အမြင်ကျယ်အောင် သင်ပေးကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်" ဟု ပြန်လည်ဆွေးနွေးသည်။

**ငြိမ်းချမ်းရေး အမြန်ဆုံးရချင်ပါပြီ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Online မှ မေးမြန်းသည့် "ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးက ကျန်တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးထက် ပိုမိုအရေးကြီးတယ်လို့ထင်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် ဘယ်လိုဆောင်ရွက်နေလဲ သိပါရစေမေးခွန်း"၊ "အမျိုးသားရင်ကြားစေ့ရေးကိစ္စဟာ လွယ်မယောင်နဲ့ ဘာကြောင့်ခက်ခဲနေရပါသလဲ၊ NCA ကြောင့်လား၊ ခြေဥကြောင့်လား၊ တပ်မတော်က လက်ရှိအစိုးရနဲ့အပြည့်အဝ ပူးပေါင်းပါဝင်မှု မရှိလို့လား၊ တပ်မတော်အပေါ်မှာ လက်နက်ကိုင်တိုင်းရင်းသားတွေ ယုံကြည်မှုမရှိလို့လား၊ ဒါမှမဟုတ် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ခေါင်းဆောင်တွေဟာ တိုင်းရင်းသား အကျိုးစီးပွားထက် ကိုယ့်အကျိုးစီးပွားကိုပဲရှေ့တန်းတင်နေလို့လား၊ ငြိမ်းချမ်းရေးအမြန်ဆုံးရချင်ပါပြီ မေးခွန်း" နှင့် ""ငြိမ်းချမ်းရေးဖြစ်စဉ် ဒီထက်ပိုမိုထိရောက်အောင် တိုင်းနဲ့ ပြည်နယ်အသီးသီးမှာ Public Center for Peace ဆိုပြီး လူထုအခြေပြု လုပ်ဆောင်နိုင်အောင် အစိုးရကဦးဆောင်ပြီး လုပ်သင့်၊ မလုပ်သင့် မေးချင်ပါတယ်" မေးခွန်း သုံးခုနှင့် စကားဝိုင်းသို့ တက်ရောက်နားထောင်ကြသည့်ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် မေးခွန်းများနှင့်စပ်လျဉ်း၍ "ငြိမ်းချမ်းရေးဆိုတာ အားလုံးအတွက် အတူတူပဲ အရေးကြီးပါတယ်။ တစ်နေရာထက် တစ်နေရာ ပိုတယ်ဆိုတာ မရှိပါဘူး။ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးအတွက်ဘယ်လို ဆောင်ရွက်နေသလဲ သိပါရစေ ပြောတော့ နည်းနည်း စဉ်းစားမိတယ်။ သတင်းစာဖတ်ကြပါ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဗဟိုကော်မတီဆိုတာ ဖွဲ့ထားပါတယ်။ အဲ့ဒီကော်မတီရဲ့ လုပ်ဆောင်ချက်တွေလည်း ကာလအားလျော်စွာ သတင်းထုတ်ပြန်ပါမယ်။

"အမျိုးသားရင်ကြားစေ့ရေးဆိုတာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ တန်ဖိုးအကြီးဆုံး အရာတစ်ခုဖြစ်တာကြောင့် ခက်ခက်ခဲခဲနဲ့ လုပ်ယူရမယ်ဆိုတာ ကျွန်မတို့ အစကတည်းက နားလည်ပါတယ်။ ဘာကြောင့် ခက်ခဲနေတာလဲဆိုတဲ့ မေးခွန်းကို ကျွန်မ မဖြေခြင်းရဲ့ အဓိကဟာ ဘယ်သူ့ကိုမှ ကျွန်မလက်ညှိုးထိုးပြီးတော့ အပြစ်မရှာချင်ဘူး။ အားလုံးမှာ တာဝန်ရှိတယ်လို့ ကျွန်မထပ်တလဲလဲပြောပါတယ်။ အားလုံးက အဘက်ဘက်က စဉ်းစားပေးဖို့ အင်မတန်မှ လိုပါတယ်။ ကိုယ့်တစ်ယောက်အမြင်နဲ့ ကြည့်နေလို့ မရပါဘူး။ ကျွန်မတို့ရဲ့နိုင်ငံမှာ အမျိုးသားရင်ကြားစေ့ရေး မရှိတာ ကတော့ တစ်ဦးအပေါ်တစ်ဦး ယုံကြည်ချက်က မပြည့်ဝသေးလို့လို့ ကျွန်မပြောချင်ပါတယ်။ ယုံကြည်ချက်ရှိဖို့အတွက် ကျွန်မတို့ အားလုံးဝိုင်းပြီးတော့ ကြိုးစားရမှာ ဖြစ်ပါတယ်။

"ကျွန်မတို့ဟာ ပြည်သူပြည်သားများအားလုံး ပါဝင်နိုင်အောင်လို့ နည်းအမျိုးမျိုး စဉ်းစားရမှာပါ။ ဒီလို Center တစ်ခုဖွင့်ပြီးတော့ လုပ်မလား၊ အခြားနည်းနဲ့ လုပ်မလားဆိုတာ ကျွန်မတို့လည်း စဉ်းစားရမှာပါ။ အားလုံးပါနိုင်မယ်ဆိုရင်တော့ ကျွန်မတို့ ငြိမ်းချမ်းရေးဟာ မလွဲမသွေ အမြန်ရမှာပါ။ အားလုံးပါနိုင်ရေးအတွက်လည်း ကျွန်မတို့ နည်းအမျိုးမျိုးနဲ့ ရှာနေပါတယ်" ဟု ပြန်လည်ဖြေကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ ဒီကိုလာနိုင်တဲ့အတွက် အများကြီးပဲ ဝမ်းသာတယ်။ ကျွန်မတို့ ဒီမှာရှိစဉ်ပေါ့နော်၊ အတူတူအားလုံး ဆွေးနွေးလိုက်တဲ့အခါကျတော့ ပြည်သူအချင်းချင်းကနေပြီး ကူညီလို့ ချက်ချင်းလက်ငင်းကို အချို့ပြဿနာလေးတွေကို ကျွန်မတို့ ဖြေရှင်းနိုင်တဲ့အတွက်လည်း ကျွန်မအင်မတန်မှ အားတက်တယ်။ ဒါဟာ ပြည်သူတွေရဲ့ မိမိရဲ့နိုင်ငံသူ နိုင်ငံသားတာဝန် သိရှိမှုပဲ။ ဒီလိုတာဝန်သိရှိမှုတွေနဲ့ဆိုရင် ကျွန်မတို့နိုင်ငံအတွက် ကျွန်မတို့ ဘာမှစိတ်ပူစရာမလိုဘူး။ ရုန်းတော့ ရုန်းကန်ရမှာပဲ။ ဘဝမှာ ဘာမှလွယ်လွယ်နဲ့မရဘူး။ အဲ့တော့ ကျွန်မတို့ ရုန်းကန်ရမယ်။ ကြိုးစားရမယ်။ ဒါပေမယ့်လည်း ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကို ကျွန်မတို့ရောက်မယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ အခုလို ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေရတဲ့ဒေသက ပြည်သူပြည်သားများ ပိုပြီးတော့ နိုးကြားတက်ကြွစွာနဲ့ ဘယ်ဘက်ကနေပြီးတော့ ကူညီနိုင်မလဲဆိုတာကို စဉ်းစားပြီး ပါဝင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးကြသည့် ကျေးလက်ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။

အဆိုပါငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြေတိုင်ကန်ကျေးရွာနှင့် ယင်းကျေးရွာပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တိုးတက်လိုက်၊ နောက်ပြန်ဆုတ်လိုက်နဲ့ ရှိတတ်တဲ့အတွက် ပြည်သူတွေအနေနဲ့ တိုးတက်မှုနှေးကွေးတယ်လို့ ထင်တတ်ပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး Mr. Paul Seger နှင့် တွေ့ဆုံမေးမြန်းခြင်း)

**ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး**

**ဩဂုတ် ၅ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင်ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်စနစ်များနှင့်အတူ မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးတိုးတက်လာမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး Mr. Paul Seger နှင့်တွေ့ဆုံမေးမြန်းထားမှုကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်-**

**မေး။ ။ ဆွစ်ဇာလန်- မြန်မာ သံတမန်ဆက်ဆံရေး တိုးတက်လာတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သိပါရစေ။**

ဖြေ။ ။ ဒီနှစ်မှာ မြန်မာနဲ့ဆွစ်ဇာလန်တို့အကြား နှစ် ၆၀ မြောက် သံတမန်ဆက်ဆံရေး အထိမ်းအမှတ် ကျင်းပမှာဖြစ်ပါတယ်။ နှစ်နိုင်ငံအကြားဆက်ဆံရေးဟာ အတော်ကောင်းမွန်လာပြီလို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံဟာ အခက်အခဲကြားကနေ ရုန်းထွက်ခဲ့ရပြီး ၂၀၁၁ ခုနှစ်မှာ နိုင်ငံတကာနဲ့ ထိတွေ့လာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဒီမိုကရေစီရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာ အထူးတလည်ကို တိုးတက်လာပါတယ်။ နိုင်ငံတကာအလယ် ပြန်လည်ရောက်ရှိလာတာနဲ့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို စတင်ဖော်ဆောင်ခဲ့တာကို အသိမှတ်ပြုတဲ့အနေနဲ့ ၂၀၁၂ ခုနှစ်မှာ မြန်မာနိုင်ငံတွင် သံရုံးဖွင့်လှစ်ခဲ့ပါတယ်။ ဆွစ်ဇာလန်နဲ့ မြန်မာနိုင်ငံအကြား ဆက်ဆံရေးဟာ ရှေ့လျှောက်ပိုပြီး ကောင်းမွန်လာလိမ့်မယ်လို့ မြင်ပါတယ်။

**မေး။ ။ ဆွစ်ဇာလန်နိုင်ငံရဲ့ ပထမဆုံးသံအမတ်ကြီး မစ္စတာခရစ်စတိုဖာဘာဂျင်နာက မြန်မာနိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခကို မဖြေရှင်းသရွေ့စစ်မှန်တဲ့ဒီမိုကရေစီနဲ့ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရနိုင်ဘူးလို့ ဆိုခဲ့ပါတယ်။ လက်ရှိအစိုးရကလုပ်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာအစိုးရအနေနဲ့ အဲ့ဒီ လုပ်ငန်းစဉ်နှစ်ရပ်လုံးအပေါ်မှာ အောင်မြင်မှုရတယ်လို့ ကျွန်တော်ထင်ပါတယ်။ စိတ်ရှည်ဖို့တော့လိုပါတယ်။ နိုင်ငံတကာအနေနဲ့ကတော့ မြန်မာပြည်သူတွေလောက် စိတ်ရှည်ချင်မှ ရှည်မှာပါ။ ကုလသမဂ္ဂမှာလုပ်ခဲ့တဲ့ ကျွန်တော့်အတွေ့အကြုံအရ ငြိမ်းချမ်းရေးတည်ဆောက်တယ်၊ ငြိမ်းချမ်းရေးရယူတယ်ဆိုတာ အချိန်ကြာလေ့ရှိတာကိုသိရပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တိုးတက်လိုက်၊ နောက်ပြန်ဆုတ်လိုက်နဲ့ ရှိတတ်တဲ့အတွက် ပြည်သူတွေအနေနဲ့ တိုးတက်မှုနှေးကွေးတယ်လို့ထင်ရင် ဒါဟာ ဖြစ်လေ့ ဖြစ်ထရှိတဲ့သဘောလို့ ကျွန်တော်ပြောလေ့ရှိပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်တွေ အခက်အခဲအတားအဆီးမရှိ တိုးတက်လာတယ်ဆိုရင်တော့ အလွန်အံ့သြရမှာပါ။ ဒါပေမယ့် ရေရှည်အမြော်အမြင်ရှိဖို့တော့လိုပါတယ်။ အချိန်ကာလအားဖြင့် သုံးနှစ် သို့မဟုတ် ငါးနှစ်တာကာလကိုဆိုလိုတာ မဟုတ်ပါဘူး။ ငါးနှစ်လည်းဖြစ်နိုင်သလို အနှစ် ၂၀ လည်း ဖြစ်နိုင်ပါတယ်။ အိုင်ယာလန်နိုင်ငံရဲ့ ပဋိပက္ခအခြေအနေကိုကြည့်မယ်ဆိုရင် အချိန်အတော်ကြာ ဖြေရှင်းယူခဲ့ရပါတယ်။ မြန်မာနိုင်ငံလို နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်တွင်းပြဿနာအားလုံးနဲ့ အတိတ်ကကျန်ခဲ့တဲ့ အမွေဆိုးတွေကို တစ်နှစ် သို့မဟုတ် နှစ်နှစ်အတွင်း ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်လို့မရနိုင်ပါဘူး။ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကတော့ အပြုသဘောဆောင်နေပြီလို့ မြင်ပါတယ်။

**မေး။ ။ ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံလို မတူကွဲပြားမှုကြားက စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခဲ့တဲ့ ဆွစ်ဇာလန်နိုင်ငံရဲ့အတွေ့အကြုံကို မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ဟာ ဖက်ဒရယ်စနစ်နဲ့ နှစ်အတန်ကြာယဉ်ပါးလာခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံကလည်း ဖက်ဒရယ်စနစ်ကနေမွေးဖွားလာခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံကို ဆွစ်ကွန်ဖက်ဒရေးရှင်းအဖြစ်ခေါ်ဆိုတယ်ဆိုတာ တိုက်ဆိုင်မှုတစ်ရပ်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ ပဲခူးတိုင်းလောက်ပဲ အကျယ်အဝန်းရှိတဲ့ နိုင်ငံငယ်ကလေးပါ။ သို့သော်လည်း နိုင်ငံကိုဒေသစိတ်နယ်မြေ ၂၆ ခုနဲ့ ဖွဲ့စည်းထားပါတယ်။ မတူညီတဲ့ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းနောက်ခံစတဲ့ မတူညီကွဲပြားတဲ့ကြားမှာ သဟဇာတဖြစ်အောင် တညီတညွတ်တည်းရှိအောင် နေထိုင်ရမယ်ဆိုတာ ကျွန်တော်တို့ ဆယ်စုနှစ်ချီ၊ ရာစုနှစ်ချီတဲ့အထိ လေ့လာသင်ကြားခဲ့ရပါတယ်။ ကွဲပြားခြားနားမှုကနေဖြစ်ပေါ်လာတဲ့ ပဋိပက္ခတွေကို ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းဟာ ဖက်ဒရယ်စနစ်သာ အကောင်းဆုံးဖြစ်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ကြုံခဲ့ပြီးဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့အကြောင်းအရင်းတွေပါ။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ လုပ်ဆောင်တာတွေဟာ ဒီနည်းလမ်းတွေကို တင်သွင်းဖို့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့ မတူကွဲပြားခြားနားမှုအပေါ် စုစည်းအောင်လုပ်ဆောင်နိုင်တဲ့ နည်းလမ်းတွေ ရှာဖွေရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နည်းလမ်းကိုအတုယူဖို့မဟုတ်ဘဲ ကျွန်တော်တို့ရဲ့ အတွေ့အကြုံကိုသာ မျှဝေခြင်းဖြစ်ပါတယ်။ ဖက်ဒရယ်ဝါဒရဲ့ ဓလေ့စရိုက်တွေကိုလေ့လာဖို့ မြန်မာနိုင်ငံက လေ့လာရေးအဖွဲ့တွေကို ဆွစ်ဇာလန်သို့ ခေါ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ တက်ကြွတဲ့နိုင်ငံခြားရေးမူဝါဒနဲ့အတူ ဆွစ်ဇာလန်နိုင်ငံဟာ ကမ္ဘာတစ်ဝန်းမှာပြုလုပ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်နေတာတွေ့ရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ဆွစ်ဇာလန်ရဲ့ကူညီပံ့ပိုးမှုကို သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံရဲ့ဖွဲ့စည်းပုံမှာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရဲ့ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ ငြိမ်းချမ်းရေးမြှင့်တင်မှုတွေမှာ ပါဝင်လုပ်ဆောင်ရမယ့်အချက်ကို ထည့်သွင်းထားပါတယ်။ ကျွန်တော်တို့နိုင်ငံလို နိုင်ငံဟာ ကမ္ဘာမှာ အနည်းအကျဉ်းသာရှိမှာဖြစ်ပါတယ်။ ဆွစ်ဇာလန်ဟာ ကြားနေနိုင်ငံဖြစ်တဲ့အတွက် ဘယ်နိုင်ငံနဲ့မှ ပဋိပက္ခမရှိခဲ့ပါဘူး။ ကြားနေနိုင်ငံဖြစ်ခြင်း၊ ဝှက်ဖဲမရှိခြင်းနဲ့ အင်ပါယာနဲ့ဆိုင်တဲ့အတိတ်သမိုင်းကြောင်းမရှိခြင်း စတဲ့အချက်တွေဟာ အခြားနိုင်ငံတွေကို အကူအညီပေးတဲ့အခါမှာသော်လည်းကောင်း၊ ငြိမ်းချမ်းရေးမြှင့်တင်ခြင်း၊ ပဋိပက္ခတွေကိုကျော်လွှားခြင်းနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပံ့ပိုးရာမှာသော်လည်းကောင်း ကျွန်တော်တို့ကို ကောင်းမွန်တဲ့အခွင့်အလမ်း ရရှိစေတာဖြစ်ပါတယ်။ ဒီအခွင့်အလမ်းနဲ့အတူ မြန်မာနိုင်ငံမှာရော အခြားသောနိုင်ငံတွေမှာပါ ဖော်ပြပါပံ့ပိုးမှုတွေကို ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ လုပ်ဆောင်နေတာကတော့ ဖက်ဒရယ်ဝါဒအရေးကိစ္စနဲ့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကူညီပံ့ပိုးနေသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆွေးနွေးတဲ့ အဖွဲ့အစည်းအားလုံးကိုလည်း ကူညီပံ့ပိုးနေပါတယ်။ စစ်ပွဲစိတ်ဓာတ်ကနေ ငြိမ်းချမ်းရေးစိတ်ဓာတ်ကို ချက်ချင်းပြောင်းဖို့မလွယ်ကူပါဘူး။ ဆိုလိုတာက စစ်ပွဲဆင်နွှဲရာကနေ ငြိမ်းချမ်းရေးဆွေးနွေးဖို့ဆိုတာ မလွယ်ကူတဲ့အရာပါ။ ငြိမ်းချမ်းရေးဆွေးနွေးဖို့အတွက် ပါဝင်ပတ်သက်သူတိုင်းက ဆန္ဒရှိမယ်ဆိုရင် အကောင်းဆုံးအဖြေတစ်ခုရမယ်လို့ ယုံကြည်တဲ့အတွက် ဒီလုပ်ငန်းစဉ်ကို ကြိုးစားပြီး ပံ့ပိုးနေတာဖြစ်ပါတယ်။ ထို့နည်းတူစွာ လူ့အခွင့်အရေးပဋိညာဉ်စာချုပ်ကို ချမှတ်လိုတဲ့ နိုင်ငံတွေကို ကူညီပံ့ပိုးမယ့်အလုပ်ရုံဆွေးနွေးပွဲတစ်ခု လာမယ့် ဒီဇင်ဘာလမှာကျင်းပမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ လမ်းညွှန်မှုနဲ့သာ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးတာဖြစ်ပါတယ်။

**မေး။ ။ ဆွစ်ဇာလန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အဖွံ့ဖြိုးဆုံးနိုင်ငံဖြစ်သလို နိုင်ငံသားတစ်ဦးချင်းရဲ့ ဝင်ငွေဟာလည်း အမြင့်မားဆုံးလို့ သိရပါတယ်။ ဆွစ်ဇာလန်နိုင်ငံရဲ့ စီးပွားရေးတောင့်တင်းမှုနဲ့ နိုင်ငံသာယာဝပြောမှုနဲ့ပတ်သက်ပြီး မျှဝေပေးစေချင်ပါတယ်။**



မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး
**Mr. Paul Seger**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံထဲက တစ်ခုဆိုတာ မှန်ပါတယ်။ သို့ပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က ကြည့်မယ်ဆိုရင် ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံပါ။ ကျွန်တော်တို့နိုင်ငံမှာ ရေကလွဲပြီး ဘာသဘာဝအရင်းအမြစ်မှမရှိတဲ့အတွက် ဦးနှောက်(ဉာဏ်)ကိုသာ တစ်ခုတည်းသော အရင်းအမြစ်ရှိတယ်လို့ပြောချင်ပါတယ်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ခဲ့တာဟာ ကျွန်တော်တို့ရဲ့ လုပ်ငန်းလျှို့ဝှက်ချက်ဖြစ်ပါတယ်။ သုတေသနနဲ့ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကောင်းမွန်တဲ့တက္ကသိုလ်တွေအပြင် အသက်မွေးဝမ်းကျောင်းသင်တန်းတွေသင်ကြားတဲ့ အခြေခံနဲ့အလယ်အလတ်ပညာရေးကို မြင့်မားအောင်လုပ်ဆောင်ခဲ့ပါတယ်။

ဒီနေရာမှာ စိတ်ဝင်စားစရာတစ်ခုက ကျွန်တော်တို့နိုင်ငံဟာ တက္ကသိုလ်ဘွဲ့ရအရေအတွက် အနည်းဆုံးရှိတဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ ဆွစ်ဇာလန်လူငယ် ၃၀ ရာခိုင်နှုန်းလောက်သာ တက္ကသိုလ်တက်ကြပါတယ်။ ၇၀ ရာခိုင်နှုန်းဝန်းကျင်ကတော့ သက်မွေးပညာကိုသင်ကြားကြပါတယ်။ ဒါကြောင့် ကျောင်းသားအရေအတွက်၊ ဘွဲ့ရတွေအရေအတွက်နဲ့ နိုင်ငံကြွယ်ဝချမ်းသာမှုတို့ဟာ အမှန်တော့ ဆက်စပ်မှုမရှိပါဘူးဆိုတာ ကျွန်တော်တို့ အတွေ့အကြုံအရသိရပါတယ်။ ကျွန်တော်တို့သိခဲ့တာက ကောင်းမွန်တဲ့အသက်မွေးဝမ်းကျောင်းပညာရပ်ရှိတဲ့ ပြည်သူတွေကသာ ကျွန်တော်တို့လုပ်သားအင်အားရဲ့အခြေခံဖြစ်တယ်ဆိုတာပါပဲ။ ကျွန်တော်တို့ရဲ့ ပို့ကုန်တစ်ခုက ဆွစ်နာရီဖြစ်ပြီး နာရီကိုလုပ်ဖို့ ဆရာဝန် သို့မဟုတ် တက္ကသိုလ်ကျောင်းသားတွေမလိုအပ်ပါဘူး။ နာရီကိုပြုလုပ်နိုင်တဲ့ အရည်သွေးမြင့်လုပ်အားပဲလိုပါတယ်။ ထို့နည်းတူစွာပဲ ဆေးဝါးထုတ်လုပ်ဖို့အတွက် ဆေးဝါးထုတ်လုပ်နိုင်တဲ့ ပညာရှင်တွေလိုအပ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ နှစ် ၆၀ မြောက် သံတမန်ဆက်ဆံရေးအထိမ်းအမှတ်ကျင်းပခြင်းနှင့်အတူ ဆွစ်ဇာလန်မှာရှိတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ပတ်သက်ပြီး မြန်မာပြည်သူတွေသိရှိအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါကလည်း မြန်မာနိုင်ငံကိုတိုးတက်စေချင်တဲ့ဆန္ဒနဲ့ လုပ်ဆောင်တာဖြစ်ပြီး ယခင်ကချမ်းသာခဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့ ချမ်းသာတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိ လိမ့်မယ်လို့ ကျွန်တော် အသေအချာပြောရဲပါတယ်။

**မေး။ ။ ဆွစ်နာရီဆိုတာ တဖြည်းဖြည်း လုပ်ငန်းကြီးလာတဲ့ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတစ်ခုပုံစံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အိမ်တွင်းအသေးစားလုပ်ငန်းတွေအများကြီးရှိပေမယ့် ခေတ်ကာလအခြေအနေအရ ဒီအသေးစားလုပ်ငန်းတွေ ပျောက်ကွယ်နေပါတယ်။ ဒါကြောင့် ဒီလို အသက်မွေးဝမ်းကျောင်းသင်တန်းမျိုးက ရိုးရာအိမ်တွင်းအသေးစားလုပ်ငန်းတွေတည်တံ့ဖို့ အထောက်အကူဖြစ်စေမလား။**

ဖြေ။ ။ ဟုတ်ပါတယ်။ အထောက်အကူဖြစ်စေပါတယ်။

ကျွန်တော်တို့လုပ်ဆောင်ဖို့ ကြိုးပမ်းနေတာကတော့ ရိုးရာလက်မှုအတတ်ပညာကို ထိန်းသိမ်းမြှင့်တင်ဖို့ဖြစ်ပြီး အဲဒီရိုးရာလက်မှုပစ္စည်းတွေက မြန်မာနိုင်ငံအတွက် ပြည်ပတင်ပို့နိုင်စွမ်းရှိတဲ့အရာလို့ ကျွန်တော်ထင်ပါတယ်။ လူတွေက အရည်အသွေးကောင်းမွန်တဲ့ ရိုးရာလက်မှုပစ္စည်းတွေ ကမ္ဘာတစ်ဝန်းတင်ပို့ဖို့ မျှော်လင့်နေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက အခြားတိုင်းပြည်တွေလို ဥပမာ လာအိုနိုင်ငံလို သူတို့ရဲ့ ရိုးရာလက်မှုအတတ်ပညာကို ထိန်းသိမ်းနိုင်စွမ်းရှိမယ်ဆိုရင် ကောင်းမွန်ပါလိမ့်မယ်။ စီးပွားရေးအရသာမက အမျိုးသားယဉ်ကျေးမှုအရပါ မေးခွန်းတစ်ခုဖြစ်နေပါတယ်။ ဒါပေမယ့် သက်မွေးဝမ်းကျောင်းသင်တန်းကလည်း အခြားလုပ်ငန်းကဏ္ဍတွေအတွက် အရေးကြီးပါတယ်။

မြန်မာနိုင်ငံက လှပတဲ့တိုင်းပြည်တစ်ခုအဖြစ် ကျွန်တော့်ကို အံ့အားသင့်စေပြီး မြန်မာပြည်သူတွေက အများအားဖြင့် ဖော်ရွေကြပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက ကဏ္ဍစုံရှိတဲ့အတွက် မြန်မာနိုင်ငံကိုလာရောက်တဲ့သူ ပိုပြီးများများလာပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ ဟိုတယ်စီမံခန့်ခွဲရေးနဲ့ ဧည့်ခံပြုစုမှု စီမံခန့်ခွဲရေးမှာ ကောင်းမွန်တဲ့အခြေခံအဆောက်အအုံ လိုအပ်ပါတယ်။ ဒါကြောင့် သက်မွေးဝမ်းကျောင်းသင်တန်းက အရေးပါတဲ့အခန်းကဏ္ဍတစ်ရပ်က ပါဝင်နေပြီး ကျွန်တော်တို့ အဲဒီနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှု ဆက်လက်ပြုလုပ်နေပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် ဆွစ်ဇာလန်နိုင်ငံရဲ့ ပံ့ပိုးကူညီမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို သိလိုပါတယ်။**

ဖြေ။ ။ ဆွစ်ဇာလန်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံက အရေးပါတဲ့မိတ်ဖက်နိုင်ငံတွေထဲက တစ်နိုင်ငံအဖြစ် ကျွန်တော်တို့ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့လေးနှစ်ကျော်ကတည်းက ဒီမဟာဗျူဟာကို ကျွန်တော်တို့ ဖော်ဆောင်ခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံထားတဲ့ အဲဒီအစီအစဉ်ကို နောက်ထပ်လေးနှစ်အထိ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အလေးပေးဆောင်ရွက်ဖို့ အခြေခံအားဖြင့် နယ်ပယ်သုံးခုကို မြန်မာအာဏာပိုင်တွေနဲ့အတူ ကျွန်တော်တို့ ရွေးချယ်သတ်မှတ်ခဲ့ပါတယ်။

ကဏ္ဍတစ်ခုကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးဖြစ်ပါတယ်။ သီးနှံတွေ အရည်အသွေး ပိုမိုကောင်းမွန်စွာ၊ အထွက်နှုန်းပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ဖို့နဲ့ ပြည်ပကို စတင်တင်ပို့နိုင်ဖို့၊ မြန်မာတောင်သူတွေကိုကူညီဖို့ ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်။ မြန်မာနိုင်ငံက မြေဩဇာကောင်းမွန်တဲ့ စိုက်ပျိုးနိုင်တဲ့ မြေယာတွေအများကြီးရှိပေမယ့် ကျွန်တော်တို့ အကဲဖြတ်တာကတော့ သီးနှံထုတ်လုပ်တဲ့ နည်းလမ်းတွေက တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။

နောက်ထပ်အရေးပါတဲ့ နယ်ပယ်ကတော့ ကျန်းမာရေးကဏ္ဍဖြစ်ပါတယ်။ ဒေသန္တရကျန်းမာရေးဌာနတွေကို ပံ့ပိုးကူညီဖို့ မြန်မာနိုင်ငံရဲ့ အရှေ့တောင်ဘက် အထူးသဖြင့် မွန်ပြည်နယ်နဲ့ကရင်ပြည်နယ်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ကျွန်တော်တို့ စတင်ခဲ့ပါတယ်။ ဥပမာ အဲဒီဒေသတွေမှာ တစ်ယောက်ယောက် ဖျားနာလာရင် ပထမဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့သူအဖြစ် အသုံးပြုနိုင်ဖို့ သားဖွားဆရာမတွေကို လေ့ကျင့်ပေးနေပါတယ်။ ဒါက မြန်မာနိုင်ငံရဲ့ကျန်းမာရေးအစီအစဉ်တွေမှာ ဆွစ်ဇာလန်နိုင်ငံက ပံ့ပိုးကူညီမှုဖြစ်ပါတယ်။

နောက်ဆုံးအရေးကြီးတဲ့နယ်ပယ်ကတော့ သက်မွေးဝမ်းကျောင်းသင်တန်းဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးအစီအစဉ်က ဘယ်လောက်အရေးပါတယ်ဆိုတာ ကျွန်တော် မပြောပြတတ်ပါဘူး။

*စာမျက်နှာ ၁၀ သို့*

**ဆွစ်ဇာလန်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံက အရေးပါတဲ့မိတ်ဖက်နိုင်ငံတွေထဲက တစ်နိုင်ငံအဖြစ် ကျွန်တော်တို့ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့လေးနှစ်ကျော်ကတည်းက ဒီမဟာဗျူဟာကို ကျွန်တော်တို့ ဖော်ဆောင်ခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရင်းနှီးမြှုပ်နှံထားတဲ့ အဲဒီအစီအစဉ်ကို နောက်ထပ်လေးနှစ်အထိ ဆက်လက်ဆောင်ရွက်မှာဖြစ်**

# ပြည်သူများပူးပေါင်းသော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်

နေပြည်တော် ဩဂုတ် ၇

**တွံတေးမဲဆန္ဒနယ်ဦးမြင့်လွင်၏ မြို့နယ်တိုင်းတွင် အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများပူးပေါင်းသောစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်** (ယာပုံ) **လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။**



ယင်းအဆိုနှင့်စပ်လျဉ်း၍ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်က ပြည်သူ့စာကြည့်တိုက်တိုးတက်ရန်ဆိုလျှင် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေသည့် ဥပဒေများကို ပယ်ဖျက်သင့်ပြီး ပြည်သူ့စာကြည့်တိုက်ဥပဒေကို ပြဋ္ဌာန်းသင့်ပါကြောင်း၊ စာကြည့်တိုက်ပညာကို ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများသာမက စာပေဝါသနာရှင်များပါဝင်သည့် ကော်မတီမျိုးဖွဲ့စည်းသင့်ပါကြောင်း၊ စာကြည့်တိုက်များရှင်သန်စေရန် စာအုပ်များရှိရုံတင်မက ခေတ်မီသည့်စာကြည့်တိုက်မျိုးဖြစ်အောင် အဆင့်မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ အရေအတွက်ကိုတန်ဖိုးထားသည့် အမူအကျင့်ကိုရှောင်ကြဉ်သင့်ပါကြောင်း၊ အစိုးရ၊ စာပေဝါသနာရှင်၊နားလည်တတ်ကျွမ်းသူများ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ အလားတူ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) မောင်တင်သစ်၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးလုထွန်းအောင်နှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေမျိုးအောင်တို့က ဆွေးနွေးကြသည်။

### ကွန်မြူနတီစာကြည့်တိုက်အဖြစ်ပြောင်းလဲ

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာကြည့်တိုက်များသည် အသိပညာဘဏ္ဍာတိုက်များဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်လူအမျိုးမျိုး၏ အတွေ့အကြုံများ၊ အသိပညာများကို စုစည်းသိုမီးရာ နေရာများဖြစ်ပါကြောင်း၊ မိမိသိလိုသည်များကို စာကြည့်တိုက်ရှိ စာအုပ်များတွင် ရှာဖွေနိုင်ပါကြောင်း၊ ကမ္ဘာတွင် အဖွံ့ဖြိုးဆုံး၊ အတိုးတက်ဆုံးတိုင်းပြည်များသည် စာအဖတ်ဆုံးတိုင်းပြည်များဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အောက်ရှိ ရုံးများသည် တစ်ချိန်က အများပြည်သူ ဝင်ထွက်သွားလာမှု နည်းများခဲ့သော်လည်း ယခုအခါတွင် ရပ်ရွာ လူထုတွေ့ဆုံနှီးနှောရာနေရာ ကွန်မြူနတီစင်တာ၊ စာကြည့်တိုက်များကို ဒေသအလိုက် ရပ်ရွာလူထု၏ လိုအပ်ချက်နှင့်အညီ ကွန်မြူနတီစာကြည့်တိုက်အဖြစ်ပြောင်းလဲ နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါတွင် ရှေ့ပြေးနမူနာအဖြစ် ကွန်မြူနတီစင်တာများအဖြစ် အင်းစိန်၊ မြောင်းမြ၊ နတ်မောက်၊ ပျဉ်းမနားမြို့များတွင် ဒေါ်ခင်ကြည်ဖောင်းဒေးရှင်းနှင့် ပူးတွဲဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း။

### လူထုသဘောဆန္ဒပါဝင်မှု

ထို့ပြင် စာကြည့်တိုက်မော်တော်ယာဉ်များဖြင့် ရွေ့လျားစာကြည့်တိုက်များကိုလည်း တွဲဖက်ပေးထားပါကြောင်း၊ ရုံးအဆောက်အအုံများတွင် သင်တန်းများ၊ အစည်းအဝေးများ ဟောပြောပွဲများ၊ တွေ့ဆုံပွဲများကျင်းပနိုင်ရန် လိုအပ်သည့် ပစ္စည်းများကို ထားရှိပေးထားပါကြောင်း၊ ပြီးခဲ့သည့်လပိုင်းက မြစ်ကြီးနားမြို့တွင် အဆောက်အအုံ၊ လုပ်ငန်းအစီအမံများအရပါ ပိုမိုအဆင်ပြေပြည့်စုံသည့် ကွန်မြူနတီစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုစင်တာများသည် ပြည်သူလူထုအသိပညာ တိုးပွားရေးအတွက် မိမိအရပ်ဒေသနှင့် မိမိနိုင်ငံ၏ အရေးကိစ္စများတွင် ပြည်သူများစိတ်ပါဝင်စားလာစေရေးနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်တွင် လူထုသဘောဆန္ဒပါဝင်မှု တိုးတက်ရေးတို့အတွက် အထောက်အကူပြုသွားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု လူမှုအခြေပြုဇဟိုဌာနနှင့်ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း၊ လက်ရှိအခြေအနေတွင် ကွန်မြူနတီစင်တာအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ရုံးများ၊ စာကြည့်တိုက်များကို မဲဆန္ဒနယ်ပြည်သူများနှင့် တွေ့ဆုံရာနေရာအဖြစ် အသုံးပြုနိုင်ရန်ဖိတ်ခေါ်ထားပါကြောင်း၊ သို့သော် ယနေ့ဆွေးနွေးနေကြသည့် စာကြည့်တိုက်တိုးတက်ရေးကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ရန်မှာ ကြီးကျယ်ပါကြောင်း၊

*စာမျက်နှာ ၉ သို့*

# အမ်းလမ်း ကြက်ရေစမ်းဂိတ်တွင် ရခိုင်ပြည်နယ်သို့ပြန်လာသည့်ခရီးသည်များအား မှတ်ပုံတင်ပုံမှန်စစ်ဆေးခြင်းကို ရုပ်သိမ်းပေးရန်အစီအစဉ်မရှိ

**နေပြည်တော် ဩဂုတ် ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **အမ်းလမ်း ကြက်ရေစမ်းဂိတ်တွင် မှတ်ပုံတင်စစ်ဆေးစဉ် ရပ်စောင့်နေရသော ခရီးသည်များအတွက် အမိုးအကာများစီစဉ်ပေးရန်နှင့် ယင်းဂိတ်တွင် ရခိုင်ပြည်နယ်သို့ ပြန်လာသည့် ခရီးသည်များအား မှတ်ပုံတင် ပုံမှန်စစ်ဆေးခြင်းကို ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ ထိစပ်နေသည့် အမ်းလမ်းကြက်ရေစမ်းဂိတ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းစစ်ဆေးရသည့် လုံခြုံရေးဂိတ်စခန်းတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ယာဉ်ပေါ်တရားမဝင်ပစ္စည်းများ သယ်ဆောင်မှုကို စစ်ဆေးရန်နှင့် လူဝင်မှုကြီးကြပ်ရေးအဖွဲ့သည် လူဝင်၊ လူထွက်မှုကို စစ်ဆေးပေးရန် ဖြစ်ပါကြောင်း။

### မှတ်ပုံတင်စစ်ဆေးခြင်း

ရခိုင်ပြည်နယ်မှ ဘင်္ဂါလီများ တရားမဝင် ဝင်/ထွက်မှု ရှိသကဲ့သို့ တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်များလည်း ဝင်ရောက်ခဲ့သည့်ဖြစ်စဉ်များရှိသဖြင့် ခရီးသည်များ ဂိတ် အဝင်/အထွက်တွင် မှတ်ပုံတင် ပုံမှန်စစ်ဆေးခြင်းအား ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည့်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများမှ မှတ်ပုံတင်စစ်ဆေးခြင်းအား ယာဉ်ပေါ်တက်ရောက် စစ်ဆေးမည်ဆိုပါက ခရီးသည်များ ရပ်စောင့်နေရခြင်း မရှိဘဲ အဆင်ပြေမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဂိတ်တွင် စစ်ဆေးခံရသူ ခရီးသွားပြည်သူများ မိုးတွင်းကာလတွင် မိုးစိုမှုမရှိရေး၊ အဆင်ပြေချောမွေ့ရေးအတွက် အမိုးအကာများ၊ ခေတ္တနားနေရန် နေရာများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ နယ်စပ်ဖြတ်ကျော်စစ်ဆေးရေး ဂိတ်များဖွင့်လှစ်ခြင်းသည် ဘင်္ဂါလီများ ပြည်မသို့ တရားမဝင် ဝင်/ထွက်ခြင်းမှ တားဆီးကာကွယ်ရေးအတွက်သာမက တရားမဝင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ မူးယစ်ဆေးဝါးများ၊ လက်နက်မှောင်ခိုကုန်ကူးခြင်းများ၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်သမားများ အပါအဝင် ဥပဒေချိုးဖောက်သူများအား ကြိုတင်တားဆီးကာကွယ်ခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်၍ ရခိုင်သို့ပြန်လာသည့် ခရီးသည်များအား မှတ်ပုံတင်ပုံမှန်စစ်ဆေးခြင်းကို ရုပ်သိမ်းပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

### ပြန်လည်ရှင်းလင်း

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်တို့၏ **အဆင့်မီပြည်သူ့ရင်ပြင်တစ်ခု တည်ဆောက်ပေးရန် နှင့် တိမ်ကောရေမြောင်း ပြန်ဖော်ပေးရန်** မေးခွန်းများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)က ကော်မတီအနေဖြင့် နိုင်ငံတကာ ဆက်ဆံရေးအတွေ့အကြုံများကို လွှတ်တော်ဂျာနယ်၌ ဖော်ပြပေးသင့်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများကိုလည်း လေ့လာစောင့်ကြည့်သုံးသပ်နေရန် လိုအပ်ပါကြောင်း၊ ထို့အတူ ကော်မတီ၌ နိုင်ငံတကာအတွေ့အကြုံ၊ ဘာသာစကားကျွမ်းကျင်သည့်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းသွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးပြီး လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လုလုစိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်တို့က အကြံပြု ဆွေးနွေးကြသည်။

### အလေးထားဆွေးနွေး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ **ဒေါ်ရွှေရွှေစိန်လတ်**က ကော်မတီ၏ အစီရင်ခံစာအရ ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့တွင် လုပ်ငန်းဆောင်ရွက်မှုများအား တွေ့ရှိရသော်လည်း ယဉ်ကျေးမှုကဏ္ဍတွင် အားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ အတွင်းရှိတိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ စာပေနှင့် ဂီတတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖော်ထုတ် ထိန်းသိမ်းရန် အကြံပြုဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းသည့်အပြင် ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် အကြံပေးသင့်ပါကြောင်း၊ ထို့ပြင် ကော်မတီအနေဖြင့် ဝေးလံခေါင်သီသော ဒေသများမှ အမျိုးသမီးများ၏ ကဏ္ဍဆိုင်ရာလိုအပ်ချက်များကို အလေးထားဆွေးနွေးသင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

အမျိုးသားလွှတ်တော် **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ အမျိုးသားလွှတ်တော် **ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေက ကော်မတီအနေဖြင့် တိုင်ကြားစာများကို စိစစ်လက်ခံရာတွင် ယခုထက်ပိုမို တိကျစွာစိစစ်ဆောင်ရွက်သင့်ပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများ၏ ပြန်ကြားချက်များကိုလည်း အလေးထားစိစစ်ရန်လိုအပ်ပါကြောင်း၊ အလားတူ ပြည်သူတို့၏ တိုင်ကြားစာများအနက် အချိန်တိုအတွင်း ချက်ချင်းဖြေရှင်းပေးသင့်သည်များကိုလည်း အချိန်မဆိုင်းဆောင်ရွက် ပေးနိုင်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးပြီး လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ဩဂုတ် ၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ်လ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇၊ ကော်လံ ၁၊ စာပိုဒ် ၃၊ စာကြောင်းရေ ၃ ပါ ကားအင်ဂျင်ကို မိုင်းအဖြစ်သုံးတာတွေ့ပြီး **(အစား)** ကားပစ္စတင်ကို မိုင်းအဖြစ်သုံးတာတွေ့ပြီးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(သတင်းအဖွဲ့)**

# မြန်မာ-အမေရိကန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော် House Appropriations Committee ဥက္ကဋ္ဌ Hon. Mr. Rodney Frelinghuysen နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်တို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၇**

နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ပိုင်းတွင် Tokyo မြို့ရှိ Narita လေဆိပ်မှ ပြန်လည်ထွက်ခွာရာ နိပ္ပွန်ဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ Mr. Yuji MORI နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် စောမင်းနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည် ရောက်ရှိကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi နှင့်ဇနီး၊ စစ်သံမှူး Col. Kei TAJIKAနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်အတွင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shinzo ABE နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် Admiral Katsutoshi KAWANO တို့ နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ အသေးစားစက်မှုလုပ်ငန်းခေါက်ဆွဲစက်ရုံနှင့် Daihatsu မော်တော်ကားစက်ရုံတို့အား ကြည့်ရှုလေ့လာခြင်း၊ ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ Mr. Hideo WATANABE နှင့် နိပ္ပွန်ဖောင် ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA တို့နှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံနိုင်ငံများ၏ရိုးရာအကပြိုင်ပွဲ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် အာဆီယံ ထူထောင်သည့် နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ အာဆီယံ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် နှစ် ၂၀ ပြည့်မြောက် အထိမ်းအမှတ်အဖြစ် အာဆီယံနိုင်ငံများ၏ ရိုးရာအကပြိုင်ပွဲ (ASEAN traditional Dance Competition)ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပ သည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ တိုင်းရင်း သားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဦးနိုင်သက်လွင်နှင့် ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင့်ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်း နှင့်ဇနီး၊ အာဆီယံနိုင်ငံများမှသံအမတ်ကြီးများ၊ သံတမန်များ နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အာဆီယံနိုင်ငံ သံအမတ်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

"ကျွန်မတို့ ဒီပြိုင်ပွဲမှာ အာဆီယံနိုင်ငံတွေရဲ့ ရိုးရာအက တွေကိုအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်- မန္တလေး)နှင့်အနုပညာအထက်တန်းကျောင်း(ရန်ကုန်-မန္တလေး) မှကျောင်းသူများက အာဆီယံနိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ရိုးရာ သီချင်းတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ နိုင်ငံ တစ်နိုင်ငံရဲ့ ရိုးရာသီချင်းတစ်ပုဒ်ကို ကျောင်းသူသုံးဦးက ယှဉ်ပြိုင် ပါတယ်။ဒီထဲကနေ ပထမ၊ ဒုတိယ၊ တတိယ ရွေးပါတယ်။ နိုင်ငံ အလိုက် ထင်ရှားတဲ့ ရိုးရာသီချင်းတွေကိုတော့ အာဆီယံ သံအမတ်ကြီးတွေက ရွေးချယ်ပေးခဲ့တာ ဖြစ်ပါတယ်"ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ထိပ်တင်နှင်းက ပြောသည်။

အဆိုပါ အကပြိုင်ပွဲတွင် အာဆီယံနိုင်ငံများ၏ ရိုးရာ အက များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)နှင့် အနုပညာအထက်တန်းကျောင်း (ရန်ကုန်၊ မန္တလေး) မှ ကျောင်းသူများက အာဆီယံနိုင်ငံများအား ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းအကပြိုင်ပွဲတွင် အာဆီယံနိုင်ငံသံရုံးများမှ ကျွမ်း ကျင်သူများက အကဲဖြတ်ဒိုင်များအဖြစ်ဆောင်ရွက်၍ ဖျော်ဖြေ ရေးကဏ္ဍတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်ဂီတဌာနမှ ကျောင်းသားကျောင်းသူများက ASEAN Anthem ဖြင့်သီဆိုခဲ့ပြီး သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေ သည်။

ထို့နောက်တက်ရောက်လာကြသော အာဆီယံနိုင်ငံသံရုံး များက အကဲဖြတ်ဒိုင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြု ပန်းစည်းများ ပေးအပ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ် စားပြု ယှဉ်ပြိုင်သော ကျောင်းသူလေးများက ခိုင်မာလာနှင်းဆီ သီချင်း ဖြင့်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်ပထမဆုံး ကျင်းပ သည့် ပြိုင်ပွဲလည်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**





# မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကိုယနေ့မွန်းလွဲ ၁ နာရီခွဲ တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေးနွေးပွဲကျင်းပ နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဖိတ်ကြားရေးနှင့် အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ မှတ်တမ်းတင်ရေးနှင့် သတင်း ထုတ်ပြန်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ပေါင်းစပ် ညှိနှိုင်းရေးဆပ်ကော်မတီ၊ စာတမ်းစုဆောင်းရေးနှင့် စာအုပ် ထုတ်ဝေရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီ အလိုက် ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များသတ်မှတ်ပြီး ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များက ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို လည်းကောင်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကြီး၏ သဘောတူကြေညာချက် ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၇

**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့၊ အိန္ဒိယနိုင်ငံ ဝိဝေကနန္ဒအပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့က ဂျပန်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကြီးတွင် ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် သုတေသီများက သဘောတူထုတ်ပြန်ကြေညာချက်တစ်စောင်ကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။**

**အဆိုပါ သဘောတူထုတ်ပြန်ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည် -**

## သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကြီး၏ သဘောတူထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

၁။ ကမ္ဘာ့ပြည်သူအပေါင်း စိုးရိမ်ထိတ်လန့်မှုကင်းရှင်းစွာ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘဝလုံခြုံမှုအာမခံချက်အပြည့်အဝရှိနိုင်မည့် ညီညွတ်သည့် လူမှုဘဝဖန်တီးဖော်ဆောင်သွားမည်။

၂။ ဘာသာရေးကို ခုတုံးလုပ်လျက် အမုန်းစကားပြောကြားခြင်း၊ မဟုတ်မမှန်ဝါဒဖြန့်ခြင်း၊ ယင်းတို့အပေါ် အခြေတည်၍ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ စစ်မက်ဖြစ်ပွားခြင်း မှန်သမျှကိုလည်းကောင်း၊ ယင်းလုပ်ရပ်များအတွက် ထောက်ပံ့ကူညီသူများကိုလည်းကောင်း ပြင်းထန်စွာ ပြစ်တင်ရှုတ်ချသည်။

၃။ ကမ္ဘာပေါ်ရှိ ဘာသာရေးခေါင်းဆောင်များအားလုံး ဘာသာတရား၏အဆုံးအမများကို လိုက်နာခံယူပြီး ပြည့်ဝသော လူ့ဘောင်ဘဝတည်ဆောက်တည်သူများအဖြစ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ပိုမိုတိုးတက်ခိုင်မာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြမည်။

၄။ မတူကွဲပြားသည့် ဘာသာဝင်များအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ယုံကြည်မှု တည်ဆောက်ပြီး ငြိမ်းချမ်းလုံခြုံသည့် သာယာသော လူ့ဘောင်ဘဝ တည်ဆောက်သွားရန် လိုအပ်သည်။

၅။ အခြားကိုးကွယ်ရာဘာသာများ၏ အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း မပြုရေးကို ထိန်းသိမ်းဆောင်ရွက်ပြီး ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်။

၆။ လူသားထု ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် များစွာနောက်ကျခြင်းမဖြစ်မီ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးကို ဘာသာပေါင်းစုံ၏ အမွေခံတာဝန်ဝတ္တရားအဖြစ် ဆောင်ရွက်သွားကြမည်။

၇။ ဘာသာပေါင်းစုံညီလာခံ ( SAMVAD II) သို့ တက်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံမှ ဘာသာရေးခေါင်းဆောင်များက ကိုးကွယ်ရာဘာသာများအကြား ညီညွတ်ချစ်ကြည်မှု ရရှိစေရေးအတွက် လိုအပ်ပါက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှစတင်၍ လေးလ တစ်ကြိမ် တွေ့ဆုံဆွေးနွေးသွားရန် ဆုံးဖြတ်ကြသည်။

၈။ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး အသိစိတ်ဓာတ်တိုးမြှင့်မှု အစီအစဉ်များကို စုပေါင်းချမှတ်ပြီး လက်တွေ့ဆောင်ရွက်သွားမည်။

၉။ အချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ တိုးမြှင့်ရေးအတွက် ဘာသာပေါင်းစုံတရားစခန်း (Meditation Camp) တစ်ခု ဖွဲ့စည်းတည်ထောင်သွားမည်။

၁၀။ ဘာသာအသီးသီး၏ လမ်းစဉ်နှင့် အစဉ်အလာများကို တန်းတူညီမျှစွာ အသိအမှတ်ပြုရမည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁ / ၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၇ ရက်က ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးအပါအဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ စုံလင်စွာတက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော အဆိုပြုလွှာများ၊ အတည်ပြုမိန့်လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှတင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၁၇) အစည်းအဝေးမှ အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့်ခုနစ်ခုနှင့် အတည်ပြုမိန့် ၁၇ ခု ခွင့်ပြုပေးခဲ့သည်။ အစည်းအဝေးမှ ခွင့်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၁၉၂ သန်းနှင့် မြန်မာကျပ်ငွေ ၄၀၉၃၄၈ ဒသမ ၄၇ သန်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

***ပြည်သူ့လွှတ်တော် မှ***

သို့ဖြစ်၍ အဆိုကို မှတ်တမ်းထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် အစည်းအဝေးတွင် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်များလျှောက်ထားရာတွင် မလိုလားအပ်သော အဆင့်များကို ဖြေလျှော့ပေးရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၃/၂၀၁၇) အမိန့်ညွှန်ကြားချက်နှင့် ဆက်စပ်ပတ်သက်သော အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြန်လည်ရုပ်သိမ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးဝါး ဥပဒေအရ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားရှိပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ပတ်သက်သော ကိစ္စရပ်များကို ကြီးကြပ်ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ၌ စိစစ်ဆုံးဖြတ်ရန်ကိစ္စရပ်များ လျင်မြန်လွယ်ကူစေရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၌ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်စိစစ်ရေးအစည်းအဝေးများတွင် ကြိုတင်စိစစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီတွင် ဆုံးဖြတ်ပြီးပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြရန်လိုအပ်သော ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အစည်းအဝေးများမှ ဆုံးဖြတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များကိုလည်း လုပ်ငန်းရှင်များသိရှိပြီး ကြိုတင်ပြင်ဆင်ပါက မှတ်ပုံတင်နှင့်လိုင်စင်ကိစ္စရပ်များ ပိုမိုလျင်မြန်စွာ ပြီးစီးနိုင်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန Website ၌ ဖော်ပြပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ဖိတ်ကြားဆွေးနွေးခဲ့ပါကြောင်း။ ယင်းဆွေးနွေးပွဲတွင် လုပ်ငန်းရှင်များအား တစ်ချက်ချင်းစီ ရှင်းလင်းပြောကြားခဲ့ပြီး ဖြေလျှော့ပေးနိုင်မှုများအား ရှင်းလင်းဖြေကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် ဖြေလျှော့ပေးမည်ဟု ရှင်းလင်းပြောကြားခဲ့သောကိစ္စရပ်များကို ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီအစည်းအဝေးတွင် ပြန်လည်တင်ပြဆွေးနွေးပြီး ငွေကြေးကောက်ခံမှုနှုန်းထားများအား လျှော့ချကောက်ခံမှုများပြုလုပ်ခြင်း၊ ဝမ်းချုဘောလုံးများအား မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်းအားခွင့်ပြုရန်နှင့် မှတ်ပုံတင်အသစ်လျှောက်ထားခြင်းအား ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီသို့တင်ပြ၍ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင် မြို့နယ်နှင့် ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ အဆင့်ဆင့်တင်ပြရန်မလိုအပ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီသို့ တိုက်ရိုက်လျှောက်ထားရန် ဖြေလျှော့ပေးထားပါကြောင်း၊ ယခင်က တိုင်းရင်းဆေးဝါးမှတ်ပုံတင်အသစ်ခွင့်ပြုပြီး သုံးလအတွင်း လိုင်စင်တွင်ဖြည့်စွက်ရန်ဖြစ်သော်လည်း ယခုအချိန်တွင် မှတ်ပုံတင်သက်တမ်းရှိသည့်ကာလအတွင်း လိုင်စင်တွင် ဖြည့်စွက်ခွင့်ကို ပြုထားပါကြောင်း၊ မှတ်ပုံတင်သက်တမ်းတိုးများ လျှောက်ထားရာတွင်လည်း သက်တမ်းပြည့်ပြီး နှစ်နှစ်အထိ နောက်ကျခွင့်ပြုထားပါကြောင်း၊ ထုတ်လုပ်ခွင့်လိုင်စင်သက်တမ်းတိုး လျှောက်ထားရာတွင်လည်း သက်တမ်းပြည့်ပြီး နှစ်နှစ်အထိ နောက်ကျကြေးပေးဆောင်ခြင်းဖြင့် ခွင့်ပြုထားပါကြောင်းပြန်လည် ရှင်းလင်းဖြေကြားသည်။

ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ပေါက်တောမြို့နယ် အရှေ့မြောက်ဘက်ရှိ သပြေကန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပေါက်တောမြို့နယ် သပြေကန်ကျေးရွာကျေးလက်ကျန်းမာရေးဌာန နယ်မြေတစ်ခုလုံးသည် တစ်ရွာနှင့် တစ်ရွာ ရေလမ်းကိုသာ အဓိကထား သွားလာရသည့်အတွက် သပြေကန်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၏ **ပဲခူးမြို့နယ် ဇောင်းတူတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာများအား ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇောင်းတူတိုက်နယ်ဆေးရုံအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် ကုသရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေမှ ဦးစားပေးတောင်းခံပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလောပြုပြင်နိုင်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ဆေးပစ္စည်း၊ ဆရာဝန်လိုအပ်ချက်ကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့အတူ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၏ **စဉ့်ကိုင်မြို့နယ် ရွှေလုံးဗိုလ် (ကန်အောက်) ကျေးရွာတွင် တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊** ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ဝက်လက်ပြည်သူ့ဆေးရုံကို ၂၅ခုတင်ဆံ့မှ ခုတင် ၅၀ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် အိမ်မဲ မဲဆန္ဒနယ်မှ **နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဘတ်ဂျက်မှချထားပေးခဲ့သော လုပ်ငန်းများတွင် လုပ်ပိုင်ခွင့်ရကုမ္ပဏီများမှ စာချုပ်ပါအာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက် မလိုက်နာမှုအပေါ်မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် **"မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"** တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း မရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမင်းသိန်း၊ ငါန်းဇွန်မဲဆန္ဒနယ်၏ မိတ်ဆွေကိုးဦး၊ ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်၏ မိတ်ဆွေ ၅၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)၏ မိတ်ဆွေနှစ်ဦးနှင့် မန္တလေးတက္ကသိုလ်၊ ဥပဒေပညာဌာနက သင်ကြားပို့ချနေသော စီးပွားရေးဥပဒေ ဒီပလိုမာသင်တန်းမှ ကထိက ဒေါက်တာနှင်းနှင်းငယ် ဦးဆောင်သည့် ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၅၃ ဦး၊ စုစုပေါင်း ၁၁၈ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံမှာ ကျွမ်းကျင်လုပ်သားတွေ အမှန်တကယ်ရှိမယ်ဆိုရင် ဒါဟာ နိုင်ငံရဲ့အနာဂတ်စီးပွားရေးအတွက် အခြေခံကောင်းတစ်ခုဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံက Swiss programs နဲ့ပတ်သက်လို့ သံအမတ်ကြီးအနေနဲ့ ပြည့်ပြည့်စုံစုံ ပြောပြပေးနိုင်မလား။**

ဖြေ။ ။ Livelihoods and Food Security Trust Fund (LIFT) ခေါ်တဲ့ သက်မွေးဝမ်းကျောင်းနဲ့ စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအစီအစဉ်ကို ဆွစ်ဇာလန်နိုင်ငံက အခြားတိုင်းပြည်တွေ၊ အလှူရှင်တွေနဲ့အတူ ပံ့ပိုးကူညီပေးနေပါတယ်။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေရှိတဲ့၊ အကျိုးများတဲ့ ထုတ်လုပ်မှုနည်းလမ်းတွေစတင်ဖို့ မြစ်ဝကျွန်းပေါ်ဒေသနဲ့ ရှမ်းပြည်နယ်လို အခြားဒေသတွေမှာ ကျွန်တော်တို့ တောင်သူတွေနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ တာရှည်ခံတဲ့ ငါးဖမ်းလုပ်ငန်းဖြစ်စေဖို့ မုတ္တမ (မွန်ပြည်နယ်)က တံငါသည်တွေနဲ့ ကျွန်တော်တို့ လက်တွဲဆောင်ရွက်နေပေမယ့် ငါးဖမ်းလုပ်ငန်းတွေ လျော့နည်းလာလို့ အခြားအလုပ်အကိုင်တွေရရှိဖို့ တံငါသည်တွေကို ကျွန်တော်တို့ သင်တန်းတွေပေးနေပါတယ်။

တတိယပေးချင်တဲ့ ဥပမာကတော့ ရော်ဘာခြံတွေဖြစ်ပါတယ်။ ရော်ဘာဆိုတာ ပြည်ပတင်ပို့ဖို့ အလားအလာရှိတဲ့ ပြည်တွင်းထုတ်ကုန်တွေထဲက တစ်မျိုးဖြစ်ပေမယ့် ပြဿနာကတော့ အခုချိန်မှာ ရော်ဘာဈေးနှုန်း အနည်းငယ်ကျဆင်းနေလို့ တောင်သူတွေမှာ အခက်အခဲတွေရှိနေပါတယ်။ ဒါကြောင့် ပိုမိုအရည်အသွေးကောင်းမွန်အောင်လုပ်ဆောင်ဖို့ ကျွန်တော်တို့ ရော်ဘာတောင်သူတွေကို ကူညီပေးနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာ့ရော်ဘာတွေရဲ့ အရည်အသွေးက အခြားရော်ဘာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အရည်အသွေးသိပ်မကောင်းလို့ဖြစ်ပါတယ်။ ဒီရော်ဘာစိုက်ပျိုးရေးမှာ အခွင့်အလမ်းကောင်းသိပ်မရှိတဲ့ တောင်သူတွေကို အခြားအလုပ်အကိုင်တွေ ပြောင်းလဲရှာဖွေဖို့ ကျွန်တော်တို့ ကူညီပါတယ်။

**မေး။ ။ ဒီအနာဂတ်စီမံကိန်းတွေ အောင်မြင်မယ်ဆိုရင် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာမှု ရရှိစေမှာလား။**

ဖြေ။ ။ ဒီစီမံကိန်းတွေအောင်မြင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး အတော့်ကို စိတ်ရှည်သည်းခံဖို့လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ နှစ် ၆၀ ထီးတည်းနေခဲ့ရပြီး တိုးတက်မှုဆိတ်သုဉ်းခဲ့တဲ့ တိုင်းပြည်အတွက် အချိန်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့ ဒီမှာရှိနေတာ မြန်မာနိုင်ငံကို ပံ့ပိုးကူညီဖို့ဖြစ်ပြီး မနက်ဖြန်မှာ တိုးတက်မှုရှိတယ်ဆိုရင် ကျွန်တော်က အပျော်ဆုံးလူဖြစ်ပါလိမ့်မယ်။

**မေး။ ။အာဆီယံဈေးကွက်က အလွန်ပဲ ယှဉ်ပြိုင်မှုကြီးမားပါတယ်။ ဒါကြောင့် ဒီလိုစိန်ခေါ်မှုမျိုးတွေကို ရင်ဆိုင်ဖို့ မြန်မာနိုင်ငံအနေနဲ့ ကျွမ်းကျင်မှုတွေ ပိုလိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။**

ဖြေ။ ။မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို အံ့အားသင့်စေတဲ့ အချက်ကတော့ သံရုံးမှာ အလုပ်လုပ်ကိုင်တဲ့ ဒေသခံဝန်ထမ်းတွေနဲ့ ကျွန်တော်အလုပ်လုပ်ရာမှာ သူတို့က သင်ယူဖို့ အလွန့်အလွန်ကို စိတ်အားထက်သန်ကြတာဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကျွန်တော်က မြန်မာဘာသာနဲ့ စကားပြောရင် ညံ့ဖျင်းလို့ ဝန်ထမ်းတွေကို အင်္ဂလိပ်လိုပြောပါတယ်။ ဒါပေမယ့် အင်္ဂလိပ်စကားပြောတဲ့ ဝန်ထမ်းတွေက ကျွန်တော့်ကို အမြဲအထင်ကြီးစေပါတယ်။ အင်္ဂလိပ်ဘာသာကို ဘယ်မှာသင်ခဲ့သလဲလို့ ကျွန်တော်ကမေးရင် မြန်မာနိုင်ငံမှာပဲ သင်ယူခဲ့တာလို့ သူတို့ဖြေပါတယ်။ အံ့အားသင့်စရာပါပဲ။ ဆယ်စုနှစ်ချီ ထီးတည်းနေခဲ့ရတဲ့ တိုင်းပြည်မှာနေတဲ့သူတွေက အင်္ဂလိပ်စကားကို ကောင်းကောင်းမွန်မွန်ပြောနိုင်ပါတယ်။ သူတို့က ခရီးသွားလုပ်ငန်း ပိုမိုကောင်းမွန်တဲ့ ထိုင်းနိုင်ငံကလူတွေထက် အင်္ဂလိပ်စကားကိုပိုပြီး ကောင်းအောင်ပြောနိုင်တယ်လို့ တစ်ခါတစ်ရံ ကျွန်တော်ထင်မြင်မိပါတယ်။

မြန်မာနိုင်ငံမှာ ကျွန်တော် ချစ်ခင်မြတ်နိုးရတဲ့အချက်ကတော့ လူတွေက တိုးတက်ချင်တာဖြစ်ပါတယ်။ ဒီအချက်က ကျွန်တော့်ကို တကယ့်ကို အကောင်းမြင်စေပါတယ်။ နှစ် ၆၀ အတွင်း မြန်မာနိုင်ငံရဲ့ အသားတင်ဝင်ငွေက ထိုင်းနိုင်ငံထက် နှစ်ဆဖြစ်လာပြီး မြန်မာငွေတစ်ကျပ် တစ်ဒေါ်လာနဲ့ညီမျှလာမယ်လို့ လူတွေကို ကျွန်တော်အမြဲပြောလေ့ရှိပါတယ်။ အတိတ်ကာလမှာဘာတွေပဲဖြစ်ခဲ့ပါစေ၊ ဘယ်အရာကမှ မြန်မာနိုင်ငံရဲ့ တိုးတက်မှုကို တားဆီးနိုင်မှာမဟုတ်ပါဘူး။ တိုးတက်မှု အမှန်တကယ်ရှိလာပြီး အတိုင်းအတာတစ်ခုအထိ အချိန်ပေးရရင် အတိတ်ကာလက ရွှေထီးဆောင်းခဲ့တဲ့အချိန်ကို ပြန်ရောက်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒေသတွင်းပေါင်းစည်းမှုက တကယ့်ကို အချိန်သင့်ဖြစ်နေပြီး အာဆီယံက အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ပါလိမ့်မယ်။ ။




## အစားမှား၍ ဆေးရုံတက်ရောက်နေသည့် နိုင်ငံခြားသူအား ရဲတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်ကူညီပေး

**နေပြည်တော် ဩဂုတ် ၇**

ရှမ်းပြည်နယ် ညောင်ရွှေပြည်သူ့ဆေးရုံ၌ ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီ ၅ မိနစ်က နိုင်ငံခြားသူတစ်ဦး လာရောက်ဆေးကုသမှုခံယူနေကြောင်း သတင်းအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များက သွားရောက်မေးမြန်းခဲ့သည်။

ဆေးကုသမှုခံယူသူမှာ ညောင်ရွှေမြို့ ဝင်းရပ်ကွက်ရှိ OSTELLO BELLO HOTEL တွင် တည်းခိုနေထိုင်သော အမေရိကန်နိုင်ငံသူ Ms.Carrie Patrick (၂၉ နှစ်)ဖြစ်ပြီး ၎င်းသည် အစားမှား၍ မူးဝေအော့အန်ကာ ခန္ဓာကိုယ်ယားယံလာသဖြင့် အဆိုပါဆေးရုံ၌ ဆေးကုသမှုခံယူနေခြင်းဖြစ်ကြောင်းနှင့် တောင်ကြီးမြို့ရှိ စဝ်စံထွန်းဆေးရုံသို့ သွားရောက်ကုသလိုကြောင်း ပြောကြားသဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



## ရောဝတီမြစ်ကမ်းပါးများပြိုကျမှုကြောင့် အဖျောက်မြို့ အေးရွာကျေးရွာတွင် အိမ်ခြေ ၁၇ လုံး အိမ်အလုံးလိုက်ပြောင်းရွှေ့

**တိုက်ကြီး ဩဂုတ် ၇**

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာကျေးရွာတွင် ဇူလိုင် ၁၅ ရက်ကစပြီး ရောဝတီမြစ်ရေ မြင့်တက်ပြီးနောက် ရေပြန်ကျချိန်တွင် မြစ်ကမ်းပါးများ ဆက်တိုက်ပြိုကျ၍ နေအိမ် ၁၃ လုံး အရေးပေါ်ပြောင်းရွှေ့ရကြောင်း အေးရွာကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟိန်းဇော်လတ်က ပြောသည်။

"ရောဝတီကမ်းပါးတွေ ၂၀၁၅ ခုနှစ်မှစတင်၍ ဆက်တိုက်ပြိုပြီး အက်ကြောင်းတွေဖြစ်ကာ ဇူလိုင် ၁၅ ရက်က မြစ်ရေတက်လာစဉ် စောင့်ကြည့်နေရင်း ကမ်းပြိုလို့ နေအိမ်တစ်လုံး ပြောင်းရွှေ့ထားရတယ်၊ မြစ်ရေစိုးရိမ်ရေအမှတ်ထက်ကျော်ပြီး ၁၂ ရက်ကြာတယ်။ ရွာထဲအထိ ရေဝင်ပါတယ်။ ရေပြန်ကျသွားပြီး ကမ်းပါးတွေပြိုလို့ နောက်ထပ်အိမ်သုံးလုံး ထပ်ပြောင်းရတယ်၊ ကမ်းကတစ်ခါပြိုရင် ကမ်းနဲ့ ၁၅ ပေလောက်ပြိုတာ။ အခုလည်း ပြိုနေတယ်။ ဒါကြောင့် ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့တွေက စောင့်ကြည့်တာတွေ၊ အသိပေးတာတွေ ပြုလုပ်နေပါတယ်။ အခုလို ကမ်းဆက်ပြိုမယ်ဆိုရင် နောက်ထပ်ပြောင်းရွှေ့ရမယ့် အိမ်ခြေ ၂၀ လောက်ရှိပါတယ်"ဟု အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။



နေအိမ်များနှင့်မြစ်ကမ်းပါးအကွာ ပေ ၃၀ ခန့်သာရှိတော့ကြောင်း၊ မြေသားများ အက်ကြောင်းများ ဖြစ်ပေါ်နေ၍ မြစ်ကမ်းခိုင်မာမှုမရှိတော့ကြောင်း၊ အချိန်မရွေး ဆက်ပြိုနိုင်ပြီး ပြောင်းရွှေ့ရန်နေရာမရှိတော့ကြောင်း၊ တချို့မိသားစုများ ဆွေမျိုးအပေါင်းအသင်းခြံများတွင် တစ်နေရာစာတောင်း၍ နေထိုင်ရကြောင်း၊ ကမ်းပြိုမှု သုံးနှစ်ဆက်တိုက်ရှိကြောင်း အေးရွာကျေးရွာဒေသခံများထံမှ သိရသည်။

ပန်းတုန်းပိတ်ကျေးရွာနှင့် အေးရွာကျေးရွာတို့သည် ၂၀၁၅ ခုနှစ်ကစ၍ ရောဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးများ ဆက်တိုက်ပြိုကျခဲ့ရာ အေးရွာကျေးရွာတွင် အိမ်ထောင်စု ၅၀ နှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ပြောင်းရွှေ့ရပြီး ပန်းတုန်းပိတ်ကျေးရွာတွင် အိမ်ထောင်စု ၇၀ ကျော်တို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ယခုဩဂုတ် ၅ ရက်တွင် အေးရွာကျေးရွာတွင် အိမ်ခြေငါးလုံး၊ ယနေ့ ၇ ရက်တွင် အိမ် ၁၂ လုံး စုစုပေါင်း ၁၇ လုံးထိ အလုံးလိုက် ထပ်မံ ပြောင်းရွှေ့ရပြီး လူဦးရေ ၆၀ ကျော် နီးစပ်ရာ ညီအစ်ကိုမောင်နှမများနေအိမ်ဝိုင်းနှင့် ရေကာတာပေါင်ပေါ်များတွင် ယာယီတဲများဖြင့် နေထိုင်ရပြီး နေစရာအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း အေးရွာကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

"အိမ်အလုံးလိုက် ပြောင်းတော့ အကုန်ကျသက်သာတယ်၊ မြန်တယ်၊ တစ်ခါတည်း အိမ်ပေါ်တက်နေလို့ရတယ်။ အိမ်ခပန်းတွေကို လှည်းဘီးတွေ တပ်ပြီး ဝိုင်းတွန်းကြတာ လူတော့ပင်ပန်းတယ်" ဟု ရွာသားတွေက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

## ဥတ္တရသီရိမြို့နယ်တွင်း ရေကြီးရေလျှံမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲက စတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများ ရေကြီးရေလျှံမှုဖြစ်ပွားကာ ရေစီးနှင့်အတူ လူတစ်ဦးမျောပါပျောက်ဆုံးခဲ့သည်။

ဥတ္တရသီရိမြို့နယ်အတွင်း ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲက စတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံခွန်တိုင်ချောင်း၊ ချောင်းမကြီးချောင်း၊ ပိုတက်ချောင်းနှင့် ငလိုက်ချောင်းတို့ ရေကြီးရေလျှံမှုဖြစ်သည့်အပြင် နဂလာရိုး၊ သဲဖြူရိုး၊ ပင်းတီးရိုးတို့ ရေများလာသဖြင့် တောင်ညိုအုပ်စု၊ မရမ်းခုံကျေးရွာ၊ ဆယ်သိန်းကျေးရွာ၊ သက်မွေးစုကျေးရွာနှင့် တောင်ညိုကျေးရွာများရှိ အနိမ့်ပိုင်းနေအိမ်အချို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့ရာ မင်းကုန်းအုပ်စု မအူလေးပင်ကျေးရွာမှ နေအိမ်ကိုးလုံး ရေစီးကြောင်းများဖြစ်ကာ နိမ့်ကျမှုများဖြစ်ခဲ့ပြီး ညနေ ၃ နာရီခွဲတွင် မောင်းရမ်းအုပ်စု ဘုရားကုန်းကျေးရွာမှ ဦးအောင်ငွေ (၄၇နှစ်) ဆိုသူသည် ထင်းချောင်းများ ဝင်ရောက်ဆယ်ရာမှ ရေစီးနှင့်အတူမျောပါသွားရာ ယနေ့အထိ ပျောက်ဆုံးလျက်ရှိကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အောင်လံမြို့နယ်တွင် ရေအောက်သစ်ငုတ်ကိုဝင်တိုက်မိပြီး ရေယာဉ်တစ်စင်းနစ်မြုပ်

**အောင်လံ ဩဂုတ် ၇**

အောင်လံမြို့နယ်၌ မြို့၏မြောက်ဘက် လေးမိုင်ခန့်အကွာ မြွေရိုးကျေးရွာအနီးတွင် ဩဂုတ် ၆ ရက် မွန်းလွဲ ၂နာရီခွဲက ရောဝတီမြစ်အတွင်း စက်လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

သရက်မြို့နယ် ရွာသစ်ကြီးကျေးရွာနေ ကိုဘိုထွန်း မောင်းနှင်လာသော အောင်လံ-ရွာသစ်ကြီး နေ့ချင်းပြန်ပြေးဆွဲနေသည့် တက်လူအမည်ရှိ စက်လှေသည် စုစုပေါင်း ခရီးသည် ၃၁ ဦးနှင့် ကုန်များတင်ဆောင်၍ အောင်လံမှ ရွာသစ်ကြီးသို့ ပြန်လည်မောင်းနှင်လာစဉ် မြွေရိုးရွာ ရွာလည် ဆိပ်ကမ်းအနီး အရောက်တွင် မြစ်ကမ်းမှ ပေ ၂၅၀ ခန့်အကွာ ရေအောက်ရှိ သစ်ငုတ်ဖြင့်တိုက်မိပြီး စက်လှေဝမ်းပိုက် ပေါက်၍ နစ်မြုပ်ခဲ့ရာ ခရီးသည် ၃၁ ဦးအနက် သရက်မြို့နယ် ဖောင်းအိုင် ကျေးရွာနေ မနိုင်နိုင်မော် (၂၇နှစ်)မှာ ရေနစ်ပျောက်ဆုံးခဲ့ပြီး ကျန်ခရီးသည် ၃၀ ကို ဝိုင်းဝန်းကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ခဲ့ကြပြီး ရေယာဉ်အား တင်ဆောင်နိုင်သည့် အလေးချိန်ထက် ပိုမိုတင်ဆောင် မောင်းနှင်ခဲ့သည့် တိမ်းရှောင်နေသူ ဘိုထွန်း(၂၈နှစ်)ကို အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းလွင် (အောင်လံ)**

# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသလူနာ ၄၀၉ ဦးအနက် H1N1 ပိုးတွေ့လူနာ ၁၅၄ ဦးရှိ၊ သေဆုံးသူစုစုပေါင်း ၁၆ ဦးရှိပြီဖြစ်

**နေပြည်တော် ဩဂုတ် ၇**

ရာသီတုပ်ကွေးရောဂါ သံသယလူနာ ၂၂ ဦးအား ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ရှစ်ဦးတွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၄၀၉ ဦးအနက် H1N1 ပိုးတွေ့လူနာ စုစုပေါင်း ၁၅၄ ဦးရှိခဲ့ပြီး သေဆုံးသူစုစုပေါင်း ၁၆ ဦးရှိကြောင်း၊ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများ၏ သေဆုံးမှုနှုန်းမှာ ၃ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၁၉ ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၄၃ ဦး စုစုပေါင်း ၆၂ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာသက်သာလျက်ရှိကြောင်း သိရှိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ဆေးရုံကြီး ၁၈ ရုံ၌ ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၆ ရက်အထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုအခြေအနေအား ဆန်းစစ်လေ့လာခဲ့ရာ အဆိုပါရောဂါဖြင့် ဆေးရုံတက်ကုသမှုခံယူသူအရေအတွက် ကျဆင်းလာကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

အထူးသဖြင့် ရာသီတုပ်ကွေးရောဂါပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားနည်းသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများကို စနစ်တကျအထူးသတိပြုလိုက်နာကြရန် လိုအပ်ပါကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## မလှိုင်မြို့နယ်၌ တုပ်ကွေးသံသယရှိသူတွေ့ရှိ၍ မန္တလေးဆေးရုံသို့ ပို့ဆောင်



**မလှိုင် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် နွားကန်တိုက်နယ် ပျော်ဖွယ်ကျေးရွာတွင် H1N1 သံသယရှိသူ ကလေးတစ်ဦးတွေ့ရှိရ၍ မန္တလေးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့ နွားကန်တိုက်နယ် ပျော်ဖွယ်ကျေးရွာတွင် ဦးဝင်းကြိုင်-ဒေါ်ခင်ထွေးတို့၏သား မောင်သန်းဦးသည် မန္တလေးမြို့ ၆၉ လမ်းနှင့် ၇၀ ကြား ၂၇ လမ်းရှိ လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ကိုင်လျက်ရှိရာ ကျန်းမာရေးမကောင်း၍ ရွာသို့ပြန်လာပြီး နွားကန်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူရာ H1N1 လက္ခဏာတွေ့ရှိရသဖြင့် မန္တလေးဆေးရုံသို့ ဆေးကုသမှုခံယူရန် ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ချက်ချင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းရရှိသည့် မွန်းလွဲ ၂ နာရီခန့်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဒိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေမင်းမျိုးမင်း၊ နွားကန်တိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာထက်ဖြိုးဝေတို့က H1N1 အသိပညာပေးဟောပြောခြင်းနှင့် ယာယီဆေးခန်းပြုလုပ်၍ ကုသစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး နှာခေါင်းစည်း Mask များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဘိုဘို(မလှိုင်)**

## ကျောက်တံခါးမြို့၌ ဖျားနာသူတစ်ဦး H1N1 ပိုးတွေ့၍ ဝေဘာဂီဆေးရုံ၌ကုသမှုခံယူ

**ကျောက်တံခါး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် သီရိမာလာ(၁)လမ်းနေ ဒေါ်ကျန်သရာဒေဝီကူမာရီ(၅၄ နှစ်)သည် ကိုယ်လက်ကိုက်ခဲဖျားနာ၍ ဩဂုတ် ၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနတွင် ဆေးကုသမှုခံယူစဉ် ဒေါ်ကျန်သရာဒေဝီကူမာရီ၌ H1N1ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိ၍ ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ မြောက်ဥက္ကလာ ဝေဘာဂီဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

H1N1 ရာသီတုပ်ကွေးရောဂါပိုး တွေ့ရှိသူ၏ နေထိုင်ရာနေအိမ်သို့ ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေး ကျန်းမာရေးဌာနမှ ဆရာမများက မိသားစုဝင်များထံသွားရောက်၍ H1N1 ရောဂါ ဆက်လက်မဖြစ်ပေါ်နိုင်ရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းများ အသိပညာပေးခြင်း၊ ကျန်းမာရေးကုသမှု ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ခင်ကို(ကျောက်တံခါး)**






(၂၉) ကြိမ်မြောက် မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ကြက်တောင်အဖွဲ့မှ အားကစားသမား အမျိုးသား ခြောက်ဦး၊ အမျိုးသမီးခြောက်ဦး၊ အင်ဒိုနီးရှားနည်းပြ၊ မြန်မာနည်းပြဆရာချုပ် ဦးမောင်မောင်၊ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ဩဂုတ် ၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်

ခင်ဆိုင်

❐ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်သို့ ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားခဲ့ပြီး ယင်းခရီးစဉ်အပြီးတွင် နှစ်ဦးလျှော့ချခဲ့ကာ လက်ရှိပြည်တွင်း ခြေစမ်းခရီးစဉ်သွားရောက်နေစဉ်ကာလအတွင်း သုံးဦးထပ်မံလျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲအပြီးတွင် ကစားသမားများ လျှော့ချခဲ့ပြီး မျိုးမငြိမ်း(ဂိုး)၊ ငယ်ငယ်ထွေးနှင့် သန္တာမိုးတို့ ချန်လုပ်ခံခဲ့ရသည်။ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်-ရော်ဂျာရိုင်နာ (နယ်သာလန်)၊ လက်ထောက်နည်းပြ-ဦးအောင်နိုင်၊ ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ- ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး**-မြဖူးငုံ၊ ဇာဇာမြင့်၊ **နောက်တန်း**-ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ လဲ့လဲ့လှိုင်၊ ချစ်ချစ်၊ အိရတနာဖြိုး၊ **အလယ်တန်း**-စန်းစန်းမော်၊ ခင်မာလာထွန်း၊ သန်းသန်းထွေး၊ မေစံပယ်ဖူး၊ ခင်မိုမိုထွန်း၊ ဝင်းသီတာထွန်း၊ နော်အားလိုဝါးဖော၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ရီရီဦး၊ နုနုနှင့် ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မလေးရှားနှင့်အတူ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့်ကျင်းပပြီး အမှတ်အများဆုံးအသင်းမှာဗိုလ်စွဲမည်ဖြစ်ကာ တတိယဆုရအသင်းထိ ဆုချီးမြှင့်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁၅ ရက်တွင် ထိုင်းအသင်း၊ ဩဂုတ် ၁၇ ရက်တွင် အိမ်ရှင်မလေးရှားအသင်း၊ ဩဂုတ် ၂၀ ရက်တွင် ဗီယက်နမ်အသင်း၊ ဩဂုတ် ၂၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲကို ၁၉၉၅ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသေးဘဲ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ငါးခုဆွတ်ခူးရရှိထားသည်။

❄ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးဓားနှစ်လက် (Dual Knife Form) ပြိုင်ပွဲ၌ မခိုင်ဝါဖူးက ပထမရွှေတံဆိပ်တစ်ခု၊ အမျိုးသားလေးယောက်တွဲ (Male Multiple) ပြိုင်ပွဲ၌ မျိုးထွန်းအံ့၊ ချိုမနား၊ ချမ်းမြေ့အောင်၊ ရဲဝင့်ထူးတို့အတွဲက ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီးတစ်ကိုယ်တော်လက်အပြ ( Dragon Tiger Form) ပြိုင်ပွဲ၌ မခိုင်ဝါဖူးက ငွေတံဆိပ်တစ်ခု၊ နှစ်ယောက်တွဲ (ကျား/မ) ( Female Self Defence)ပြိုင်ပွဲ၌ မင်းခန့်ဇာနည်လွင်၊ မချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ်တစ်ခု၊ အမျိုးသားအတိုက် ( Fighting) ပြိုင်ပွဲ၌ မျိုးထွန်းအံ့က ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးအတိုက်( Fighting) ပြိုင်ပွဲ၌ မအယ်သျှိုလာမင်းနိုင်က ကြေးတံဆိပ်တစ်ခု၊ အမျိုးသားတစ်ကိုယ်တော်လက်ရေး( Dragon Tiger Form) ပြိုင်ပွဲနှင့် အမျိုးသားအတိုက် ၆၄ ကီလိုတန်း( Fighting)ပြိုင်ပွဲများ၌ မင်းခန့်ဇာနည်လွင်က ကြေးတံဆိပ်တစ်ခုစီ၊ အမျိုးသားတစ်ကိုယ်တော်ဓား (Ying YangSword)ပြိုင်ပွဲ၌ မျိုးထွန်းအံ့က ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲ (Plar Sword Form) ပြိုင်ပွဲ၌ မခိုင်ဝါဖူးနှင့် မအယ်သျှိုလာမင်းနိုင်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးအတိုက် (Fighting) ပြိုင်ပွဲ၌ မခိုင်ဝါဖူးက ကြေးတံဆိပ်တစ်ခုနှင့် အမျိုးသားနှစ်ယောက်တွဲလက်အတိုက်ပြပြိုင်ပွဲ၌ မျိုးထွန်းအံ့နှင့် ချိုမနားအတွဲက ကြေးတံဆိပ်တစ်ခုတို့ အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲသို့ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီရန်၊ အီတလီ ၊မြန်မာ၊ ပြင်သစ်၊ ရုရှား၊ အာဖဂန်နစ္စတန်၊ ရိုမေးနီးယား၊ ဘယ်လ်ဂျီယံ၊ အိုင်ဗရီကို့စ်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဂျပန်၊ အီရတ်၊ အယ်လ်ဂျီးရီးယားနှင့် ဘယ်လ်လာရုစ် စုစုပေါင်းနိုင်ငံ ၁၈ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံ ဗိုဗီနမ်လက်ရွေးစင် အားကစားသမားမောင်မယ်များက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်ကိုးခုဖြင့် နိုင်ငံအလိုက်အဆင့်(၇)ကို နိုင်ငံတော်အတွက် ထိုက်ထိုက်တန်တန်ရရှိခဲ့ပြီး မြန်မာဗိုဗီနမ်အသင်းသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာရှနိုင်ငံများမှ ထိပ်တန်းအားကစားသမားများနှင့် ယှဉ်ပြိုင်ခဲ့ရာ ယခု(၅)ကြိမ်မြောက် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

## ယူအီးအက်ဖ်အေ စူပါဖလားကို ကိုင်မြှောက်အောင်ပွဲခံမှာ မန်ယူလား ရီးရဲမက်ဒရစ်လား




ယူအီးအက်ဖ်အေ စူပါဖလား ဘောလုံးပွဲကို ဩဂုတ် ၈ ရက်မှာ မန်ယူနဲ့ ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဖလား ချန်ပီယံ ရီးရဲမက်ဒရစ်နဲ့ ယူရိုပါလိဂ်ဖလား ချန်ပီယံမန်ယူတို့ဟာ ယူအီးအက်ဖ်အေစူပါဖလားကို ရာသီအကြိုဖလားအဖြစ် သိမ်းပိုက်နိုင်ရေး အပြိုင်အားထုတ်တော့မှာ ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်ဟာ ယူအီးအက်ဖ်အေစူပါဖလားကို ၁၉၉၈၊ ၂၀၀၀၊ ၂၀၀၂၊ ၂၀၁၄၊ ၂၀၁၆ ခုနှစ်တွေမှာ ရရှိခဲ့သလို မန်ယူအသင်းကလည်း ၁၉၉၁၊ ၁၉၉၉ နဲ့ ၂၀၀၈ ခုနှစ်တွေမှာ ရရှိခဲ့ပါတယ်။ ဒီနှစ်သင်းဟာ ယူအီးအက်ဖ်အေစူပါဖလားပွဲမှာ တစ်ကြိမ်မှ မဆုံတွေ့ဖူးသေးတဲ့ အသင်းတွေဖြစ်ပေမယ့် ဥရောပချန်ပီယံကလပ်များ ဖလားပြိုင်ပွဲနဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ၁၀ ကြိမ် ဆုံတွေ့ခဲ့ဖူးကြပါတယ်။ အဲဒီ ၁၀ ကြိမ်မှာတော့ ရီးရဲမက်ဒရစ်က လေးကြိမ်နိုင်ပြီး နှစ်ကြိမ်ရှုံးကာ သရေပွဲလေးပွဲဖြစ်ခဲ့ပါတယ်။

မက်ဆီဒိုးနီးယားနိုင်ငံ စကော့ပ်ဂျီမြို့ဖီလစ်ကွင်းမှာ ယှဉ်ပြိုင်ကြမယ့် ယူအီးအက်ဖ်အေစူပါဖလားပွဲမှာ မန်ယူအသင်းက နောက်တန်းအားထားရတဲ့ အဲရစ်ဘိုင်လီဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်သလို နောက်ခံလူတစ်ဦးဖြစ်တဲ့ ဖီးလ်ဂျုံးလည်း ပါဝင်ဖို့မသေချာပါဘူး။ ဒါ့အပြင် ဂျွန်မာတာနဲ့ ဟာရဲရားတို့လည်း ရာသီကြိုခြေစမ်းပွဲခရီးစဉ်မှာ ဒဏ်ရာတွေရရှိခဲ့လို့ ပါဝင်ကစားဖို့ မသေချာဘူးလို့ ဆိုနေပါတယ်။

ရီးရဲမက်ဒရစ်အသင်းမှာတော့ မန်ယူကစားသမားဟောင်း တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒို ပါဝင်ကစားမယ်လို့ နည်းပြဇီဒန်းက ထုတ်ဖော်ပြောကြားထားပါတယ်။ ရီးရဲမက်ဒရစ်ဟာ ပြီးခဲ့တဲ့နှစ်က ဆီဗီလာအသင်းကို အနိုင်ယူပြီး ယူအီးအက်ဖ်အေစူပါဖလားကို ရယူထားတဲ့အသင်း ဖြစ်ပါတယ်။

စပိန်ကလပ်တွေဟာ ယူအီးအက်ဖ်အေစူပါဖလားပွဲ နောက်ဆုံးရှစ်ပွဲမှာ ခုနစ်ကြိမ် နိုင်ပွဲရထားတဲ့ မှတ်တမ်းရှိထားပါတယ်။ ၂၀၁၂ ခုနှစ်က ယူရိုပါလိဂ်ချန်ပီယံ အက်သလက်တီကိုအသင်းက ချန်ပီယံလိဂ်ချန်ပီယံ ချယ်လ်ဆီးကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ယူထားတဲ့ ဖြစ်စဉ်လည်း ရှိထားပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုကတော့ ဥရောပစူပါဖလားပွဲကို ချယ်လ်ဆီးအသင်းနဲ့ ပေါ်တိုအသင်းကိုပါ နည်းပြလုပ်ခဲ့ဖူးတာမို့ အခု မန်ယူအသင်းကိုလည်း နည်းပြအဖြစ် ဆင်နွှဲခွင့်ရတာကြောင့် မတူညီတဲ့အသင်းသုံးသင်းနဲ့အတူ ဥရောပစူပါဖလားပွဲ ကိုင်တွယ်ဆင်နွှဲခွင့်ရတဲ့ ပထမဆုံးနည်းပြဖြစ်လာပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဘယ်အသင်းဗိုလ်စွဲသွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# အရက်သေစာသောက်စားပြီး လူနှစ်ဦးအား ဓားဖြင့်လိုက်ထိုးသူ မိမိကိုယ်ကိုလည်း ဓားဖြင့်ပြန်လည်ထိုးမှုကြောင့် သုံးဦးစလုံးဒဏ်ရာပြင်းထန်ရရှိ

တာချီလိတ် ဩဂုတ် ၇

**ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ကျတဲတိုဘိုရွာ၌ အရက်သေစာသောက်စားပြီး လူနှစ်ဦးအား ဓားထိုးဖြင့်ထိုး၍ မိမိကိုယ်ကို ဓားဖြင့် ပြန်လည်ထိုးသည့်ဖြစ်စဉ် ဩဂုတ် ၆ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။**

ဩဂုတ် ၆ ရက် ညနေ ၅ နာရီခွဲက ကျတဲတိုဘိုရွာနေ ကျလောကျိုးသည် ၎င်း၏ နေအိမ်အပေါ်တွင်ရှိနေစဉ် ကျလောဖားက နေအိမ်ပေါ်သို့ တက်ရောက်၍ ဓားဖြင့် လိုက်ထိုးသဖြင့် ကျလောကျိုးတွင် ဒဏ်ရာရရှိ၍ ဦးကျကဲ၏ နေအိမ်ဘက်သို့ ထွက်ပြေးခဲ့ရာ ကျလောဖားက နောက်မှလိုက်လံထိုးကြောင်း၊ ထို့နောက် ဦးကျကဲ၏ နေအိမ်တွင် အလည်အပတ်ရောက်ရှိနေသော ကျလောကျိုး၏ မိခင် ဒေါ်နာဖစ်က ဝင်ရောက်တားမြစ်စဉ် ကျလောဖားက ဒေါ်နာဖစ်ကိုလည်း ဓားဖြင့်ထိုးခဲ့ပြီး မိမိကိုယ်မိမိ ဝမ်းဗိုက်ကို ဓားဖြင့် ပြန်ထိုးခဲ့ကြောင်း၊ ဓားထိုးမှုကြောင့် ကျလောကျိုး(၂၅ နှစ်)တွင် ဝဲဘက်နံစောင်း ထိုးသွင်းဒဏ်ရာ တစ်ချက်(စိုးရိမ်ရ) ဒေါ်နာဖစ်(၄၇ နှစ်)တွင် ဝဲဘက်လက်မောင်း ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်နံစောင်းထိုးသွင်းဒဏ်ရာ တစ်ချက်၊ ယာဘက်ပေါင် ပြတ်ရှဒဏ်ရာတစ်ချက်(စိုးရိမ်ရ)၊ မိမိကိုယ်ကို ထိုးသွင်းသူ ကျလောဖား(၃၈ နှစ်)တွင် ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ တစ်ချက်(စိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့အပ်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက ကျလောဖားအားအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ထီးချိုင့်မြို့နယ်တွင် လူသတ်မှုတစ်ခုဖြစ်ပွား

**ကသာ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် လေသာကျေးရွာတွင် ဩဂုတ် ၆ ရက် ည ၁၂ နာရီခွဲခန့်က လူသတ်မှုတစ်ခု ဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ လူသတ်မှုနှင့် ပတ်သက်၍ ထီးချိုင့်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးရဲထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ကျေးရွာနေ လူသတ်မှုတွင် မသက်သာသူ မသန်းနုလွင်၏ ခင်ပွန်း ဝင်းဗိုလ်အား ခေါ်ယူ စစ်မေးရာ ဝင်းဗိုလ်သည် ၎င်းဇနီး၏ တူမဖြစ်သူနှင့် ချစ်ကြိုက်နေသည်ကို အဘွားဖြစ်သူ ဒေါ်ကြည်သန်းက ၎င်း၏ မြေးနှင့်မပတ်သက်ရန်၊ ပတ်သက်လာပါက ရဲစခန်းသို့ တိုင်ကြားခြင်း၊ မိသားစုဝင်များအား ပြောကြားခြင်းများ ပြုလုပ်မည်ဟု ပြောကြားလာသည်ကို မကျေနပ်သဖြင့် ဒေါ်ကြည်သန်း အိပ်နေစဉ် တံစဉ်းဖြင့် ထိုးသတ်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဝင်းဗိုလ် (၄၆ နှစ်) အား ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

# ငွေကျပ် သိန်း ၁၀၀ ဖိုးခန့်ရှိ ဖုန်းမျိုးစုံ ဖောက်ထွင်းခိုးယူခံရ

**ရေး ဩဂုတ် ၇**

မွန်ပြည်နယ် ရေးမြို့ မြသီတာဈေးရှိ ကိုညွန့် ဖုန်းအရောင်းဆိုင်မှ တန်ဖိုးငွေကျပ် သိန်း ၁၀၀ ခန့်ရှိ ဖုန်းမျိုးစုံ ဩဂုတ် ၅ ရက်က ဖောက်ထွင်းခိုးယူခံရသဖြင့် ရေးမြို့မရဲစခန်း၌ ဩဂုတ် ၆ ရက်က လာရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးတွေ့ရှိချက်များအရ ဖောက်ထွင်းခိုးယူသူမှာ ဆိုင်၏ မျက်နှာကြက်ကိုဖောက်ထွင်း၍ ဆိုင်အတွင်းရှိ ဖုန်းများကို ခိုးယူသွားခြင်းဖြစ်ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**

# နမ့်စန်မြို့နယ်တွင် ငွေကျပ် ၄၇၈ ဒသမ ၆၃ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက နမ့်စန်မြို့ နမ့်စန်-လွိုင်လင်ကားလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမပေါ်တွင် စန်လု မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ တစ်လုံးထိုးပြောင်းတို သေနတ်တစ်လက်၊ ခဲသီးလုံး ရှစ်လုံး၊ ခဲသီးတောင့် ငါးတောင့်နှင့် ငွေကျပ် ၅၈ ဒသမ ၇ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စန်လုနေထိုင်သည့် နမ့်စန်မြို့နယ် ကုန်းပုတ်ကျေးရွာ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၆၀၀ ဘိန်းစိမ်း သုည ဒသမ ၄၀၈၂၅ ကီလိုနှင့် တူမီးသေနတ်နှစ်လက်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စန်လု(၂၇)နှစ်ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



စန်လုအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်သုံးပစ္စည်းများ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၈ စီး၊ သွင်းကုန် ၅၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ်၇ ဒသမ ၈၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁ ဒသမ ၆၁ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၀ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၄၉၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၆ ရက်က သစ်ဆိပ်ပင်-စွပ္ပနူးကျေးရွာ ရှောင်ကွင်းလမ်း၌ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လှည့်ကင်းဆောင်ရွက်စဉ် ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ခြောက်ဘီး UD ခေါင်း Without Engine, Without Frame (1) U ၊ ၁၀ ဘီး UD ခေါင်း Without Engine, Without Frame (1) U ၊ Gear Box (Recon;) (1) U၊ Instant Rice Vermicelli (1x30x6) (111) Pkgs ၊ ကားကြီးရှေ့လေး (Recon;) (2) U၊ ကားကြီးလေအိုး (Recon;) နှစ်စုံ၊ ကားကြီးဂျိုင်း (Recon;) သုံးချောင်း၊ ဆီတိုင်ကီ (Recon;) (1) U၊ ကားကြီးရှေ့တန်း (Recon;) (2) U၊ လေအိတ်အထိုင် (Recon;)(2)U ၊ ကားကြီးနောက်ဘော်ဒီအိမ်ဘေးတံခါး (Recon;) သုံးချပ်၊ကားကြီးရှေ့ဘန်ဘာ (Recon;) (2)U၊ အိတ်ဇော (Recon;)(2)U နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၈၃ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော မော်တော်ယာဉ်သုံးပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်




ASEAN 50 2017

# Congratulations



မြန်မာပြည်သူပြည်သားများခင်ဗျား...

ယခုနှစ်တွင် အာဆီယံတည်ထောင်ခဲ့သောနှစ် ၅၀ ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားလိုပါသည်။ အာဆီယံသည် အသင်းအဖွဲ့တစ်ခုအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းတွင် လက်ရှိအနေအထားကို ထူထောင်ရင်း မြန်မာနိုင်ငံအပါအဝင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူပြည်သားများက ကွဲပြားခြားနားမှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားခဲ့သောအချက်သည် အမှန်တကယ် သမိုင်းဝင်အောင်မြင်မှုဖြစ်ပါသည်။ နယ်ပယ်မျိုးစုံမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူပြည်သားများနှင့် ယခုအထိ နက်နက်ရှိုင်းရှိုင်း ချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်ခဲ့သော ကျွန်တော်တို့ ဂျပန်နိုင်ငံသူ နိုင်ငံသားတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း အခက်အခဲများနှင့် ဝမ်းမြောက်မှုများကို အတူတကွ မျှဝေခံစားခဲ့ပါသည်။

အာဆီယံ၏ မိတ်ဆွေတစ်ဦးအဖြစ် ကျွန်တော်သည် အာဆီယံနိုင်ငံများအားလုံးသို့ သွားရောက်လည်ပတ်ခဲ့ဖူးပါသည်။ ၂၀၁၃ ခုနှစ်၊ မေလတွင် ကျွန်တော် မြန်မာနိုင်ငံကို ဝန်ကြီးချုပ်အဖြစ် ပထမဦးဆုံးအကြိမ် အလည်အပတ်ရောက်ရှိချိန်တွင် မြန်မာနိုင်ငံ၏ မြန်ဆန်သော အမျိုးသားရေးပြုပြင်ပြောင်းလဲမှုကို မျက်မြင်ကြုံတွေ့ခဲ့ပါသည်။

ထိုစဉ်ကတည်းက မြန်မာနိုင်ငံသည် သမိုင်းဝင်ခြေလှမ်းတစ်လှမ်းကို စတင်လှမ်းခဲ့ပါသည်။ တစ်နိုင်ငံလုံးရှိ မြန်မာပြည်သူလူထုတစ်ရပ်လုံး မဲရုံများတွင် စနစ်တကျတန်းစီပြီး မဲပေးခဲ့ကြပုံကို မှတ်ဉာဏ်မှာ စွဲထင်နေဆဲဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် သောင်းသောင်းဖြဖြ ထောက်ခံအားပေးမှု ရရှိခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်တည်ဆောက်ရာမှာ ဦးဆောင်ဦးရွက်ပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံ ၏ မိတ်ဆွေဖြစ်သော ဂျပန်နိုင်ငံက မြန်မာပြည်သူလူထု၏ ဆန္ဒနှင့် ကြိုးစားအားထုတ်မှုများကို ထောက်ခံအားပေးလျက်ရှိပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံနယ်ပယ်တွင် သူမ၏ခေါင်းဆောင်မှုကို ကောင်းစွာပြသနိုင်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်မိပါသည်။

ယခုအချိန်တွင် ဂျပန်နိုင်ငံနှင့် အာဆီယံတို့၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် "မဟာဗျူဟာမြောက်မိတ်ဖက်" ဖြစ်လာကြပါပြီ။ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေးစသော အခြေခံကျသည့် တန်ဖိုးများကို ခိုင်မာစွာ ထိန်းသိမ်းရင်း ကျွန်တော်တို့ ဆက်လက်ပူးပေါင်းနိုင်ကြမည်ဆိုလျှင် နောင်လာမည့်နှစ် ၅၀ တွင် ဂျပန် - အာဆီယံ ဆက်ဆံရေးသည် ပိုမိုထွန်းတောက်လာလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

အတူတကွလက်တွဲပြီး အနာဂတ်အာရှနှင့် ကမ္ဘာဆီသို့ ဆက်လက်ချီတက်ကြပါစို့။

ရှင်ဇိုအာဘဲ
ဂျပန်နိုင်ငံဝန်ကြီးချုပ်

Japan Prime Minister image is provided from "Cabinet Public Relations Office of the Government of Japan"

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နတ်တလင်းအသင်းကြီးကို စတင်တည်ထောင်သူ (၁၃)ဦးတွင် ပါဝင်သော ဆရာဖြိုး ပညာအလင်းပြ စာပေတိုက်အား မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီးက ၂၀၁၆ခုနှစ် တစ်သက်တာစာပေတိုက်ဆုကို ၂၀၁၇ခုနှစ် ဇွန် ၃၀ရက်တွင် Orchid Hotel ဗိုလ်တထောင်ဘုရားလမ်း၌ ပေးအပ်ချီးမြှင့်ခြင်းအတွက် အသင်းကြီးမှ များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အမှုဆောင်အဖွဲ့**
**နတ်တလင်းအသင်း**

## ဆရာဌေး နှင့် သမီး- ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဩဂုတ်လ(၅/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၄၀၇၈၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖခင်အမည်မှန်

ကျောက်တန်းအထက(၂) (သော်က)၊ တက္ကသိုလ်ဝင်တန်း၊ အခန်း(၅)မှ မောင်နေလင်းအောင် (၁၃၁/၁၂)၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ဖြစ်ပါကြောင်း။
**ဦးအောင်ဇော်မိုး**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light of Myanmar သတင်းစာတိုက်မှ ထွက်ရှိသော ဘေးထွက် ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၉-၈-၂၀၁၇ ရက်မှ ၁၄-၈-၂၀၁၇ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၈-၂၀၁၇ရက် မွန်းတည့် ၁၂နာရီမတိုင်မီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ယင်းနေ့မွန်းလွဲ ၁နာရီ၌ တင်ဒါပေးသွင်းသူများရှေ့တွင် တင်ဒါဖွင့်ပါမည်။
၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုး၊ အမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အနေအထားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၈၆၀၄၅၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**The Global New Light of Myanmar သတင်းစာတိုက်**
**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ညောင်ရွှေမြို့ (အထက)သာလေး တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးဇော် ၁၃/ညရန(နိုင်)၁၁၂၈၄၄ ဖြစ်ပါကြောင်း။
**ဦးဇော်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဥပုသ်တော်ရပ်နေ ဦးတင်ချစ်(ခ)ဦးတင်ချစ်ညို ၁၂/တမန(နိုင်)၀၈၂၂၆၂၏ ဖခင်အမည်မှန်မှာ ဦးဘကျော် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4388 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမျိုးမြင့်နိုင် ၈/ခမန(နိုင်)၁၈၆၃၇၅ ၏ ယာဉ်အမှတ် ၅က/၆၄၄၀ Toyota Townace (Light Truck)၏ ကားအုံနာဘုတ်စာအုပ်နှင့် အာမခံစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၆၇၆၅၇၀**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့၊ ဆင်ဖြူရပ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်သက်ကိုကိုဦး၏ မိခင်အမည်မှန်မှာ ဒေါ်မြမြဝင်း ၁၀/ပမန(နိုင်)၀၉၆၉၄၁ ဖြစ်ပါကြောင်း။ **ဒေါ်မြမြဝင်း**

**သွေးသည် အသက်**

## ဖခင်အမည်မှန်

ကျောက်တန်းအထက(၂) (သော်က)၊ တက္ကသိုလ်ဝင်တန်း၊ အခန်း(၅)မှ မရှူးရှူးမာလွင် (၂၂၆/၁၆)၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလွင် ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းလွင်**

## ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မန်ကျည်းပင်ရွာ၊ အထကမန်ကျည်းပင်၊ တက္ကသိုလ်ဝင်တန်း(B)မှ မဝင်းဝင်းဌေး ၁၃/မမတ(နိုင်)၀၆၃၄၆၂၏ ဖခင်အမည်မှန်မှာ ဦးညွှန့်ဌေး ၁၃/မမတ(နိုင်)၀၁၀၂၂၉ ဖြစ်ပါကြောင်း။
**ဦးညွှန့်ဌေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမ်းမြို့တောင်ဘက်အုပ်စု၊ ပျဉ်းတောကျေးရွာနေ ဦးကျော်၏သမီး အမ်းမြို့၊ လေယာဉ်ကွင်းရပ်ကွက်၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မငွေပုံနှင့် မခင်မာကျော် ၁၁/အမန(နိုင်)၀၇၉၉၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မငွေပုံ(ခ)မခင်မာကျော်**

## အမည်မှန်

ဦးမိုးဝင်း ၈/အလန(နိုင်)၁၀၃၇၃၅၏ သမီး ပြည်မြို့၊ ကြယ်စင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မခင်စံပယ်ဦး၏ အမည်မှန်မှာ မခင်စံပယ် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/8520 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် ၃၊ ပဒေသာ၊ ဦးပိုင်အမှတ် ၃၃၅၊ မြေယာအမှတ် ၃၃၅၊ ဧရိယာ ဝ.ဒသမ၁၁၀ဧကရှိ မြေကွက်ကို ဒေါ်သန်းသန်းမြင့် ၁/မကန(နိုင်)၀၆၀၈၅၇ မှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါအမည်ပေါက်ဂရန်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရှိ (၁-က)စာရင်းတွင် ရေးသွင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဒေါ်သန်းသန်းမြင့်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမြင့် ၁/မကန(နိုင်)၀၆၀၈၅၇**
**အမှတ်(ဈ/၁)၊ ပဒေသာရပ်၊**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁) အနော်မာရပ်ကွက်၊ တပ်ဖွဲ့လမ်း၊ အမှတ် ၃၈၆ဟုခေါ်တွင်သော အဆောက်အအုံ၏ခြောက်လွှာ၊ အခန်းအမှတ် 6A+6B တိုက်ခန်း(၂)ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ အဆောက်အအုံ၏ ခြောက်လွှာ၊ အခန်း အမှတ်6A+6B၊ အလျား ၁၉ပေ×အနံ ၅၅ပေ အကျယ်စီရှိ တိုက်ခန်း(၂)ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကျော်မြင့် ၁၂/သကတ(နိုင်)၁၁၈၄၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**ရုံးခန်း(၁)၊ အမှတ် ၅၆၁၊ MAC Tower အခန်း၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ရုံးခန်း(၂)၊ ယူနိုက်တက်ကွန်ဒို၊ အခန်း ၂၀၇၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံ(၁)ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## အမည်ပြောင်း

ဦးကျော်စွာသောင်း၏သမီး မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း (MCTA)P3G စတုတ္ထတန်းမှ မရွှေစင်ကျော်အား မရွှေဝင့်ဝါကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေဝင့်ဝါကျော်**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ် အထက(၂)အဌမတန်း(E)မှ မလှသူဇာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော် ၉/တကန(နိုင်)၀၃၁၇၃၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/3072 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ (အထက) တက္ကသိုလ်ဝင်တန်း(A)မှ မောင်စန်းဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေဝင်း ၉/စကန(နိုင်)၀၂၀၆၉၇ ဖြစ်ပါသည်။ **ဦးရွှေဝင်း**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အထက (၁) ကျောင်းဝင်အမှတ် (E-05089) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကြည်မင်းချို၏ ဖခင်အမည်မှန်မှာ ဦးသက်ချိုဦး ၉/ကပတ(နိုင်)၀၈၅၉၄၀ဖြစ်ပါကြောင်း။
**ဦးသက်ချိုဦး**

# လော့စ်အိန်ဂျလိစ်မြို့အနီး လောင်းဘိချ်ဆိပ်ကမ်းတွင် ဓာတုပစ္စည်းယိုစိမ့်မှုဖြစ်ပွား



**လော့စ်အိန်ဂျလိစ် သြဂုတ် ၇**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့အနီး လောင်းဘိချ်ဆိပ်ကမ်းတစ်ခုရှိ ကုန်တင်သင်္ဘောတစ်စင်းပေါ်တွင် ယမန်နေ့က ဓာတုပစ္စည်းယိုစိမ့်မှုဖြစ်ပွားခဲ့ရာ သင်္ဘောသား ၁၂ ဦးနှင့် မီးသတ်သမားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် သြဂုတ် ၇ ရက်က ဖော်ပြခဲ့သည်။

ဒဏ်ရာရရှိသွားသူများအနက် သင်္ဘောသား ၁၂ ဦးမှာ ယိုစိမ့်ဓာတုပစ္စည်းများနှင့် ထိတွေ့မှုဖြစ်ကာ တခြားမီးသတ်သမားတစ်ဦးမှာ အဆိုပါနေရာတွင် လဲကျသွားသောကြောင့်ဖြစ်ကြောင်း သိရသည်။

သင်္ဘောသား ၁၁ ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ကျန်တစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိသောကြောင့် ၎င်းကို ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

ဓာတုပစ္စည်းယိုစိမ့်မှုဖြစ်ပွားခဲ့သည့် ကုန်သေတ္တာကိုလည်း သင်္ဘောပေါ်မှ ဖယ်ချခဲ့ကြောင်းသိရသည်။ ထို့အပြင် ဓာတုပစ္စည်းယိုစိမ့်မှုဖြစ်ပွားခဲ့သည့် ဆိပ်ကမ်းတစ်လျှောက် အလျားကိုက် ၁၅၀ ကို ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်အဖြစ် တားမြစ်ထားကြောင်း သိရသည်။

လောင်းဘိချ်ဆိပ်ကမ်းသည် လော့စ်အိန်ဂျလိစ်မြို့လယ်မှ ၂၅ မိုင်ကွာဝေးသော နေရာတွင်တည်ရှိကာ အမေရိကန်ပြည်ထောင်စု၏ ဒုတိယကုန်တင်၊ ကုန်ချအများဆုံး ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်နှင့် ရုရှားတင်းမာမှုများပြေလျှော့ရန် နည်းလမ်းတွေ့နိုင်ကြောင်း တေလာဆန်ပြော



**ဝါရှင်တန် သြဂုတ် ၇**

အမေရိကန်နှင့် ရုရှားတို့သည် နှစ်နိုင်ငံ တင်းမာသော အခြေအနေများကို ပြေလျှော့ရန် နည်းလမ်းတစ်ခု ရှာဖွေတွေ့ရှိနိုင်ကြောင်း၊ အမေရိကန် ရွေးကောက်ပွဲတွင် ရုရှားပါဝင်သည် ဟူသော သံသယလေးတစ်ခုဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးကို ဖြတ်တောက်ရန်မှာ မလွယ်ကူကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က သြဂုတ် ၇ ရက်က ပြောခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခကိစ္စကို ပြန်လည်ဆွေးနွေးရန်ဆန္ဒရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်ကပြောခဲ့သည်။

နှစ်နိုင်ငံလက်တွဲလုပ်နိုင်မည့် အခြေအနေများကို ရှာဖွေသင့်ကြောင်း၊ အမြင်ချင်းမတူညီသည့် ကိစ္စရပ်များတွင် အဆိုပါအခြေအနေကို ဖြေရှင်းရန်အတွက် နည်းလမ်းများကို ဆက်လက်ရှာဖွေသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတေလာဆန်က သတင်းထောက်များကိုပြောခဲ့သည်။

သြဂုတ် ၆ ရက်က မနီလာတွင် ကျင်းပသော အကြိမ် ၅၀ မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သီးသန့်အစည်းအဝေး၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်သည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှုတွင် အမေရိကန်၏ ပိတ်ဆို့မှုအသစ်များအပေါ် ရုရှားလက်တုံ့ပြန်မည့်အကြောင်း ဆွေးနွေးခဲ့သည်ဟု သိရသည်။

စက်တင်ဘာ ၁ ရက်တွင် သံတမန်ရေးရာဝန်ထမ်း ၆၀ ရာခိုင်နှုန်း လျှော့ချမည့် ကရင်မလင်၏ အမိန့်ကို အမေရိကန်နိုင်ငံအနေဖြင့် တုံ့ပြန်ခြင်းသာဖြစ်ကြောင်း တေလာဆန်က လက်ရော့ဗ်ကို ပြောခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ရုရှားအပေါ် ပိတ်ဆို့မှုအသစ်များပြုလုပ်ရန် လက်မှတ်ရေးထိုးပြီးနောက် အမေရိကန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှစ်ဦး၏ တွေ့ဆုံမှုသည် ပထမဆုံးအကြိမ်တွေ့ဆုံမှုဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံ တင်းမာမှုများရှိနေသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ရုရှားနိုင်ငံနှင့် ဆွေးနွေးမှုများပြုလုပ်ရန် အဆင်သင့်ဖြစ်နေသည်ဟု ယုံကြည်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်ကပြောခဲ့သည်။

**(ရိုက်တာ)**

# အကြမ်းဖက်ရန်ကြံစည်မှုဖြင့် ဆော်ဒီအာရေဗျတရားရုံးက အိုင်အက်စ်အဖွဲ့ဝင် တစ်ဦးအား ထောင်ဒဏ်နှစ် ၂၀ ချမှတ်

**ရီယာ့ဒ် သြဂုတ် ၇**

အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ကြံရွယ်မှုဖြင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်တစ်ဦးအား ဆော်ဒီအာရေဗျနိုင်ငံတရားရုံးတစ်ခုက ယမန်နေ့က ထောင်ဒဏ်နှစ် ၂၀ ချမှတ်လိုက်ကြောင်း ပြည်တွင်းအယ်လ်ယမ်အွန်လိုင်းသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

ပြည်ပသံရုံးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆော်ဒီနိုင်ငံမြောက်ပိုင်းနယ်စပ်ရှိ အာရာလေဆိပ်တို့ကို တိုက်ခိုက်ရန် ကြံစည်မှုဖြင့် အဆိုပါတရားခံကို ရီယာ့ဒ်တရားရုံးက စွဲချက်တင်ထားကြောင်း သိရသည်။

အဆိုပါ တရားခံသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ အိုင်အက်စ်စစ်စခန်းများသို့ ဝင်ရောက်ပြီးနောက်ပိုင်းတွင် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ဆော်ဒီနိုင်ငံသို့ ပြန်လာခဲ့သူဖြစ်သည်ဟု ဆိုသည်။

ရီယာ့ဒ်တရားရုံးက ၎င်းကို နှစ် ၂၀ ခရီးသွားလာခွင့် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

အစွန်းရောက်ဝါဒီသမားများနှင့် အကြမ်းဖက်သမားများအား အပြစ်ပေးအရေးယူ ဆောင်ရွက်ရာတွင် ယခုကဲ့သို့ နှစ်ရှည်လများ ထောင်ဒဏ်ချမှတ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်များအတွင်း နိုင်ငံအနှံ့အပြားတွင် သွေးထွက်သံယိုဖြစ်စေသည့် အကြမ်းဖက်ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားပြီးနောက် ဆော်ဒီအစိုးရက ယခုကဲ့သို့ အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# နှစ်နိုင်ငံဆွေးနွေးမှုပြုလုပ်ရန် တောင်ကိုရီးယား၏တောင်းဆိုမှုကို မြောက်ကိုရီးယားဝေဖန်ရှုတ်ချ

**ပြုံယမ်း သြဂုတ် ၇**

နှစ်နိုင်ငံဆွေးနွေးမှု ပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံ၏တောင်းဆိုမှုကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုက တောင်ကိုရီးယားသည် မြောက်ကိုရီးယားနိုင်ငံအပေါ်တွင် ဖိအားပေးရန်အမေရိကန်နှင့် တိတ်တဆိတ် ကြံစည်လုပ်ဆောင်နေကြောင်း ပြောကြားကာ ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အစည်းအဝေးတက်ရောက်မည့်သံတမန်များအား ညစာတည်ခင်းကျွေးမွေးသည့်အခန်းတွင် ရီယွန်ဟိုသည် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကွန်ဝါနှင့် အပြန်အလှန်စကားပြောဆိုမှုပြုလုပ်ခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံလုံးမှဝန်ကြီးနှစ်ဦးတို့သည် တနင်္လာနေ့တွင်ပြုလုပ်သည့် အာဆီယံဒေသတွင်းဖိုရမ်တက်ရောက်ရန် မနီလာမြို့တွင်ရောက်ရှိနေခဲ့ကြပြီး ထိုသို့တွေ့ဆုံမှုသည် တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့၏ ပထမဆုံးသော တွေ့ဆုံမှုဖြစ်သည်။

ကန်သည် ပြီးခဲ့သည့်လအတွင်း တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းက ကိုရီးယားကျွန်းဆွယ်ပေါ်တွင် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းရေးကို ရည်ညွှန်းလျက် ဆွေးနွေးမှုပြုလုပ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရ သတင်းရင်းမြစ်တစ်ခုကပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ၏ စစ်ရေးတင်းမာနေမှုများကို လျော့ပါးစေရန် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတပ်မတော်အာဏာပိုင်များအကြားဆွေးနွေးမှု ပြုလုပ်ရန်လိုအပ်နေသည်ဟု ကန်က ရီအားပြောကြားခဲ့ကြောင်း တောင်ကိုရီးယားအစိုးရသတင်းရင်းမြစ်က ဖော်ပြခဲ့သည်။

အပြန်အလှန်ပြောဆိုမှုအတွင်း ရီက တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးရန်အတွက် အမေရိကန်နှင့်ပူးပေါင်းကြံစည်နေသည်ဟု တုံ့ပြန်ပြောဆိုခဲ့ကြောင်း သိရသည်။




ကုလသမဂ္ဂလုံခြုံရေး ကောင်စီက မြောက်ကိုရီးယားနိုင်ငံအား တိုက်ချင်းပစ်ဒုံးကျည်များစမ်းသပ်ခဲ့သည့်အတွက် ပိတ်ဆို့အရေးယူမှုပြုလုပ်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံအား ထိုသို့ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# သတိကြီးစွာထားသင့်တဲ့ပါကစ္စတန်ရဲ့စီးပွားရေးအလှည့်အပြောင်းကာလ

**ကလျာမိုးမြင့်**

**ပြီးခဲ့တဲ့ဇူလိုင် ၂၈ ရက်က ပါကစ္စတန်ဝန်ကြီးချုပ်နာဝက်ဇ်ရှာရစ်ဖ်ကို အကျင့်ပျက်ခြစားခဲ့မှုတွေအတွက် အပြစ်ရှိကြောင်းတွေ့ရှိခဲ့ပြီးတဲ့နောက်မှာ ပါကစ္စတန်ရဲ့တရားရုံးချုပ်က ရာထူးကနေဖယ်ရှားဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ နာဝက်ဇ်ရှာရစ်ဖ်ဟာငင်းရဲ့ငွေကြေးပိုင်ဆိုင်မှုတွေနဲ့ ပတ်သက်ပြီး ဖုံးဖိထားတယ်ဆိုတဲ့သတင်းတွေ ပေါ်ထွက်လာမှုနဲ့ပတ်သက်ပြီး တစ်လကြာအောင်စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်ခဲ့ပြီးမှ တရားရုံးချုပ်က အခုလိုစီရင်ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။**



နာဝက်ဇ်ရှာရစ်ဖ်

ဒီကိစ္စတွေနဲ့ပတ်သက်ပြီး နာဝက်ဇ်ရှာရစ်ဖ်ဟာ စွပ်စွဲခံရတာဖြစ်နိုင်တယ်လို့လည်း ယူဆရတဲ့အတွက် စုံစမ်းစစ်ဆေးသူတွေဟာ ၎င်းမိသားစုရဲ့ငွေကြေးပိုင်ဆိုင်မှုတွေကိုပါ စစ်ဆေးခဲ့ပါတယ်။ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်အပြီးမှာတော့ ဝန်ကြီးချုပ်ဟာ ၎င်းနဲ့မိသားစုဝင်တွေရဲ့ ငွေကြေးပိုင်ဆိုင်မှုတွေကို လိမ်လည်ဖော်ပြခဲ့တယ်လို့ တရားရုံးက စီရင်ဆုံးဖြတ်ခဲ့ပါတယ်။ ရှာရစ်ဖ်မိသားစုအမှန်တကယ်ပိုင်ဆိုင်သုံးစွဲနေတဲ့ ငွေကြေးပိုင်ဆိုင်မှုနဲ့ ၎င်းတို့ဖော်ပြခဲ့တဲ့ပိုင်ဆိုင်မှုတွေကြားမှာ အကြီးအကျယ်ကွာဟနေတာကို စုံစမ်းစစ်ဆေးသူတွေက ဖော်ထုတ်တွေ့ရှိခဲ့ကြပါတယ်။

ဝန်ကြီးချုပ်နာဝက်ဇ်ရှာရစ်ဖ်အနေနဲ့ အခုလိုရာထူးကနေဖယ်ရှားခံရတာဟာ သုံးကြိမ်မြောက်ဖယ်ရှားခံရမှုလို့ ပြောနိုင်ပါတယ်။ ၎င်းရဲ့ပထမဆုံးအစိုးရအဖွဲ့ဟာ အကျင့်ပျက်ခြစားမှုတွေကြောင့် ထုတ်ပယ်ခံခဲ့ရပြီး ဒုတိယအစိုးရအဖွဲ့ကတော့ တပ်မတော်ကအာဏာသိမ်းရန်ကြိုးပမ်းမှုအပြီးမှာ ဆော်ဒီအာရေဗျသို့ပြည်နှင်ဒဏ်ခံလိုက်ရပြီး အဆုံးသတ်သွားခဲ့ပါတယ်။

အာရှစီးပွားရေးကျွမ်းကျင်ပညာရှင် ဂါးရက်လယ်သာက နာဝက်ဇ်ရှာရစ်ဖ်ရဲ့နုတ်ထွက်မှုကြောင့် ရွေးကောက်ပွဲစောစောကျင်းပမယ့်ဖြစ်နိုင်ခြေပိုများလာတယ်လို့ မှတ်ချက်ချခဲ့ပါတယ်။ အီမရန်ခန်းရဲ့ပီတီအိုင်ပါတီဟာ အကျင့်ပျက်ခြစားမှုဆန့်ကျင်တိုက်ဖျက်ရေးစကြီးပေါ်မှာ ယခင်ကြိုးစားဆောင်ရွက်ခဲ့တာတွေ အများအပြားရှိနေတဲ့အတွက် လာမယ့်ရွေးကောက်ပွဲမှာ ကောင်းစွာလုပ်ဆောင်နိုင်လိမ့်မယ်လို့လည်း ဖွင့်ဟပြောကြားခဲ့ပါတယ်။

ပါကစ္စတန်ရဲ့ပြည်လုံးကျွတ်ရွေးကောက်ပွဲကို လာမယ့်နှစ်မှာကျင်းပတော့မှာဖြစ်တဲ့အတွက် ဒီနိုင်ငံရဲ့ ဥပဒေပြုသူတွေဟာ လစ်လပ်သွားတဲ့ဝန်ကြီးချုပ်ရဲ့နေရာမှာ အစားထိုးခန့်အပ်ဖို့အတွက် ဝန်ကြီးချုပ်အသစ်တစ်ယောက်ရွေးချယ်ဖို့ လိုအပ်နေပါပြီ။ ပါကစ္စတန် အစ္စလာမ်လိဂ် နာဝက်ဇ်ပါတီ (PML-N)ပါတီဟာ အဖွဲ့ဝင် ၃၄၂ဦးရှိတဲ့ ပါလီမန်လွှတ်တော်အတွင်းမှာ နေရာအများစုဖြစ်တဲ့ ၁၈၈ နေရာကိုဆုပ်ကိုင်ထားနိုင်တဲ့အတွက် အသစ်ဝင်ရောက်လာမယ့် ဝန်ကြီးချုပ်ဟာလည်း အဲဒီပါတီကနေပဲ ဝင်ရောက်လာမယ့် အနေအထားမျိုးရှိနေပါတယ်။

ဇူလိုင် ၂၉ ရက်မှာ PML-N ပါတီက ကာကွယ်ရေးဦးစီးချုပ် ပန်ဂျပ်မူဟာမက်ရှာဘက်ဇ် ရှာရစ်ဖ်ကို ဝန်ကြီးချုပ်နေရာအတွက် အဆိုပြုထားကြောင်း ကြေညာခဲ့ပါတယ်။ ပြီးတော့ ရှာဘက်ဇ်ရှာရစ်ဖ်ကို အမည်စာရင်းတင်သွင်းထားတာကို အမျိုးသားညီလာခံက အတည်ပြုလက်မခံမီအချိန်အထိတော့ ရေနံဝန်ကြီးဟောင်း ရှာဟစ်ခါကန်အဘာစီကို ကြားကာလခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့ပါတယ်။

နာဝက်ဇ်ရှာရစ်ဖ်ရဲ့ ညီဖြစ်သူ ရှာဘက်ဇ်ရှာရစ်ဖ်ဟာ ပါကစ္စတန်ရဲ့အကြီးဆုံးပြည်နယ်လည်းဖြစ်၊ စီးပွားရေးအချက်အချာလည်းဖြစ်တဲ့ ပန်ဂျပ်ပြည်နယ်အတွင်းမှာ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ကူညီထောက်ပံ့မှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ထားတဲ့အတွက်နာမည်ဂုဏ်သတင်းကျော်စောနေသူ ဖြစ်ပါတယ်။ အစ်ကိုဖြစ်သူနဲ့နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် ရှာဘက်ဇ်ဟာ ပါကစ္စတန်တပ်မတော်နဲ့ပိုပြီး အကျွမ်းတဝင်ရှိတာကို တွေ့ရပါတယ်။PML-Nပါတီရဲ့အုပ်ချုပ်ရေးအရှိန်အဟုန်ကို တည်ငြိမ်မှုရရှိစေပြီး လက်ရှိအာဏာရပါတီကိုပရမ်းပတာမဖြစ်အောင် ထိန်းချုပ်စီမံသွားနိုင်မယ့်သူတစ်ယောက်ဖြစ်နိုင်တယ်လို့ နိုင်ငံရေးလေ့လာသူအချို့က ဝေဖန်သုံးသပ်ခဲ့ကြပါတယ်။

ပါကစ္စတန်ရဲ့ရွေးကောက်ပွဲကိုနှစ်စဉ်စီမံလျာထားချက်အတိုင်း လာမယ့်နှစ်မှာ အမှန်တကယ် ကျင်းပဖြစ်ခဲ့မယ်ဆိုရင် ဝန်ကြီးချုပ်နာဝက်ရှာရစ်ဖ်ရဲ့နုတ်ထွက်မှုဟာ အထွေထွေရွေးကောက်ပွဲအပေါ်မှာသက်ရောက်မှုတစ်ခုရှိလာနိုင်တယ်လို့ ပညာရှင်တချို့က ဝေဖန်နေကြပါတယ်။နိုင်ငံရေးလေ့လာသူတစ်ဦးဖြစ်တဲ့ ဟာစနီရမ်မာလစ်က ပြီးပြတ်မှုမရှိသေးတဲ့ ပါလီမန်လွှတ်တော်နဲ့ မဟာမိတ်အစိုးရအဖွဲ့ဟာ လာမယ့်နှစ်ရွေးကောက်ပွဲရဲ့ အကျိုးဆက်တွေအဖြစ် ကျန်ရှိနေမယ့်အလားအလာမျိုးရှိနိုင်တယ်လို့ ထင်မြင်ယူဆခဲ့ပါတယ်။

နာဝက်ဇ်ရှာရစ်ဖ်နုတ်ထွက်တာနဲ့ ပတ်သက်ပြီး အနုတ်သဘောဆောင်တဲ့ထင်မြင်ယူဆချက်တွေ ရှုထောင့်အမျိုးအမျိုးကနေ ဝင်ရောက်လာပေမယ့် မာလစ်ကတော့အပြုသဘောဆောင်တဲ့ နုတ်ထွက်မှုတစ်ခုအဖြစ်ရှုမြင်သုံးသပ်ခဲ့ပါတယ်။ ရှာရစ်ဖ်မိသားစုဟာ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့လုံခြုံရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွေအပါအဝင် ပါကစ္စတန်ရဲ့စီးပွားရေးအရ အချက်အချာကျတဲ့ ဘယ်စီမံကိန်းမှာမှ မရှိမဖြစ် ပါဝင်နေသူတွေ မဟုတ်ဘူးလို့ ၎င်းကဆိုပါတယ်။

ဝန်ကြီးချုပ်ရဲ့နုတ်ထွက်မှုကိုမာလစ်က ပါကစ္စတန်ရဲ့စီးပွားရေးအရ သတိကြီးကြီးထားရမယ့်အလှည့်အပြောင်းကာလပေါ်ပေါက်လာခြင်းလို့ အမည်ပေးလိုက်ပါတယ်။ တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ(CPEC)နဲ့ ဆက်စပ်လုပ်ငန်းစီမံကိန်းတွေမှာ အကျိုးတူပူးပေါင်းထားတဲ့ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုဟာ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက်ကူညီထောက်ပံ့ပေးသွားနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေဖြစ်တယ်လို့ ဆိုပါတယ်။



ညီမျှတဲ့ငွေပေးချေမှုဟာလည်း အန္တရာယ်ရှိတဲ့အနေအထားအတွင်းမှာ ကျရောက်နေပြီး ပါကစ္စတန်ရဲ့ကုန်သွယ်ရေးသာတူညီမျှရှိမှုဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ စိုးရိမ်ဖွယ်အခြေအနေကိုပြောင်းလဲရောက်ရှိခဲ့တယ်။ ဒါ့အပြင် ပါကစ္စတန်ဗဟိုဘဏ်ဟာ ရူပီးငွေကိုထောက်ပံ့ပေးဖို့အတွက် နိုင်ငံခြားငွေလဲလှယ်မှုအရန်ထားရှိတဲ့အပိုင်းမှာ ပေါ့ဆလာနေတယ်လို့ ၎င်းကဝေဖန်ထောက်ပြခဲ့ပါတယ်။ နာဝက်ဇ်ရှာရစ်ဖ်ရဲ့အကျင့်ပျက်ခြစားမှုနဲ့ နုတ်ထွက်မှုပေါ်ပေါက်ပြီးနောက် ဒီနိုင်ငံမှာရင်းနှီးမြှုပ်နှံနေသူတွေအနေနဲ့ နိုင်ငံအပေါ်အယုံအကြည်ကင်းမဲ့သွားမယ်ဆိုရင် နိုင်ငံသုံးရူပီးငွေကြေးဟာလည်း တန်ဖိုးကျဆင်းသွားနိုင်တဲ့အတွက် မူဝါဒရေးဆွဲသူတွေရဲ့အားထုတ်မှုဟာလည်း အချည်းအနှီးဖြစ်သွားနိုင်ပါတယ်။ ဒီတော့နောက်ဆုံးထွက်ပေါ်လာမယ့်ရလဒ်ဟာ ငွေကြေးဖောင်းပွမှုနဲ့ အတိုးနှုန်းမြင့်တက်မှုပဲဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။

ပါကစ္စတန်မှာအသုံးပြုနေတဲ့ရူပီးငွေဟာ နိုင်ငံရေးအကျပ်အတည်းတွေကိုဆန့်ကျင်ရပ်တည်နေလိမ့်မယ်လို့ယူဆရတဲ့အကြောင်းတွေများစွာရှိတယ်လို့ နိုင်ငံရေးလေ့လာသူအချို့က ဝေဖန်သုံးသပ်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ရူပီးငွေကြေးစနစ်ကို အသုံးပြုလာတဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ နိုင်ငံရေးကသောင်းကနင်းဖြစ်မှုများစွာကို တောက်လျှောက်ဖြတ်ကျော်လာခဲ့ရပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပါကစ္စတန်ရဲ့နှစ် (၇၀) သက်တမ်းအတွင်းမှာ ဘယ်အရပ်သားဝန်ကြီးချုပ်တစ်ဦးတစ်ယောက်ကမှ ၎င်းတို့ရဲ့တာဝန်ထမ်းဆောင်ကာလ ငါးနှစ်ကို ပြည့်အောင်နေနိုင်ခဲ့တဲ့သူ မရှိသေးတဲ့အတွက် ဝန်ကြီးချုပ် နာဝက်ဇ်ရှာရစ်ဖ်ရဲ့နုတ်ထွက်မှုဟာ အဆန်းတကြယ်ကိစ္စတစ်ခုမဟုတ်ဘူးလို့ နိုင်ငံရေးလေ့လာသူများကမှတ်ချက်ပြုခဲ့ပါတယ်။

**(ရိုက်တာ၊ ဂလိုဘယ်တိုင်းမ်)**

**ဝန်ကြီးချုပ်ရဲ့ နုတ်ထွက်မှုကို မာလစ်က ပါကစ္စတန်ရဲ့ စီးပွားရေးအရ သတိကြီးကြီးထားရမယ့် အလှည့်အပြောင်းကာလ ပေါ်ပေါက်လာခြင်းလို့ အမည်ပေးလိုက်ပါတယ်။ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC)နဲ့ ဆက်စပ်လုပ်ငန်း စီမံကိန်းတွေမှာ အကျိုးတူပူးပေါင်းထားတဲ့ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုဟာ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီထောက်ပံ့ပေးသွားနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေဖြစ်တယ်လို့ ဆိုပါတယ်။**

## အာဖဂန်မြောက်ပိုင်းတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွ ၁၂ ဦးသေဆုံး

**ကဘူးလ် ဩဂုတ် ၇**

အာဖဂန်မြောက်ပိုင်းပြည်နယ်နှစ်ခုတို့တွင် သီးခြားစီဖြစ်ပွားခဲ့သည့်တိုက်ပွဲများအတွင်း စစ်သွေးကြွ ၁၂ ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များကတနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ရာဂျစ်စတန်ခရိုင်ရှိ ကွာစကာနှင့်ဂါဒနာရေိယာများတွင် လုံခြုံရေးဂိတ်များကို စစ်သွေးကြွများက ဝင်ရောက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့်အတွက် အာဖဂန်ရဲတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွခြောက်ဦးသေဆုံးခဲ့ပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဒေသအတွင်းအခြေစိုက်ထားသည့် ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ အက်ကဘာရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများသည် စနေနေ့ညသန်းခေါင်အချိန်တွင် ပြီးဆုံးခဲ့ပြီး အစိုးရတပ်ဖွဲ့ဝင်များဘက်မှအကျအဆုံးနှင့် အရပ်သားများထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အက်ကဘာရီကပြောကြားခဲ့သည်။

မြောက်ပိုင်းဖာရက်ဘ်ပြည်နယ်တွင် ယခုရက်ပိုင်းအတွင်း အာဖဂန်လေကြောင်းတိုက်ခိုက်ရေးအင်အားစုများက ဒါလတ်အာဘက်ဒေသအတွင်းရှိ ရာမက်အာဘက်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ စစ်သွေးကြွခြောက်ဦးသေဆုံးခဲ့ကြောင်း တပ်မတော်သတင်းမီဒီယာမှ နတ်စထရာတူလာဂျင်ရှီဒိက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တာလီဘန်စစ်သွေးကြွများသည် ၎င်းတို့အခိုင်အမာထိန်းချုပ်ထားသည့် အာဖဂန်တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့မှ တည်ငြိမ်အေးချမ်းနေသည့် မြောက်ပိုင်းဒေသများဆီသို့ ပျံ့နှံ့လာလျက်ရှိရာ တိုက်ပွဲများမှာလည်း ပိုမိုပြင်းထန်လာခဲ့သည်။

(ဆင်ဟွာ)

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း**
**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်        ။)**
**၁၃၇၉ ခုနှစ်၊     လ     ရက်**
**(၂၀၁၇ ခုနှစ်၊     လ     ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတက** အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့ အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့် တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသား တစ်ခုခုကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

(ဇ) **ကုန်အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဈ) **ဝန်ဆောင်မှုအမှတ်တံဆိပ်** ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသော လုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ည) **စုပေါင်းပိုင်အမှတ်တံဆိပ်** ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသောအဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း၊ အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များ ပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဋ) **အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသော အချက်အလက်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဌ) **ဒေသဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ဆိုသည်။

(ဍ) **ကျော်ကြားသော အမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသော စံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဎ) **ကုန်သွယ်မှုအမည်** ဆိုသည်မှာ ကုန်သွယ်မှု လုပ်ငန်းတစ်ရပ်နှင့်တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသော အမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။

(ဏ) **အမှတ်တံဆိပ်ပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(တ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ အမှတ်တံဆိပ်ပိုင်ရှင်၊ ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ထ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ဒ) **တရားရုံး** ဆိုသည်မှာပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သော တရားရုံးကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများတည်ထောင်ခြင်း မပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။

(ဓ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက် မနိမ့်သောအရာရှိကို ဆိုသည်။

(န) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီး အရာရှိနှင့်အထက်အဆင့်ရှိသော အရာရှိကိုဆိုသည်။

(ပ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၂၈ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဖ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၂၉ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် သုံးစွဲသူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

**အခန်း (၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

**အခန်း(၄)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီက ချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့်လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အတွင်း ဒေသအလိုက်ထွက်ရှိသော အရည်အသွေးမြင့် ထုတ်ကုန်များကို အကာအကွယ်ပေးခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း**

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့် မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဃ) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့် ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ လာမည့်နိုဝင်ဘာတွင် ဘွဲ့လွန်သင်တန်းဖွင့်လှစ်မည်

**နေပြည်တော် ဩဂုတ် ၇**
အိန္ဒိယနိုင်ငံအစိုးရနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့၏ သဘောတူညီချက်အရ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်အတွက် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) ဌာနတွင် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ ပူးတွဲဖွင့်လှစ်မည့် သင်တန်းများအတွက် နိုဝင်ဘာလထဲတွင် ဘွဲ့လွန်သင်တန်းသားများ ခေါ်ယူသွားမည်ဖြစ်ကြောင်း ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်ထံမှ သိရသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဇီဝနည်းပညာဘာသာရပ်၊ ရိတ်သိမ်းချိန်လွန်နည်းပညာဘာသာရပ်၊ အစားအစာသိပ္ပံနှင့်နည်းပညာဘာသာရပ်၊ စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မဟာသိပ္ပံဘွဲ့သင်တန်းအတွက် သင်တန်းကာလမှာ နှစ်နှစ်နှင့် ပါရဂူဘွဲ့သင်တန်းအတွက် သင်တန်းကာလမှာ သုံးနှစ်ဖြစ်ကြောင်း သိရသည်။

"အစားအစာသိပ္ပံနဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာဘာသာရပ်တွေအတွက် ဘွဲ့လွန်သင်တန်းသားတွေ ခေါ်ယူတာဖြစ်ပါတယ်။ အခုဆိုရင် သုတေသနလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ စက်ပစ္စည်းတွေ ရောက်ရှိနေပါပြီ။ အဲဒီ စက်ပစ္စည်းတွေကလည်း အိန္ဒိယအစိုးရက ထောက်ပံ့ပြီး သင်ကြားမည့် ဆရာဆရာမတွေ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကို လာရောက်ပြီး သင်ကြားပေးမှာ ဖြစ်ပါတယ်။ အဲဒီဘာသာရပ်တွေ ဖွင့်လှစ်တဲ့အခါ စိုက်ပျိုးရေးဘွဲ့ရတင် မဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ အစိုးရ ဌာနဝန်ထမ်းတွေအပြင် ပြင်ပပုဂ္ဂလိကကုမ္ပဏီတွေက ဝန်ထမ်းတွေခေါ်ယူသွားမှာ ဖြစ်ပါတယ်။ ဒီသင်တန်းကို တက်ရောက်ခွင့်ရတဲ့ သင်တန်းသားတွေကို အဆိုပါ ဘာသာရပ်လေးခုကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။ သင်တန်းကာလပြီးဆုံးတာနဲ့ သက်ဆိုင်ရာဘွဲ့တွေကို အပ်နှင်းပေးမှာဖြစ်ပါတယ်။ သုတေသနစင်တာအတွက်လည်း ဝန်ထမ်းတွေခန့်အပ်သွားဖို့ရှိပါတယ်။ အဲဒီမှာ အခုသင်တန်းတက်တဲ့ သူတွေကို ဦးစားပေးခန့်အပ်သွားဖို့ရှိပါတယ်"ဟု ဒေါက်တာမျိုးကြွယ်က ဆက်လက်ပြောပြသည်။

ခေါ်ယူမည့် သင်တန်းသားများမှာ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရများ သာမက အစားအစာသိပ္ပံနှင့် နည်းပညာဘာသာရပ်တွင် စိုက်ပျိုးရေးပညာဘွဲ့၊ မွေးမြူရေးဆိုင်ရာဆေးပညာဘွဲ့၊ အစားအစာသိပ္ပံဘာသာရပ်များနှင့် ဆက်နွယ်နေသည့် သိပ္ပံဘွဲ့တစ်ခုခုရရှိထားသူများ၊ အဆိုပါဘာသာရပ်များနှင့် ဆက်နွယ်နေသော အခြားဘွဲ့ရများကိုပါ ဘွဲ့လွန်သင်တန်းတက်ခွင့်ကို ဝင်ရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။

"သုတေသန စင်တာဖြစ်ဖို့ကို ကျွန်တော်တို့ အစိုးရဘက်က အခြေခံအဆောက်အအုံတွေ ဆောက်ပေးရတယ်။ ဝန်ထမ်းတွေခန့်ပေးရမယ်။ အခုတော့ အိန္ဒိယဘက်က ကျွမ်းကျင်တဲ့ ပညာရှင်တွေအပြင် အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်း၊ လိုအပ်တဲ့ စာအုပ်စာတမ်းတွေ၊ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းတွေ ထားပေးပါတယ်။ ထောက်ပံ့တဲ့ ငွေကြေး ပမာဏ ကတော့ အားလုံးပေါင်း အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ဖိုး ထောက်ပံ့ပေးပြီး သုတေသနလုပ်ငန်းတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။




"ACARE က တက္ကသိုလ်နဲ့ မတူတဲ့အချက်က သူက ဘွဲ့ကြိုသင်တာ မဟုတ်ဘူး။ သုတေသနစင်တာဖြစ်တဲ့အတွက် မဟာဘွဲ့ရယ်၊ ပါရဂူဘွဲ့ရယ် ပေးမှာဖြစ်ပါတယ်။ နောက်ထပ် ဒီဘက်က ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေကို သူတို့ဆီမှာ သင်တန်းလွှတ်မယ်။ သူတို့ဘက်က ပညာရှင်တွေကလည်း ဒီဘက်မှာလာပြီး သင်တန်းပေးသွားမှာ ဖြစ်ပါတယ်" ဟု ဌာနမှူးစီမံမှ ဒေါက်တာနေမျိုးအောင်ကပြောသည်။

အဆိုပါသင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**

## မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေး

**ကျိုက်မရော**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ လမ်းညွှန်မှုဖြင့် ကျိုက်မရော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း ဦးဆောင်သော ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူးကိုကိုလတ်နှင့်အဖွဲ့သည် ဩဂုတ် ၅ ရက်က မှုခင်းအသိပညာပေးယာဉ်ဖြင့် ကျိုက်မရောမြို့နယ် တောင်ကလေးကျေးရွာ အထက်တန်းကျောင်းရှေ့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဒေသခံများအား အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် နယ်မြေစခန်းမှ ရဲအုပ်တင်အောင်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက တက်ရောက်လာသူများအား H1N1 ကာကွယ်ရေးအတွက် Mask များ ဝေငှခဲ့ကြောင်း သိရသည်။
**နန္ဒကျော်စွာ**



**ရန်ကုန်**
တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် အရှေ့မျဉ်းပြိုင်ကွင်းလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ဩဂုတ် ၅ ရက်က မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် လာရောက်ပြသခဲ့ရာ မြို့မရဲစခန်း ရဲမှူး လှဘုန်းကျော် ဦးစီးသော တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လူကုန်ကူးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ မူးယစ်အထူးတပ်ဖွဲ့စု(၄၁) မှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ စုစုပေါင်း ၂၀၀၀ ကျော်ခန့် ပူးပေါင်းပါဝင်ကြပြီး အဆိုပါအသိပညာပေးပြခန်းယာဉ်ကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ထို့နောက် ပြခန်းကြည့်ရှုကြသူများ၏ သိလိုသည့်မေးမြန်းချက်များကို ရဲမှူး လှဘုန်းကျော်က ပြန်လည်ရှင်းလင်းပြီး အသိပညာပေးလက်ကမ်းစာစောင် များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**လှလှ**

## ရေငံကျေးရွာ၌ သောက်သုံးရေအဆင်ပြေစေရန် စက်ရေတွင်း၊ ရေစင်နှင့် ဆက်စပ်ပစ္စည်းများ တူးဖော်လှူဒါန်း

**မိတ္ထီလာ ဩဂုတ် ၇**
မိတ္ထီလာမြို့နယ် မြောက်လည်အုပ်စု ရေငံ (အနောက်) ကျေးရွာသည် သောက်သုံးရေအလွန်ရှားပါးသော ဒေသဖြစ်၍ ပေ ၃၅၀ ခန့်ထိ စက်ရေတွင်းများ တူးဖော်ခဲ့သော်လည်း ရေငန်များသာ ရရှိခဲ့သဖြင့် သောက်သုံးရေကို ရွာအေးတွင် စီးဝင်သော ရေငန်ချောင်းဘေးမှ လက်ယက်တွင်းများမှသာ ခပ်ယူသုံးစွဲခဲ့ကြရကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၏ နွေရာသီ သောက်သုံးရေအတွက် ရေချိုရရှိစေရန် မြောက်လည်အုပ်စု ရေငံ(အနောက်) ကျေးရွာနှင့် အလည်ရွာအုပ်စု ရေငံ (အရှေ့) ကျေးရွာနှစ်ရွာကြားရှိ အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်း၌ Grand Royal Group မှ အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ ရှိ စက်ရေတွင်းကို ဧပြီလမှ စတင်၍ တူးဖော် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ရေချိုများ ရရှိခဲ့ပြီဖြစ်၍ ကျေးရွာနှစ်ရွာအား ရေပေးဝေနိုင်ရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ ရေတင်စက်တပ်ဆင်ခြင်း၊ မြင်းကောင်ရေ 22HP ၊ ဂျင်ဒေါင်းအင်ဂျင် 10Kw မီးစက်နှင့် အီတလီနိုင်ငံထုတ် Caparari 4 HP Subermisible Pump များ တပ်ဆင်ခြင်းနှင့်ကျေးရွာနှစ်ရွာသို့ ရေဖြန့်ဝေနိုင်ရန် ရေပေးပိုက် အရှည်ပေ ၅၂၅၀ တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မလှိုင်မြို့နယ်၌ စအိုပေါက်မပါရှိသည့် ကလေးငယ်အား ကူညီထောက်ပံ့

**မလှိုင် ဩဂုတ် ၇**
မလှိုင်မြို့နယ် ရာကြီးကုန်းကျေးရွာအုပ်စု သဘွတ်ရုံ ကျေးရွာနေ အသက်တစ်နှစ်လေးလခန့်ရှိ ယောကျ်ားလေးတစ်ဦးသည် မွေးရာပါ စအိုပေါက်မပါခြင်းကြောင့် ဆေးကုသရန် အခက်အခဲဖြစ်နေသဖြင့် မလှိုင်အထက၌ ဩဂုတ် ၅ ရက်က ရာသီတုပ်ကွေး H1N1 ရောဂါ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ အဆိုပါ ဟောပြောပွဲ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက အလှူငွေကျပ် ၃၃၀၀၀၀ ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

"သားသမီးလေးဦး ရှိပါတယ်။ ဒီကလေးက အငယ်ဆုံးပါ။ ကျွန်မတို့က တောသူတောင်သားတွေဆိုတော့ ဆေးပညာနားမလည်ပါဘူး။ သားလေးကို ဆေးကုသဖို့အတွက် ငွေကြေးကအစ အခက်အခဲဖြစ်နေရပါတယ်။ မကြာခဏ ဆိုသလို မန္တလေး ခုတင် ၅၀၀ ဆေးရုံကြီးမှာ သွားပြနေရတာပါ။ အခုအခေါက် ဆေးရုံသွားပြတော့ ကလေးကို ခွဲစိတ်ကုသရမယ်လို့ ပြောပါတယ်။ ဆေးကုသဖို့ ငွေကြေးအခက်အခဲ ဖြစ်နေတာကို မြို့နယ်က တာဝန်ရှိသူတွေ၊ အလှူရှင်တွေက ကူညီထောက်ပံ့ငွေတွေ ပေးအပ်ခဲ့တာမို့ အလွန်ဝမ်းသာမိပါတယ်" ဟု ကလေးမိဘများက ပြောသည်။




"ကလေးအသက် ဆုံးရှုံးသွားမှာကို စိုးရိမ်မိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဌာနဆိုင်ရာများနဲ့ အလှူရှင်တွေက ကိုယ်တတ်နိုင်တဲ့ အလှူငွေတွေကို ထောက်ပံ့ပေးရတာ ဖြစ်ပါတယ်" ဟု မလှိုင်မြို့နယ်မှ အလှူရှင်တစ်ဦးက ပြောသည်။

အဆိုပါ ကလေးငယ် ဆေးဝါးကုသရန်အတွက် အလှူရှင်များအနေဖြင့် ကူညီလှူဒါန်းနိုင်ကြောင်း သိရသည်။
**ကျော်ကျော်(မလှိုင်)**

## အတ္ထရံမြစ်ရေတိုးမှုကြောင့် ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေး

**မော်လမြိုင် ဩဂုတ် ၇**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္ထရံမြစ်ရေတိုးမှုကြောင့် ဦးလေးကျေးရွာ ဘုန်းကြီးကျောင်း၌ ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စုဝင်များကို ဩဂုတ် ၄ ရက်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပေးအပ်ပွဲသို့ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ (၃) ဥက္ကဋ္ဌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသောင်းကြိုင်၊ အဖွဲ့ဝင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သိန်းမြင့်နှင့် ရပ်မိရပ်ဖများ၊ အတ္ထရံမြစ်ရေတိုးမှုကြောင့် ပြောင်းရွှေ့နေထိုင်ကြသော မိသားစုများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဥက္ကဋ္ဌက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ထောက်ပံ့ ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။
**တင်ထွန်း(မော်လမြိုင်)**

## ရမည်းသင်းမြို့၌ လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်

**ရမည်းသင်း ဩဂုတ် ၇**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ပထမနှစ်စက်ဝန်းတွင် ကျေးလက်နေပြည်သူများ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ်အတွင်း ကျေးရွာများ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၃ အုပ်စု ကျေးရွာပေါင်း ၂၄၆ ရွာ၌ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၇၆ ခုကို စီမံကိန်းရန်ပုံငွေကျပ် သိန်းပေါင်း ၂၆၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျေးလက်ဒေသများ၌ လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ရာတွင် အရည်အသွေး ပြည့်မီစွာ အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စီမံကိန်းဝန်ထမ်းများက ကျေးလက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အမျိုးအစားအလိုက် လုပ်ငန်းအရေအတွက် ခြောက်မျိုးတွင် လမ်းလုပ်ငန်း ၁၅၇ ခု၊ တံတားလုပ်ငန်း ကိုးခု၊ ရေပေးရေးလုပ်ငန်း ၆၀ ခု၊ အဆောက်အအုံလုပ်ငန်း ၁၆ ခုနှင့် မီးလင်းရေးလုပ်ငန်း ၁၄ ခု၊ အခြားလုပ်ငန်း ၂၀ စုစုပေါင်းလုပ်ငန်းပေါင်း ၂၇၆ ခုကို ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းလုပ်ငန်းခွဲများ၏ လုပ်ငန်းပြီးစီးမှုမှာ ၅၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။
**အတ်ကလေး(ရမည်းသင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပုဂံနှင့် မနူဟာ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံသို့ ရောက်ရှိလာကြသူများသည် မြင်းကပါအရပ်ရှိ ဂူဘုရားတစ်ခုအတွင်း၌ ကျဉ်းကြပ်စွာ သီတင်းသုံးနေသည့် ဗုဒ္ဓရုပ်ပွားတော်ကြီး သုံးဆူကို မြင်တွေ့နိုင်ကြသည်။ ယင်းရုပ်ပွားတော်သုံးဆူအနက် အလယ်မှ ရုပ်ပွားတော် သည် ၁၄ မီတာ(၄၆ ပေ)မြင့်၍ ဘေးနှစ်ဖက်မှ ရုပ်ပွားတော်နှစ်ဆူသည် ၁၀ မီတာ(၃၃ ပေ)စီ မြင့်ကြသည်။ ဂူဘုရား၏ ကျောဘက်အဆောင်တွင် မြောက်ဘက်သို့ ဦးခေါင်းတော်လှည့်ထားသည့် အလျား ၂၇ ဒသမ ၄ မီတာ (ပေ ၉၀)ရှိသည့် လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို ဖူးတွေ့နိုင်ကြသည်။

ယင်းဂူဘုရားသည် သထုံဘုရင် မနူဟာ၏ ကောင်းမှုတော် မနူဟာစေတီဟု ထင်ရှားပြီး ရုပ်ပွားတော်များ၏ ကျဉ်းကြပ်သောအနေအထားကြောင့် မနူဟာသည် အကျဉ်းကျနေစဉ် မိမိ၏ စိတ်ခံစားချက်အတိုင်း ဘုရားကိုတည်ခဲ့သည်ဟု ပြောဆိုခဲ့ကြသော်လည်း ယင်းအချက်သည် ခိုင်လုံမှုမရှိသည့် နှုတ်ပြောစကားသာဖြစ်သည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ စာရေးဆရာ ပါရဂူက မနူဟာဘုရားတွင်ရှိသည့် ဆင်းတုတော်ကြီးများကို အများတကာနှင့်မတူညီစေရန် ထူးထူးခြားခြား ကြီးကြီးမားမား ပူဇော်လိုခြင်းကို အခြေခံထားခြင်းဖြစ်တန်ရာသည်ဟု သုံးသပ်ခဲ့ပြီး မနူဟာဘုရားအတွင်း၌ ဆင်းတုတော်ကြီးများသာ ကြီးမားသည်မဟုတ်၊ ဆင်းတုတော်ကြီးများ၏ ရှေ့မျက်နှာစာရှိ သပိတ်မှာလည်း ဆင်းတုတော်ကြီးများနှင့် လိုက်ဖက်အောင်ပင် ကြီးမားလှကြောင်း ရေးသားခဲ့သည်။

**ရာဇဝင်ထဲမှ မနူဟာ**

မှန်နန်းရာဇဝင် အပါအဝင် ရာဇဝင်ကျမ်းများ၏အလိုအရ အနော်ရထာမင်းကြီးသည် သထုံဘုရင် မနူဟာထံ လိမ္မာသောအမတ်တစ်ယောက်ကို လက်ဆောင်ပဏ္ဏာများနှင့်အတူ စေလွှတ်၍ ပိဋကတ်သုံးပုံကို တောင်းခံခဲ့သည်။ မနူဟာက ပိဋကတ်သုံးပုံကိုမပေးဘဲ အနော်ရထာမင်းကြီးစေလွှတ်ခဲ့သည့်အမတ်အား မချေမငံ ဆက်ဆံခဲ့သဖြင့် အနော်ရထာသည် မြန်မာသက္ကရာဇ် ၄၁၈ ခုနှစ်(ခရစ်နှစ် ၁၀၅၆ ခုနှစ်)တွင် သထုံသို့စစ်ချီကာ မွေတော်ဓာတ်တော်များနှင့် ပိဋကတ်အစုံ ၃၀ ကို ပုဂံသို့ ဆောင်ယူခဲ့သည်။ အနော်ရထာမင်းကြီးသည် မနူဟာမင်းနှင့် သားမယားတို့ကိုလည်း နေပြည်တော် ပုဂံသို့ ခေါ်ဆောင်ခဲ့သည်။

မှန်နန်းရာဇဝင်တွင် ‘မနူဟာမင်းကိုလည်း မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့် တကွ နေရ၏။ ထိုမနူဟာမင်း အာနုဘော်သည်ကား စကားပြောသော် ခံတွင်းမှ စက်ပြောင်ပြောင်ထွက်၏’ဟု အစချီကာ အနော်ရထာမင်းသည် မနူဟာဘုရင်၏ အာခံတွင်းမှထွက်သည့် စက်ရောင်ကို ထိတ်လန့်ခဲ့ပုံ၊ မနူဟာမင်း၏ ဘုန်းတန်ခိုး အာနုဘော် ညံ့စေရန် မုယောလင်ပန်းနှင့် စားပွဲပြင်၍ ဘုရားတင်ပြီးမှ မနူဟာကို ကျွေးရာမှ စက်ရောင်ပျောက်ကွယ်ခဲ့ပုံကို ရေးသားထားသည်။

ဆရာပါရဂူက မနူဟာမင်း၏ အာခံတွင်းမှ စက်ရောင်ထွက်သည့်ဇာတ်လမ်းသည် အနော်ရထာမင်းကြီး၏ ဖိနှိပ်ချုပ်ချယ်မှုကို ဇာတ်နာစေရန် ဖန်တီးပေးခြင်းဖြစ်ကြောင်းနှင့် ပုဂံရာဇဝင်ဆရာတို့သည် ဘုန်းရှင်ကံရှင်တစ်ဦးဦးအား အာခံတွင်းမှ စက်ရောင်ပိုင်ရှင်အဖြစ် ကင်ပွန်းတပ်လေ့ရှိကြောင်း ရေးသားခဲ့သည်။ ဆက်လက်၍ ကျန်စစ်သားမင်းကို အာခံတွင်းစက်ရောင်ပိုင်ရှင်အဖြစ် သမုတ်ခဲ့ခြင်းနှင့် နှိုင်းယှဉ်လျက် အနော်ရထာမင်းကြီးသည် စက်ရောင်ကို ထိတ်လန့်ပုံနှစ်ခု တူညီနေကြောင်း သုံးသပ်ခဲ့သည်။ ဘုရားတင်ထားသည့်ဆွမ်းကို စွန့်၍စားခြင်းသည် ဘုန်းကံနိမ့်စေသည်ဆိုသည့် အချက်မှာမူ ထေရဝါဒဗုဒ္ဓဘာသာ အယူဝါဒများအရ လက်ခံနိုင်ဖွယ် မရှိပါချေ။



နန်းဘုရား

မနူဟာမင်းသည် စက်ရောင်ပျောက်ကွယ်ခဲ့သဖြင့် မိမိကြံသော်ငြားလည်း မဖြစ်နိုင်ဟု စိတ်လျှော့ခဲ့ရာမှ သံဝေဂရကာ သံသရာဝယ် ကျင်လည်သရွေ့ တစ်ပါးသူက အနိုင်ယူခြင်းကို မဖြစ်လိုသဖြင့် ကြီးစွာသော ထက်ဝယ်ဖွဲ့ခွေတော် ဘုရားတစ်ဆူ၊ ပရိနိဗ္ဗာန်ပြုတော်မူဟန် ဘုရားတစ်ဆူ တည်တော်မူခဲ့ရာ ထိုဘုရားသည် ယခုတိုင် မနူဟာဟုအမည်တွင်ကြောင်း မှန်နန်းရာဇဝင်တွင် ရေးသားထားသည်။ မှန်နန်းရာဇဝင်ပါ အချို့သောအချက်အလက်များကို ကိုးကား၍မရနိုင်သော်လည်း သမိုင်းကြောင်းများကို ဖတ်ရှုနိုင်ကြပေသည်။

ရာဇဝင်များ၌ သထုံမင်း မနူဟာကို ရွှေစည်းခုံဘုရားမှာ အနော်ရထာမင်းစောက လှူသည်ဟု ရေးသားကြပြီး တွင်းသင်းမဟာရာဇဝင်တွင် မနူဟာကျောက်စာအရ အကယ်၍ သထုံမင်းကို အနော်ရထာမင်းစောက ဘုရားမှာလှူသည်မှန်လျှင် သထုံမင်း မနူဟာ၏ မြစ်ဖြစ်သော နာဂသမာန်းကို နရပတိစည်သူမင်းကြီး၏သမီးတော်နှင့် မပေးစားတန်ရာဟု သုံးသပ်ထားသည်။

မနူဟာမင်းကျောက်စာတွင် သထုံမင်းကြီး၏သားတော် သုဓမ္မရာဇ်သား အသဝတ်ဓမ္မာ၊ အသဝတ်ဓမ္မာသား နာဂသမာန်းနှင့် ခင်အုန်းမိဖုရားတွင်မြင်သည့် သမီးတော် ရွှေအိမ်သည်နှင့် ထိမ်းမြားတော်မူသည်ဆိုသည်ဟု ရေးထိုးထားပေသည်။

**မနူဟာ ဂူဘုရား**

မနူဟာဘုရားသည် မြင်းကပါတွင်ရှိသည့် ဂူဘုရားများအနက် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ မနူဟာဂူဘုရားကို မနူဟာမင်းက တည်ထားခဲ့ပြီး ယခု မန္တလေးနန်းတွင်းကျောက်စာရုံရှိ ကျောက်စာအမှတ်(၉)တွင် မနူဟာသည် ဂူဘုရားနှင့် ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော် သုံးဆူ၊ လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူတို့ကို ခြောက်လနှင့် ခြောက်ရက်အတွင်း တည်ဆောက်ခဲ့ကြောင်း ရေးထိုးခဲ့သည်။

ဘုရားစတင်တည်သည့်ရက်သည် မြန်မာသက္ကရာဇ် ၄၂၉ ခုနှစ် ဝါခေါင်လဆန်း ၂ရက်၊ ကြာသပတေးနေ့ (ခရစ်နှစ် ၁၀၆၇ ခုနှစ် ဩဂုတ် ၁၅ ရက်)ဖြစ်ပြီး ခရစ်နှစ် ၁၀၆၈ ခုနှစ် မတ် ၁၂ ရက်တွင် ပြီးစီးခဲ့သည်။ ဂူဘုရားတည်ခဲ့သည့်နေရာသည် လောကနန္ဒာ သင်္ဘောဆိပ်ဟောင်း၏ အရှေ့မြောက်ဘက်ရှိ သီရိဇေယျာဘုံအရပ် ဖြစ်သည်။

မနူဟာဘုရားသည် ကုလားကျောင်းခံ လိုဏ်ဘုရားတစ်ဆူဖြစ်ပြီး စတုရန်းပုံ လိုဏ်ကို နှစ်ထပ်တည်ဆောက်ထားသည်။ အပေါ်ထပ်လိုဏ်သည် အောက်ထပ်လိုဏ် ထက် ငယ်ပြီး ပစ္စယာများအထက်၌ စေတီငယ် ၃၇ ဆူရှိရာ ဗောဓိပက္ခိယတရား ၃၇ ပါးကို ရည်ညွှန်းခဲ့ဟန်ရှိကြောင်း ယူဆခဲ့ကြသည်။ မနူဟာဂူဘုရား၏ အပြင်တွင် အင်္ဂတေပန်းတော့လက်ရာများနှင့် လက်ရာမြောက်သော ဘီလူးပန်းဆွဲများကို မြင်တွေ့နိုင်ကြသည်။

အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်၏ လက်ဟန်သည် ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ဖြစ်ပြီး ဘေးနှစ်ဖက်၌ ရုပ်ပွားတော်နှစ်ဆူရှိရာ ရုပ်ပွားတော်သုံးဆူလုံးသည် ဂူဘုရားအတွင်း ကြပ်တည်းကျဉ်းမြောင်းစွာ သီတင်းသုံးနေကြသည်။ ၁၉၇၅ ခုနှစ်က လှုပ်ခဲ့သည့် ပုဂံငလျင်တွင် မနူဟာဂူဘုရား၏အမိုး ပြိုကျခဲ့သဖြင့် အကြီးဆုံး ထိုင်တော်မူရုပ်ပွားတော်ကို ထိခိုက်ခဲ့သည်။ ဂူဘုရားထိပ်သို့ တက်ရောက်နိုင်ရန် မနူဟာဂူဘုရား၏ အနောက်ဘက်၊ လျောင်းတော်မူရုပ်ပွားရှိသည့် အာရုံခံတန်ဆောင်းအဝင်တွင် လှေကားတစ်ခု ပြုလုပ်ထားသည်။ ယင်းလှေကားမှတက်၍ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ မျက်နှာတော်ကို ပြတင်းပေါက်မှတစ်ဆင့် ဖူးမြော်နိုင်သည်။

မနူဟာဂူဘုရားသည် အရှေ့ဘက်သို့ မျက်နှာမူပြီး ဂူဘုရားသို့ဝင်သည်နှင့် အလွန်ကြီးမားသည့် သပိတ်ကြီးတစ်လုံးကို မြင်တွေ့ကြရသည်။ သပိတ်ကြီး၏ လက်ယာဘက်တွင် လှေကားတစ်စင်း ထောင်ထားသဖြင့် မနူဟာဂူဘုရားသို့ ရောက်ရှိလာကြသူများသည် လှေကားမှတက်ကာ သပိတ်အတွင်းပိုင်းကို ကြည့်ရှုလေ့ရှိကြသည်။ နှစ်စဉ် မနူဟာဘုရားပွဲတော်တွင် ဆွမ်းဆန် ၁၇ တင်းဆံ့သော ယင်းသပိတ်တော်ကြီးအတွင်းသို့ ဆွမ်းများထည့်၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းကြပြီး ရပ်နီးရပ်ဝေးမှလာကြသော ဧည့်ပရိသတ်များအား ကျွေးမွေးလေ့ရှိသည်။ သပိတ်တော်အတွင်း ဆွမ်းအပြည့်ထည့်၍လှူဒါန်းပါက အစားအစာ ငတ်မွတ်ရှားပါးခြင်းဘေးမှ ကင်းဝေးသည်ဟု ယုံကြည်ခဲ့ကြသည်။

နှစ်စဉ် တော်သလင်းလပြည့်တွင် ကျင်းပလေ့ရှိသည့် မနူဟာဘုရားပွဲကို ရွှေခြံ၊ ရွှေလယ်၊ စိန်ကုန်း ရပ်ကွက်များက တာဝန်ယူကျင်းပသည်။ မနူဟာဘုရားပွဲအတွင်း ကျင်းပလေ့ရှိသည့် အရုပ်ချိုးပွဲသည် ပြည်တွင်းပြည်ပ ခရီးသွားများ အထူးစိတ်ဝင်စားကြသည့် ပြိုင်ပွဲတစ်ရပ်အဖြစ် ထင်ရှားသည်။



မနူဟာဘုရား သပိတ်တော်

နှုတ်ပြောရာဇဝင်များနှင့် စိတ်ဝင်စားဖွယ်ကောင်းနေသည့် မနူဟာဘုရားသည် ကျဉ်းကြပ်နေသည့် ရုပ်ပွားတော်ကြီးများကြောင့် ပိုမိုထင်ရှားခဲ့သည်။ သို့သော် မနူဟာဂူဘုရားနှင့် ရုပ်ပွားတော်များကို ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကြကြောင်း ပုဂံရှေးဟောင်းသုတေသီ ဦးဗိုကေက ရေးသားခဲ့သည်။

**နန်းဘုရား**

နန်းတော်တစ်ခုဆန်ဆန် တည်ထားသည့် နန်းဘုရားသည် မနူဟာဂူဘုရား၏ အနောက်တောင်ဘက်တွင်တည်ရှိပြီး ပုဂံဒေသတွင် ကျောက်များဖြင့်တည်ဆောက်ထားသည့် ရှေးဟောင်းအဆောက်အအုံများအနက် တစ်ခုဖြစ်သည်။ နန်းဘုရား၏ ဗိသုကာလက်ရာသည် အခြားသော စေတီပုထိုးများနှင့်မတူဘဲ တစ်မူထူးခြားနေသည်။ နန်းဘုရားအဆောက်အအုံ အပြင်ပိုင်းကို သဲကျောက်များဖြင့် တည်ဆောက်ထားပြီး အဆောက်အအုံအတွင်းပိုင်းကို အုတ်များဖြင့် ဆောက်လုပ်ထားသည်။ နန်းဘုရားအတွင်း၌ ရာဇပလ္လင်ထားရှိသည့်အဆောင်နှင့် တူညီသည့်အခန်းကို မြင်ကြရသည်။

နန်းဘုရားသည် ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ခံဘုရားဖြစ်ပြီး ပုဂံ စေတီပုထိုးများတွင် ကိုယ်ပိုင်ဟန်ဖြင့်တည်ဆောက်ထားသည့် ထူးခြားသော အဆောက်အအုံ တစ်ခုဖြစ်သည်။ နန်းဘုရား၏ အပြင်နံရံအခြေ ပတ်လည်တွင် ကလသာအိုးခံလျက် အထက်တွင် ဟင်္သာရုပ်များ ထုလုပ်ထားသည်။ နန်းဘုရားအပြင်ဘက် ပတ်လမ်း တစ်လျှောက် ကျောက်ဆစ်လက်ရာများဖြစ်သည့် ဘီလူးပန်းဆွဲများ၊ တိုင်ထောင့်နှင့် တိုင်အောက်ခြေ ပန်းများ၊ လေသာပြတင်းများ၊ ပြတင်းပန်းအိုးများ၊ နတ်ရုပ်များ၊ ဟင်္သာရုပ်ပန်းခွေများကို တွေ့မြင်ကြရသည်။ ဘီလူးပန်းဆွဲများကို ကျောက်တုံးများပေါ်တွင် ထုလုပ်ထားသည်။

နန်းဘုရားအပြင်၌ တပ်ဆင်ထားသည့် ကျောက်ပြတင်းများသည် အလွန် လက်ရာမြောက်ပြီး ပြတင်းပတ်လည်ကို ချူးပန်းချူးနွယ်များ အလှဆင်ထားသည်။ ပြတင်းတစ်ဖက်တစ်ချက်တွင် မကန်းပုံများနှင့် အလယ်ငှက်ပျောဖူးတွင် နတ်သမီး ရုပ်ကို ထုလုပ်ထားသည်။ နန်းဘုရား ကျောက်ဇာပြတင်းများသည် ကျောက်ဂူဥမင် တွင်ရှိသည့် ကျောက်ပြတင်းပေါက်များကဲ့သို့ပင် ကျောက်သားချပ်ပေါ်တွင် အဝိုင်း ပေါက်များကို တိကျသပ်ရပ်စွာ ထွင်းဖောက်ထားကာ လေနှင့် အလင်းရောင် ဝင်ပေါက်အဖြစ် အသုံးပြုထားသည်။

နန်းဘုရားအတွင်း၌ ပုဂံခေတ်၏အကောင်းဆုံးဟု ဆိုနိုင်သည့် ကျောက်ဆစ် လက်ရာများကို မြင်တွေ့နိုင်ကြသည်။ နန်းဘုရား၏ ဂူမကြီးအတွင်း၌ စိုက်ထူထားသည့် ကွန်းတိုင်စင်လေးတိုင်ဖြစ်သည့် ကျောက်တိုင်ကြီးများ၏ မျက်နှာလေးဖက် တွင် ဗြဟ္မာရုပ်ကြီးများနှင့် ဘီလူးပန်းဆွဲများ၊ ဘီလူးပန်းကိုက် ပန်းပုံစံများ၊ သုံးမြှောင့် ကနုတ်ပန်းများကို ကျောက်ချပ်များစီ၍ ပြုလုပ်ထားသည်။ တိုင်တစ်တိုင်စီမှ ဗြဟ္မာရုပ်ကြီးများသည် ကြာဖတ်ပေါ်တွင်ထိုင်လျက် လက်နှစ်ဖက်က ကြာဖတ်၊ ကြာပွင့်များ ကိုင်ထားပုံ ထွင်းထုထားသည်။

နန်းဘုရားကို ပုဂံဘုရင် နရပတိစည်သူလက်ထက်(ခရစ်နှစ် ၁၁၇၄-၁၂၁၁)တွင် မနူဟာမင်း၏ မြစ်ဖြစ်သူ နာဂသမာန်းနှင့် နရပတိစည်သူမင်း၏ သမီးတော် ရွှေအိမ်သည်တို့ မောင်နှံက တည်ခဲ့သည်ဟုဆိုသည်။ လေးထောင့်ပန္နက်တွင် လိုဏ်ခံကာ အရှေ့ဘက်အာရုံခံသို့ ပေါင်းကူးထားသည့်ဟန်သည် ပုဂံခေတ် ၁၁ ရာစုလက်ရာဖြစ်သည်ဟု ယူဆကြသည်။ အချို့က နန်းဘုရားကို မနူဟာနန်းကျစဉ် နေထိုင်ခဲ့သည့် အဆောက်အအုံဟု ဆိုကြသည်။ ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် နန်းဘုရားကို အနော်ရထာမင်းလက်ထက်နောက် မကွာဝေးသည့်အချိန်တွင် တည်ဆောက်ခဲ့ကြောင်း မှန်းဆထားသည်။

နန်းဘုရားသည် ရာသီဥတုဒဏ်အပါအဝင် ထိခိုက်မှုများစွာကို ရင်ဆိုင်ခဲ့ရသော်လည်း နှစ် ၉၀၀ ဝန်းကျင် သက်တမ်းရှိသည့် ပုဂံခေတ် ကျောက်ဆစ်လက်ရာများကို အစဉ်အဆက် ထိန်းသိမ်းထားနိုင်သဖြင့် ယနေ့တိုင် ကောင်းစွာ မြင်တွေ့နေကြရပေသည်။

ယဉ်ကျေးမှုအမွေအနှစ်များ တစ်စုတစ်စည်းတည်ရှိနေသည့် ပုဂံတွင် မည်သည့် လူမျိုးမဆို၊ မည်သည့်အချိန်ရောက်သည်ဖြစ်စေ ကြည့်၍မဝ၊ ပြ၍မကုန်နိုင်အောင် အနုလက်ရာများ အမြောက်အများ တည်ရှိနေသည်။ မနူဟာဘုရားနှင့် နန်းဘုရား အပါအဝင် သမိုင်းဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ် စေတီ၊ ပုထိုးများအားလုံးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာနိုင်ငံသားတိုင်းက သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်သည်။

လက်ရှိအချိန်တွင် ပုဂံအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသ ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိနေရာ ပုဂံသည် မြန်မာနိုင်ငံနှင့်သာမက ကမ္ဘာနှင့်ပါသက်ဆိုင်သည့် နေရာတစ်ခု ဖြစ်လာမည်ဖြစ်သည်။ မိမိတို့၏ အမွေအနှစ်များကို ကမ္ဘာ့နိုင်ငံများက တန်ဖိုးထားနိုင်ကြစေရန် ပုဂံအပါအဝင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကောင်းစွာ ထိန်းသိမ်းကြရမည်ဖြစ်ပေသည်။ ။

**ကိုးကား**
**(၁)ပုဂံသုတေသန လမ်းညွှန်(ဦးဗိုကေ)**
**(၂)ပုဂံခရီးသည်(ပါရဂူ)**
**(၃)မှန်နန်းမဟာရာဇဝင်တော်ကြီး**
(၄)The Pagodas And Monuments of Bagan

# ရောဝတီတိုင်းဒေသကြီး မြို့ ၁၁ မြို့မှ ပြည်ပ ၁၀၂ နိုင်ငံသို့ တိုက်ရိုက်အမြန်ချောပို့နိုင်

**ဖျာပုံ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်း၏ မြို့နယ်စာတိုက်ပေါင်း ၁၁ တိုက်မှ ပြည်ပနိုင်ငံပေါင်း ၁၀၂ နိုင်ငံသို့ အမြန်ချောထုပ်များ တိုက်ရိုက်ပေးပို့သည့်ဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပြည်ပသို့ တိုက်ရိုက်အမြန်ချောပို့နိုင်သည့် မြို့နယ်စာတိုက်များမှာ ပုသိမ်၊ ဟင်္သာတ၊ ဖျာပုံ၊ မအူပင်၊ ဘိုကလေး၊ ပန်းတနော်၊ မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ကျုံပျော်မြို့နယ်များဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းရုံးမှ သိရသည်။

ဂျပန်နိုင်ငံရှိ သမီးဆီသို့ ဖျာပုံစာတိုက်မှ လစဉ် အမြန်ချောပို့နေသူ မိခင်တစ်ဦးက "အရင်ကဆို ပြည်ပမှာပညာသင်နေတဲ့ သမီးဆီ ပစ္စည်းပို့ချင်ရင် ရန်ကုန်ကို ညအိပ် သွားရပါတယ်။ တစ်နေကုန် အချိန်ပေးစောင့်ပြီး သွားပို့ရတယ်။ အခု မြို့မှာရှိတဲ့ စာတိုက်ကို ဖုန်းဆက်အကြောင်းကြားလိုက်ရုံနဲ့ စာတိုက်ဝန်ထမ်းတွေက အိမ်အရောက် လာယူပေးတယ်။ အချိန်ကုန် ငွေကုန်သက်သာပြီး အတော်ကို အဆင်ပြေနေပါတယ်" ဟု ပြောသည်။

ဖျာပုံမြို့နယ်စာတိုက်မှ တာဝန်ခံ ဒေါ်မိုးသီတာက "ကျွန်မတို့ မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်ပချောပို့ခြင်းလုပ်ငန်းကို အချိန်တိုအတွင်း အထူးသက်သာသော နှုန်းထားများဖြင့် လုံခြုံသော လမ်းကြောင်းမှတစ်ဆင့် အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနေပါတယ်။ ပြည်သူတွေက မိမိတို့ပို့မယ့်ပစ္စည်းရဲ့ အလေးချိန်အတိုင်း သတ်မှတ်ဝန်ဆောင်စရိတ် ကျသင့်ငွေကို ပေးဆောင်ပြီး ပေးပို့နိုင်ပါတယ်" ဟု ပြောသည်။

မြန်မာ့စာတိုက်လုပ်ငန်းမှတစ်ဆင့် ပြည်တွင်းပြည်ပ အမြန်ချောထုပ်များ ပေးပို့ရာတွင် တည်ဆဲဥပဒေများနှင့်ဆန့်ကျင်သည့် ပစ္စည်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ပစ္စည်းများ၊ အမြင်မတော် အကျင့်စာရိတ္တကို ပျက်စီးစေနိုင်သော ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် မီးလောင်လွယ်သောရေဒီယို သတ္တိကြွပစ္စည်းများ၊ သက်ရှိသတ္တဝါများ၊ ငွေအကြွေ ငွေစက္ကူနှင့် အခြား တန်ဖိုးကြီး ပစ္စည်းများ၊ ရွှေငွေကျောက်မျက်ရတနာများ၊ နိုင်ငံတော်ကထုတ်ဝေသည့် ထီလက်မှတ်မှအပ အခြားထီလက်မှတ်များ၊ ချွန်ထက်သည့် ပစ္စည်းများ၊ မြန်မာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အကောက်ခွန်ဌာနမှ ခွင့်ပြုချက်မရှိသည့် လူသုံးကုန်များ၊ ပစ္စည်းပို့မည့်နိုင်ငံက တင်သွင်းခွင့်မပြုသည့် ပစ္စည်းများ စသည်တို့ကို လက်ခံပေးပို့ခြင်း မပြုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပအမြန်ချော လက်ခံဆောင်ရွက်ပေးရာတွင် မလေးရှား၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ ပေးပို့ကြပြီး အများဆုံး ပေးပို့ရသည့်နိုင်ငံမှာ ကိုရီးယားနိုင်ငံဖြစ်ကာ အချိန် လေးရက်ခန့်သာ ကြာမြင့်ကြောင်း ဖျာပုံစာတိုက်မှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၏ ပထမအကြိမ် ဆရာဖြစ်သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၇**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JICA)၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဘိန်းစိုက်ပျိုးနေသော တောင်သူများ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရန် ပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်အတွက် စီမံကိန်း တွဲဖက်ဝန်ထမ်းများအား စိုက်ပျိုးရေးသုတေသနပညာရှင်များက စပါး၊ ပဲ၊ ပြောင်း၊ ဟင်းသီးဟင်းရွက်နှင့် ကြံ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ မျှဝေပေးသည့် ဆရာဖြစ်သင်တန်း (Alternative Development Trainers Training)ကို ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက ပထမအကြိမ် ဖွင့်လှစ်ခဲ့သည်။

နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်ခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများဖြစ်သည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့် သင်တန်းသားများဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကာ သင်တန်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံ သုတေသနဌာနစုမှ တာဝန်ခံ ဒေါ်မြင့်ရီက ယာစပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ၊ ပြောင်းသီးနှံ သုတေသနဌာနစုမှ တာဝန်ခံ ဒေါက်တာအောင်မိုးမျိုးတင့်က ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုပညာရပ်များ၊ ပဲမျိုးစုံသီးနှံ သုတေသနဌာနစုမှ ဒေါ်ခင်ပပအေးက ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ၊ စက်မှုကုန်ကြမ်းသီးနှံ သုတေသနဌာနစုမှ ဦးနိုင်ဝင်းလွင်က ကြံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် သုတေသနဌာနစုမှ ဒေါ်လုဘူက ဟင်းစားပဲပုပ် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများကို ပို့ချပေးခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# မိတ္ထီလာနည်းပညာတက္ကသိုလ်၌ ၂၀၁၇ ပရောဂျက်ရှိုးပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်တီထွင်ဖန်တီး လုပ်ကိုင်လိုစိတ်များ တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၇ ပရောဂျက်ရှိုးပွဲကို ဩဂုတ် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်ဆန်းက "ကျွန်တော်တို့ မိတ္ထီလာ နည်းပညာတက္ကသိုလ်ရဲ့ ဒီနေ့ကျင်းပတဲ့ ၂၀၁၇ ပရောဂျက်ရှိုးပွဲကို ကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်က နည်းပညာတက္ကသိုလ်ဖြစ်တာနဲ့အညီ ကျောင်းသားများကိုယ်တိုင် တီထွင်ဖန်တီး လုပ်ကိုင်လိုစိတ် ရှင်သန်စေဖို့ ဖြစ်ပါတယ်။ အတန်းကြီးတဲ့ ကျောင်းသားကျောင်းသူ အစ်ကိုကြီးအစ်မကြီးတွေက ရှေ့က ဒီလို ပရောဂျက်ရှိုးပွဲကျင်းပပြီး သူတို့ကိုယ်တိုင် ဖန်တီးပြုလုပ်ထားတဲ့ နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာတွေ၊ တည်ဆောက်ရေး ပုံစံတွေကို အများရှေ့မှာ ယုံကြည်ချက်ရှိရှိ ထုတ်ဖော်ပြသနိုင်တာကို လက်တွေ့ကြည့်ရှုလေ့လာကြပြီး အတန်းငယ်တဲ့ ကျောင်းသား ကျောင်းသူ ညီငယ်ညီမငယ်တွေလည်း ဆက်လက်ပြီး အခုလို တီထွင်ဖန်တီးလုပ်ကိုင်လိုစိတ်တွေ ရှင်သန်ပြီး အတုယူလေ့လာ တီထွင်လုပ်ကိုင်လာကြဖို့ အဓိကရည်ရွယ်တာ ဖြစ်ပါတယ်" ဟု ပြောသည်။



မိတ္ထီလာနည်းပညာတက္ကသိုလ် ၂၀၁၇ ပရောဂျက်ရှိုးပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင့်ဆန်း၊ ပရောဂျက်ရှိုးပွဲ ဖြစ်မြောက်ရေး အဓိက ပံ့ပိုးကူညီသည့် Nanova ကုမ္ပဏီမှ မန်နေဂျာ ဦးသက်မင်းစိုး၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ် ဦးအောင်မြင့်နှင့် မိတ္ထီလာစက်မှုဇုန် ဥက္ကဋ္ဌ ဦးဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မိတ္ထီလာနည်းပညာတက္ကသိုလ် ၂၀၁၇ ပရောဂျက်ရှိုးပွဲတွင် ဘာသာရပ်အလိုက် နည်းပညာပြခန်း ခြောက်ခန်း ဖွင့်လှစ်ပြသခဲ့ပြီး ပြခန်းများတွင် အဆောက်အအုံ တည်ဆောက်ရေးပုံစံငယ်များ၊ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်မှုပုံစံငယ်၊ နည်းပညာသုံး ပန်းထွင်းစက်ငယ်၊ ဆိုလာစနစ်သုံး မြက်ရိတ်စက်၊ ဆိုင်ကယ်အင်ဂျင်ဖြင့် ပြုပြင်တည်ဆောက်ထားသည့် သယ်ဆောင်ရေးယာဉ်ငယ်၊ ဆိုလာစနစ်ဖြင့်မောင်းနှင်သည့် မော်တော်ယာဉ်ငယ်နှင့် အီလက်ထရွန်နစ် နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ စသည်တို့ကို ခင်းကျင်းပြသခဲ့သည်။

ပရောဂျက်ရှိုးပွဲသို့ ယင်းတက္ကသိုလ်ရှိ ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများအပြင် မိတ္ထီလာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများ၊ နည်းပညာကို စိတ်ဝင်စားသူများ လာရောက်လေ့လာ ကြည့်ရှုအားပေးခဲ့ကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ယာဉ်ကျော်တက်သည့် မီးအချက်ပြစနစ်မှန်ကန်စေရေး ပညာပေးဆွေးနွေး



**ဖျာပုံ ဩဂုတ် ၇**

လာမည့် စက်တင်ဘာ ၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးတွင် ကျင့်သုံးမည့် ယာဉ်ကျော်တက်နိုင်ကြောင်း အချက်ပြပါက လက်ယာဘက်မီးပြရန်စနစ်ကို ယာဉ်မောင်းအားလုံး လိုက်နာရတော့မည်ဖြစ်ရာ ဖျာပုံမြို့နယ်အတွင်း အသိပညာပေး လှုံ့ဆော်မှုများကို ဩဂုတ် ၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှတ်(၈၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဖျာပုံမှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ် ဇာနည်ထွန်းက ယာဉ်များကျော်တက်ရာတွင် ရှေ့ယာဉ်က နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း အချက်ပြရာတွင် ယာဉ်၏လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ အထူးသဖြင့် အဝေးပြေးကားယာဉ်မောင်းများသည် အဝေးပြေးလမ်းမကြီးပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြကြောင်း၊ ထိုသို့ လွဲမှားနေသည့်အတွက် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိ၍ ယာဉ်ကျော်တက်ရန် အချက်ပြမှု အမှန်ကို ချောမောစွာ ပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း ပြောကြားသည်။

ဖျာပုံမြို့နယ်အတွင်း ပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသော မော်တော်ယာဉ်ဥပဒေနှင့်အညီ စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်းနှင့် အမြန်လမ်းအားလုံး၌ ယာဉ်မောင်းများအားလုံးသည် မီးအချက်ပြမှုစနစ်မှန်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရန် အမျိုးသား ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ သတင်းထုတ်ပြန်မှုများကို ယာဉ်မောင်းသူများအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# လင်းနို့ဂူသစ်တောပညာပေးစခန်း ဖွင့်မည့်နေရာ မြေလမ်းတစ်လျှောက်တွင် သစ်ပင်မျိုးစုံကိုလေ့လာနိုင်ရန် သစ်တောအုပ်စုလိုက် စိုက်ပျိုးလျက်ရှိ

**ကန့်ဘလူ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး လင်းနို့ဂူ သစ်တောပညာပေးစခန်း ဖွင့်လှစ်မည့်နေရာသို့ ရွှေဘို-မြစ်ကြီးနား ကားလမ်းမှ ဆက်သွယ်မည့် အရှည် ၅ မိုင် ၂ ဖာလုံရှိ မြေသားလမ်းကို ဖောက်လုပ်ထားပြီးဖြစ်ရာ အဆိုပါ လမ်းတစ်လျှောက်တွင် သစ်တောအုပ်စုလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပညာပေးစခန်းသို့ လာရောက်သူများအနေဖြင့် သစ်ပင်မျိုးစုံကိုလည်း လေ့လာနိုင်စေရေး ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူးပြီး ရွှေဘို-မြစ်ကြီးနားလမ်းမှ အဆိုပါ လင်းနို့ဂူသစ်တောပညာပေးစခန်းသို့လမ်းတစ်လျှောက်တွင် သစ်တောအုပ်စုလိုက် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ မြေသားလမ်းတစ်လျှောက်တွင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနက သစ်ပင်မျိုးစုံ အုပ်စုလိုက်စိုက်ပျိုးခြင်း လုပ်ငန်းအတွက် လိုအပ်သည့် ရန်ပုံငွေ ကျပ် ၁၀၅ သိန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အဆိုပါကျေးလက်လမ်း ဖောက်လုပ်ပေးခဲ့ကြသည့် ကုမ္ပဏီများက တိုင်းဒေသကြီးအစိုးရသို့ လှူဒါန်းခဲ့ကြောင်း၊ လင်းနို့ဂူဆက်သွယ်ရေး ကျေးလက်လမ်းကို ဖောက်လုပ်ပေးခဲ့ကြသည့် AFC ကုမ္ပဏီလီမိတက်နှင့် Sky Dragon ကုမ္ပဏီလီမိတက်တို့က လှူဒါန်းခြင်းဖြစ်ပြီး အလှူငွေများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရကိုယ်စား တိုင်းဒေသကြီး သစ်တောဦးစီးဌာနသို့ ကုမ္ပဏီ တာဝန်ရှိသူများက ဩဂုတ်လဆန်းပိုင်းက လာရောက်လှူဒါန်းထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တပ်နယ်ဆေးကုသရေးအဖွဲ့က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေး

**ဗန်းမော် ဩဂုတ် ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗန်းမော်တပ်နယ်ဆေးကုသရေးအဖွဲ့ဝင်များက ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဩဂုတ် ၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပညာပေးဟောပြောရာတွင် တပ်နယ်ဆေးကုသရေးအဖွဲ့မှ ဗိုလ်ကြီးအောင်စည်မွန်မျိုးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ဗိုလ်ကြီးဖြိုးလွင်ဦးက ရာသီတုပ်ကွေး(H1N1) ရောဂါအကြောင်းကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား အသေးစိတ် ရှင်းလင်းဟောပြော အသိပညာပေးခဲ့သည်။

ထို့နောက် ဗိုလ်ကြီးဇော်လွှမ်းမိုးနိုင် (ရောဂါဗေဒပါရဂူ) အပါအဝင် အရာရှိခုနစ်ဦးနှင့် အခြားအဆင့် ငါးဦးတို့က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ စတုတ္ထတန်း ၈၁ ဦး၊ ပဉ္စမတန်း ၉၄ ဦး၊ ဆဋ္ဌမတန်း ၉၄ ဦးနှင့် သတ္တမတန်း ၁၂၉ ဦး စုစုပေါင်း ၃၉၈ ဦးတို့အား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တပ်နယ်ဆေးကုသရေးအဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအား ဆေးဝါးကုသပေးနေမှုများကို ဒုစကမှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့်အဖွဲ့က လာရောက်ကြည့်ရှု အားပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၆ လမ်းအတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုကို ဩဂုတ် ၃ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အဘိတ်ဆေးခတ်ခြင်း၊ သိုလှောင်ရေများ သန့်ရှင်းမှုရှိစေရန် ဖုံး/သွန်/လဲ/စစ် ပြုလုပ်ခြင်း၊ ခြင်များမခိုအောင်းစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များကို လက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများ၏ သိလိုသည်များကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှလှ**

## စွမ်းရည်မြင့်မားရေးအတွက် အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**ပြည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) လက်ထောက်ညွှန်ကြားရေးမှူး စက်မှုလုပ်ငန်းရုံးမှ ဝန်ထမ်းများ စွမ်းရည်မြင့်မားရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲကို အဆိုပါရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား ဦးနိုင်ဝင်း (ဦးစီးမှူး-စက်မှု)က ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မွန်ပြည်နယ်အတွင်း ပထမဆုံးအကြိမ်ဘားကမ့်ကို ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ကျင်းပ



**သထုံ ဩဂုတ် ၇**

မွန်ပြည်နယ် သထုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ အသိပညာ နီးနှောဖလှယ်ပွဲ ဘားကမ့်သထုံကို မွန်ပြည်နယ်အတွင်း ပထမဆုံး ဘားကမ့်အဖြစ် ဩဂုတ် ၅ ရက်နှင့် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နယ်ပယ်အသီးသီးမှ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များက ၎င်းတို့၏ အသိပညာများကို ဖလှယ်ပေးခြင်းအားဖြင့် လူငယ်များအနေဖြင့် လျှောက်လှမ်းရမည့် လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်ပြီး ရှေ့ဆက် ဘဝရပ်တည်ချက်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဘားကမ့်သထုံဖြစ်မြောက်ရေးအဖွဲ့မှ ဦးဆောင်သူ သထုံကွန်ပျူတာတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားကိုစည်သူအောင်က ပြောသည်။

"အခုလုပ်တဲ့ပွဲက ဟင်းပွဲတွေအများကြီးကို တစ်ခါတည်း စားရသလိုပါပဲ။ ဒီပွဲမှာ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးနဲ့ နည်းပညာစတဲ့ ကဏ္ဍအစုံ ပါဝင်ပါတယ်။ ကျောင်းသားကျောင်းသူတွေအနေနဲ့ ကိုယ်ကြိုက်တဲ့အခန်းကို ဝင်ရောက်နားထောင်ပြီး ဆွေးနွေးနိုင်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘားကမ့်သထုံတွင် ပါဝင်ရန် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းများကို ဖိတ်ကြားခဲ့ပြီး ဆွေးနွေးသည့်အခန်း ၁၀ ခန်းရှိကာ တက်ရောက်လာသူများက ကျွမ်းကျင်ရာ အသိပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ဘားကမ့်သထုံ ဖွင့်ပွဲတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးတို့က အမှာစကားပြောကြား ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ အဓိကပံ့ပိုးမှုဖြင့်ကျင်းပသော ဘားကမ့်ပွဲများကို ယခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ ပြည်၊ မကွေး၊ လားရှိုး၊ ဟသ်ာတ၊ မုံရွာနှင့် ပခုက္ကူမြို့များတွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ရန်ကင်းမြို့နယ်တွင် မှုခင်းပညာပေးပြခန်းယာဉ် ပြသ

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းမှတ်တိုင်အနီး၌ ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးအစီအစဉ်များကို ဩဂုတ် ၃ ရက်က ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၅၅၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထိုမှုခင်းပညာပေးပြခန်းယာဉ်တွင် နယ်မြေရဲတပ်ဖွဲ့ဝင်များ၏ မှုခင်းကျဆင်းရေးအသိပညာပေးကဏ္ဍ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးကဏ္ဍဟု ကဏ္ဍငါးခုပါဝင်ပြီး ပြခန်းယာဉ်ပေါ်သို့ လာရောက်လေ့လာသူများအား ရဲတပ်ဖွဲ့ဝင်များက လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကဏ္ဍအလိုက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့်ပြသ ရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ စာကြည့်တိုက်များထားပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထိုမှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသခြင်းသည် ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ရန်ကင်းမြို့နယ်၌ ပထမဆုံး ပြသခြင်းဖြစ်ပြီး ဆက်လက်၍ ကျန်မြို့နယ်များသို့လည်း လှည့်လည်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## လခထုတ်ရက်တွင် လမ်းပေါ်လောင်းကစားဝိုင်းများနှင့် လုယက်မှုများ ဖြစ်ပွားနေ

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းမှ စက်ရုံအလုပ်သမားများ၏ လစာထုတ်ရက်ဖြစ်သော လကုန်ပြီး ၅ ရက်နှင့် ၆ ရက်နေ့များတွင် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးရှိ ကားမှတ်တိုင်များ၌ အုပ်စုဖွဲ့လောင်းကစားနေကြသည့် ဖဲသုံးချပ်လောင်းကစားဝိုင်းများ ရှိနေသလို ဆိုင်ကယ်များဖြင့် အဖွဲ့လိုက် လုယက်မှုကျူးလွန်နေသူများလည်း ရှိနေသောကြောင့် စက်ရုံဆင်းအလုပ်သမားများနှင့် ခရီးသွားပြည်သူများအနေဖြင့် စိတ်သောကရောက်လျက်ရှိကြောင်း သိရသည်။

"သူတို့က နေ့တိုင်း ဝိုင်းမလုပ်ဘူး။ လကုန်ပြီး ၅ ရက်၊ ၆ ရက်နဲ့ ရုံးပိတ်ရက် နေ့ကြီးအခါကြီးတွေမှာ ဒီ ရန်ကုန်-ပုသိမ်ကားလမ်းတစ်လျှောက်က မီးခွက်ဈေးအောက်ထိပ်၊ ဆောက်လုပ်ရေးမှတ်တိုင်၊ ဘုရားလမ်းမီးပွိုင့်လမ်းဆုံ၊ နဝဒေးမှတ်တိုင်၊ အဆင့်မြင့်မှတ်တိုင်နဲ့ ဗိုလ်ချုပ်မှတ်တိုင်တွေမှာ နံနက် ၆ နာရီကနေ ၈ နာရီလောက်အထိ ဖဲသုံးချပ်လောင်းကစားဝိုင်းတွေ လုပ်ကြတာ"ဟု နဝဒေးမှတ်တိုင်တွင် ဈေးရောင်းနေသည့် ဈေးသည်တစ်ဦးက ပြောသည်။

ဖဲသုံးချပ်လောင်းကစားဝိုင်း လုပ်သူများအနေဖြင့် လကုန်ပြီး ၅ ရက်၊ ၆ ရက်တို့တွင် အဆိုပါကားမှတ်တိုင်များ၌ လောင်းကစားဝိုင်းလုပ်ကာ ယာဉ်ပေါ်မှ ခရီးသည်များ၊ စက်ရုံသွားအလုပ်သမားများအား လောင်းကစားဝိုင်းတွင် ငွေထိုးရန် ၎င်းတို့၏ ဒလန်များဖြင့် စည်းရုံးပြောဆိုတတ်ကာ ၎င်းတို့ကနိုင်လျှင် ငွေကိုယူသွား၍ ၎င်းတို့ရှုံးလျှင်လည်း နိုင်သွားသောသူများထံမှငွေကို ပြန်လည်လုယက်ပြီး ထွက်ပြေးလေ့ရှိကြောင်း သိရသည်။

"အလုခံရတဲ့သူတွေလည်းရှိတယ်။ သိပေမယ့် မပြောရဲဘူး။ သူတို့က အုပ်စုနဲ့လေ။ ဆိုင်ကယ်တွေနဲ့လုကြတာ။ ဖဲသုံးချပ်က စက်မှုဇုန်ဘက်အခြမ်းက မှတ်တိုင်တွေမှာပဲ လုပ်ကြတယ်"ဟု အဆိုပါဈေးသည်က ဆက်ပြောသည်။

စက်ရုံလုပ်သားများ လစာထုတ်ရက်နှင့် ရုံးပိတ်ရက် တိုက်ဆိုင်ခဲ့ပါက လောင်းကစားဝိုင်းလုပ်သူများအနေဖြင့် မြို့နယ်အတွင်းရှိ အောင်မြေသာယာစေတီ၊ ငွေပင်လယ်စေတီနှင့် ဈေးလမ်းဆုံ လူစည်ကားရာ နေရာများတွင်လည်း ဖဲသုံးချပ်လောင်းကစားဝိုင်းများ ပြုလုပ်ကာ အချိန်တိုအတွင်း တိမ်းရှောင်သွားလေ့ရှိကြောင်းလည်း သိရသည်။ **(၁၆၄)**

## H1N1 ကာကွယ်ရေး ပညာပေးဟောပြောပြီး နှာခေါင်းစည်းများ လိုက်လံဝေငှပေး

**မလှိုင် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း၌ ရာသီတုပ်ကွေး (H1N1)ရောဂါကြောင်း ဒုတိယအကြိမ်မြောက် အသိပညာပေး ရှင်းလင်းဟောပြောပွဲကို အထက(၁)ကျောင်း ရေဝတီဆောင်၌ ဩဂုတ် ၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းတို့က ရာသီတုပ်ကွေး (H1N1)၏ လက္ခဏာများ၊ ရောဂါကူးစက်ပုံ၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အလွယ်တကူကူးစက်နိုင်သောရောဂါဖြစ်၍ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုမိုထိရောက်ပုံ၊ ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများ စသည်တို့ကို အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်သူများအနေဖြင့် ဟောပြောမှုများကို လက်ဆင့်ကမ်း အသိပညာပေးရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် အလှူရှင်များက နှာခေါင်းစည်း(Masks)များ လှူဒါန်းကြပြီး လှူဒါန်းသော နှာခေါင်းစည်းများကို ဟောပြောပွဲအပြီးတွင် မလှိုင်မြို့မှ စည်ပင်သာယာဈေးနှင့် ဈေးပတ်ဝန်းကျင်ရှိ ပြည်သူများထံ လိုက်လံဖြန့်ဝေပေးခဲ့ကာ ရာသီတုပ်ကွေး (H1N1)အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# THE GOVERNMENT OF THE REPUBLIC OF THE UNION MYANMAR MINISTRY OF ELECTRICITY AND ENERGY NATIONAL ELECTRIFICATION PROJECT

## Invitation for Bids

**Date: 8th August, 2017**

**SPECIFIC PROCUREMENT NOTICE**

IDA Credit No: 5727-MM

**Contract Title:Insulators and Related Fittings for National Electrification Project Reference No: C1-G5**

1. The Ministry of Electricity and Energy has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds toward payments under the contract for Insulators and Related Fittings for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of Insulators and Related Fittings to be delivered in 2018 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods have been grouped into 4 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:

- The minimun average annual turnover (or annual sales volume) of the last three years shall be as follows:

| Lot no and description | Amount in USD (million) |
|---|---|
| Lot1- Insulator and Related Fitting package for Bago(W), Kachin, Chin, Sagaing. | 3.0 |
| Lot2- Insulator and Related Fitting package for for Rakhine, Magway, Nay Pyi Taw, Bago(E) | 3.0 |
| Lot3- Insulator and Related Fitting package for Ayeyarwaddy, Mandalay | 2.0 |
| Lot4- Insulator and Related Fitting package for Shan(N), Kayah, Shan(S), Shan(E), Kayin, Mon, Yangon | 1.6 |

- The bidder should have past experience of having satisfactorily completed during the last 5 years at least two contracts for supply of similar goods, with the value of each such contract should be greater than the minimum amount shown in the table below.

| Lot no. and description | Amount in USD(million) |
|---|---|
| Lot1- Insulator and Related Fitting package for Bago (W), Kachin, Chin, Sagaing. | 2.6 |
| Lot2- Insulator and Related Fitting package for for Rakhine, Magway, Nay Pyi Taw, Bago (E) | 2.3 |
| Lot3- Insulator and Related Fitting package for Ayeyarwaddy, Mandalay | 1.7 |
| Lot4- Insulator and Related Fitting package for Shan(N), Kayah, Shan(S), Shan(E), Kayin, Mon, Yangon | 1.3 |

Other requirements are stated in Section III of the bidding documents.

4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised in July 2014] ("Procurement Guidelines") and is open to all eligible bidders as defined in the Procurement Guidelines.In addition, please refer to the paragraphs 1.6 and 1.7 seting for the World Bank's policy on conflict of interest.

5. Interested eligible bidders may obtain further information from Project Manager, Project Management Office, Office No(27), Ministry of Electricity and Energy nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours Myanmar time at the address given below.

6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The bidding documents will be issued through email only.

In case of any difficulty in obtaining the bidding documents, interested parties may contact in writing:

Director General, Department of ELectric Power Planning
Ministry of Electricity and Energy, Office No(27)
City: Nay Pyi Taw
Country: The Republic of the Union of Myanmar
Email:nep.pmomoep@gmail.com

7. Bids must be delivered to the address below on or before September 22, 2017, 10:00 hours (10;00 am) Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below on September 22, 2017, 10:00 hours (10:00am) Myanmar time.

8. All bids must be accompanied by a Bid Security as stated in ITB 19.1.

9. The address referred to above is:

**Attention** : Director General Office, Department of Electric Power Planning
Office No (27), Ministry of Electricity and Energy,
Nay Pyi Taw
The Republic of the Union of Myanmar

**Telephone** : + 9567410203
**Facsimile** : + 9567410077
**E-mail** : nep.pmomoep@gmail.com
**Web site** : http://www.moep.gov.mm

---

